# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၂၄၃)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

## ပြည်သူတွေရဲ့စွမ်းအားနဲ့ covid အလွန်ကာလမှာ ယခင်ကထက် ပိုမိုစည်းလုံးခိုင်မာတဲ့ နိုင်ငံဖြစ်လာဖို့ မျှော်လင့်ပါကြောင်း သတင်းစကားပါး

နေပြည်တော် ဇွန် ၁

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူတွေရဲ့ စွမ်းအားနဲ့ covid အလွန်ကာလမှာ ယခင်ကထက် ပိုမို စည်းလုံးခိုင်မာတဲ့နိုင်ငံဖြစ်လာဖို့ မျှော်လင့်ပါကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် သတင်းစကားပါး ရေးသားထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီကနေ့ ဇွန်လ(၁)ရက်နေ့ဖြစ်ပါပြီ၊ အချိန်ရဲ့ သဘောသဘာဝက ထူးဆန်းပါကြောင်း၊ တစ်ဖက်ကကြည့်ရင် သတ္တဝါတွေ လုံးဝပိုင်တဲ့၊ နိုင်တဲ့အရာ မဟုတ်ပါကြောင်း၊ သူ့ဘာသာသူ သွားနေပြီး ဘယ်သူ့ကိုမှလည်း လှည့်မကြည့်၊ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်ပါကြောင်း။

နောက်တစ်ဖက်က ကြည့်ပြန်တော့ အချိန်ဟာ ကိုယ်ဖန်တီးတဲ့အတိုင်း ဖြစ်နေသလိုပဲဖြစ်ပါကြောင်း၊ မြန်နေလား၊ နှေးနေလား၊ ကိုယ့်ပေါ်မှာပဲ တည်ပါကြောင်း၊ တစ်နေ့ဟာ အလွန်ရှည်ကြာနေသလိုဖြစ်ပြီး နှစ်တွေကတော့ တစ်ခဏချင်း ပျောက်သွားသလိုနေတာလည်း ရှိပါကြောင်း၊ ကြာလှပြီထင်တဲ့ကာလ၊ တကယ်ပြန်တွက်ကြည့်လိုက်တော့လဲ ဒီလောက် မကြာသေးပါလားလို့ တွေ့ရတာလည်းရှိပါကြောင်း၊ အချိန်က လှည့်ဖြားတာထက် ကိုယ့်စိတ်က လှည့်ဖြားနေတာ ဖြစ်ပါကြောင်း။

Covid ကမ္ဘာကြီးထဲ မိမိတို့တွေ ရောက်နေကြတာ ဘယ်လောက်ကြာသွားပြီလဲ။ တွက်လိုက်တော့ (၅)လကျော် (၆)လလောက် ရှိပါကြောင်း၊ ဒီလောက်ကြီးလဲ မကြာသေးပါကြောင်း၊ ဒါပေမဲ့ ဒီကာလအတွင်းမှာ မိမိတို့တွေဟာ

*စာမျက်နှာ ၃ ကော်လံ ၅* ✻

❁ **ဒီစိန်ခေါ်မှုကြီးကို ရင်ဆိုင်ကျော်လွှားနိုင်ရင် ယခုအတွက်သာမက၊ နောင်မျိုးဆက်တွေအတွက်ပါ အောင်မြင်မှုကြီးဖြစ်လိမ့်မည်ဖြစ်၊**

❁ **နိုင်ငံတစ်နိုင်ငံရဲ့ သမိုင်းမှာ ဂုဏ်ယူဖွယ်ရာ ဖြစ်ရပ်တွေဟာ ခေတ်အဆက်ဆက်မှာ ခက်ခဲတဲ့ကာလတွေကို ကျော်ဖြတ်ဖို့ အင်အားတွေ ဖြစ်စေ၊ ဒို့တွေဟာ အခက်အခဲကြီးတွေကို ကျော်လွှားနိုင်စွမ်းရှိခဲ့၊ ခုလည်း ကျော်လွှားနိုင်မှာပဲဆိုတဲ့ ယုံကြည်မှုစွမ်းအားဖြစ်။**




## ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ စာစစ်ဆောင်များအား အိုဇုန်းငွေ့အသုံးပြုပြီး ပိုးသတ်ဆေးဖျန်း

ရန်ကုန် ဇွန် ၁

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်တွင် ယနေ့ နံနက်ပိုင်းက အမှတ်(၉)ရပ်ကွက် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ စာစစ်ဆောင်များကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အိုဇုန်းငွေ့အသုံးပြုပြီး ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်သည်။

အဆိုပါ ရန်ကုန်တက္ကသိုလ်အတွင်း ဆေးဖျန်းခြင်းနှင့် စာသင်ခန်းများအတွင်း အိုဇုန်းစက်တပ်ဆင်ကာ ပိုးသတ်ဆေးဖျန်းခြင်းကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ

*စာမျက်နှာ ၄ ကော်လံ ၅* ◆

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာ ၈




# အလုပ်အကိုင်အခွင့်အလမ်းများ တန်ဖိုးထား

ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကမ္ဘာတစ်ခွင် ကူးစက်ပျံ့နှံ့မှု ကာလအားဖြင့် နှစ်ဝက်ခန့်ရှိလာပြီး ကူးစက်ခံရသူပေါင်း ခြောက်သန်းကျော်ရှိလာချိန်တွင် ကမ္ဘာ့စီးပွားရေးမှာလည်း စိတ်ပူပန်ဖွယ်ရာ အခြေအနေဆိုးတစ်ရပ်အတွင်း ကျရောက်နေသည်။ ဗိုင်းရပ်စ်ကူးစက်မှုက အရှိန်တန့်မသွားသေးစေကာမူ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးဆိုင်ရာ အကျိုးဆက်များက ကမ္ဘာတစ်ခွင်ရိုက်ခတ်လာနေပြီဖြစ်သည်။ လက်ရှိဖြစ်ပေါ်နေသည့် ရိုက်ခတ်မှုများမှာ ကနဦးလှိုင်းများသာဖြစ်ပြီး နောက်ထပ် ထပ်ဆင့်ဖြစ်ပေါ်လာမည့်လှိုင်းများက မကြုံစဖူး ပြင်းထန်သည့်လှိုင်းများဖြစ်မည်ဟုလည်း တွက်ဆနေကြသည်။

ကမ္ဘာ့စီးပွားရေးကျဆင်းမှု၏ အကျိုးဆက်များကို မြန်မာနိုင်ငံသည်လည်း အများနည်းတူခံစားရမည်သာ ဖြစ်သည်။ သို့ရာတွင် မိမိတို့က စီးပွားရေးအင်အား ခိုင်မာတောင့်တင်းရေးအတွက် ကြိုးပမ်းတည်ဆောက်နေရဆဲနိုင်ငံ၊ ဓနအင်အား၊ စီးပွားရေးအင်အား ကြီးမားသည့်နိုင်ငံမဟုတ်။ တစ်ကမ္ဘာလုံး ကပ်ဆိုက်သည့်အထဲတွင် အားနည်းသူတို့က ပို၍ အထိနာဖွယ်ရှိရာ မိမိတို့၏ ခံနိုင်ရည်အား၊ ပြည်တွင်းအားကို မြှင့်တင်ပြီး အကျပ်အတည်းမှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းကြရမည်ဟု ယုံကြည်မိသည်။

မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေတွင် ပြည်တွင်းမှ လုပ်သားအင်အားအခြေပြု စက်ရုံ အလုပ်ရုံအချို့ ပိတ်သိမ်းသွားခြင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ရပ်နားထားရခြင်း၊ အသေးစားအငယ်စားလုပ်ငန်းများစွာ လုပ်ငန်းလုပ်ကိုင်မှု မရှိတော့ခြင်း၊ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်ပျောက်ဆုံးနေခြင်း စသည်ဖြင့် ကိုဗစ်-၁၉ ရောဂါကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ကသောင်းကနင်း အကျိုးဆက်များ ဖြစ်ပေါ်လျက်ရှိသည်။ စင်စစ်အားဖြင့် ၎င်းအကျိုးဆက်များကို နိုင်ငံတော်က ကြိုတင်မျှော်မှန်းထားပြီးဖြစ်ရာ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ကို ဧပြီလ ၂၇ ရက်နေ့ကပင် ချမှတ်ထုတ်ပြန်ပြီး လုပ်ငန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းအလိုက် အကောင်အထည်ဖော်လျက်ရှိသည်။

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ကျော်လွှားရာတွင် အရေးကြီးသည့်အချက်မှာ မိမိတို့တွင်ရှိနေသည့် လူ့စွမ်းအားအရင်းအမြစ်ကို ထိထိရောက်ရောက် အသုံးချနိုင်ရေးပင်ဖြစ်သည်။ တစ်နည်းအားဖြင့် အလုပ်လုပ်နိုင်သည့် အရွယ်၊ အလုပ်လုပ်နိုင်စွမ်းရှိသူတိုင်းက မိမိတို့၏ တတ်ကျွမ်းမှုနှင့် စွမ်းရည်အလိုက် ဝီရိယစိုက်ထုတ် အလုပ်လုပ်ကြဖို့ပင်ဖြစ်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က " **Covid** ၏ အကျိုးဆက်များကို အောင်နိုင်စွာကိုင်တွယ်ဆောင်ရွက်ရေး စီမံချက်များထဲတွင် အလုပ်အကိုင်ဖန်တီးရေးကို အထူးအလေးပေးမှာ ဖြစ်ပါကြောင်း၊ အရာရာတိုင်းမှာလိုပဲ ရည်ရွယ်ချက်တွေအောင်မြင်ဖို့ ပြည်သူ၏ ပူးပေါင်းအားပေးမှုသည် အဓိကဖြစ်ပါကြောင်း၊ ပြည်တွင်းအလုပ်အကိုင်တွေအတွက် ရမယ့်ဝင်ငွေက ချက်ချင်းတော့ ပြည်ပမှာ ရနိုင်တာကို မမီတာဖြစ်နိုင်ပါကြောင်း၊ ဒါပေမယ့် ကိုယ့်ရပ် ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံမှာ နေရတဲ့ သုခအကျိုးအမြတ်တွေရဲ့ တန်ဖိုးလည်း ရှိပါသေးကြောင်း" ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် မေ ၂၆ ရက်က ရေးသားဖော်ပြခဲ့ရာ တစ်ကမ္ဘာလုံး ရုန်းကန်ကြိုးပမ်းနေရသည့် အခြေအနေမျိုးတွင် မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်း၌ ပေါ်ထွက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းဟူသမျှကို တန်ဖိုးထားပြီး လုပ်ကိုင်ကြဖို့လိုအပ်သည်။

ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်နိုင်ရေးအတွက် လယ်ယာမြေနှင့် အမိအဖတို့၏ လက်ငုတ်လက်ရင်း စိုက်ပျိုးရေးလုပ်ငန်းတို့ကို စွန့်လွှတ်ထွက်ခွာသွားသူများ အများအပြားရှိရာ မကြာမီထွက်ပေါ်လာမည့် ယခုနှစ် မိုးစပါးရာသီ ကန်ထရိုက်လယ်ယာလုပ်ငန်းများတွင်လည်းကောင်း၊ လုပ်သားအင်အားအသုံးပြုရသည့် အခြေခံအဆောက်အအုံ လုပ်ငန်းများတွင်လည်းကောင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ကြမည်ဟု ယုံကြည်မိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေသစ်သည် မြန်မာတစ်နိုင်ငံတည်းတွင်သာမက တစ်ကမ္ဘာလုံးတွင် ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ယခင်က မိမိတို့တွေ့ကြုံခဲ့ဖူးသည့် ပုံစံမျိုးမဟုတ်တော့သလို ပုံစံသစ်ကို နားလည်အောင် အားထုတ်ရင်း အခက်အခဲမှ လွန်မြောက်ရှင်သန်နိုင်ရေးအတွက် ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ်
Bank Name - Myanmar Economic Bank(H.O),Forex Operation
Account No. - CF 004880(MMK)
- EDN 600010(US$)
Swift Code - MYEBMMMY
Account Name - National Level Central Committee for Prevention Containment and Treatment of Covid 19
Bank Address - Myanmar Economic Bank(H.O), Loan & Supervision Dept.,No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar

(ခ) ကမ္ဘောဇဘဏ်
Bank Name - KBZ Bank Ltd.
Account No. - 034 103 034 0232 8301 (MMK)
- 034 109 034 0232 8301 (US$)
Swift Code - KBZBMMMY
Account Name - Coronavirus Disease 2019 (COVID-19) (National Level Central Committee For Preventing and Containing the Virus)
Bank Address - No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar
Branch Address - No.1, Bank Ward, Oakataya Thiri Township, Naypyitaw

(ဂ) ရေဝတီဘဏ်
Account No. - 000 110 501 002 5635 (MMK)
- 000 110 503 000 0425 (US$)
Swift Code - AYABMMMY
Account Name - CORONAVIRUS DISEASE 2019 (COVID-19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE
Bank Address - No.416/ Mahabandoola Road, Kyauktada Township, Yangon, Myanmar
Branch Address - No.(110-112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw

(ဃ) CB ဘဏ်
Account No. - 0093 1005 0000 1333 (MMK)
- 0093 1012 0000 2957 (US$)
Swift Code - CPOBMMMY
Account Name - CORONAVIRUS DISEASE 2019 (COVID-19) DONATION

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် -

| စဉ် | အမည် | ရာထူး/ဌာန | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဒေါ်ခင်လေးညို | ညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၆၇၃-၄၁၁၁၄၀<br>၀၉-၄၂၈၃၀၃၈၅၃ |
| (ခ) | ဒေါက်တာ အေးမြမြကျော် | ဒုတိယညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၉-၅၀၉၂၂၉၃ |

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန၏ အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူ

နေပြည်တော် ဇွန် ၁

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့ အခြေစိုက် အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန(ASEAN Regional Mine Action Center-ARMAC)၏ အမှုဆောင်ညွှန်ကြားရေးမှူးရာထူးတွင် (၃) နှစ်တာ တာဝန်ထမ်းဆောင်ရန် အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။ လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန၏ website ဖြစ်သည့် http;//aseanmineaction.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## တောင်သူလယ်သမားများသို့ အသိပေးတင်ပြခြင်း

ယနေ့ကာလတွင် တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ ပြည်တွင်းဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန်အတွက် သမဝါယမကဏ္ဍမှ ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်အား အသိပေးတင်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် သမဝါယမအသင်းစုချုပ်များနှင့် ညှိနှိုင်းပြီး ပို့ဆောင်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို အစွမ်းကုန်ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ယင်းကိစ္စရပ်များကို ဆောင်ရွက်ရာတွင် သမဝါယမ၏ မူတစ်ရပ်ဖြစ်သော No Profit,No Loss ဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏ စိုက်ပျိုးထုတ်ကုန်များ ရောင်းချလိုပါက ရှမ်းပြည်နယ်အတွက် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန(ဖုန်း ၀၈၁-၂၁၂၂၁၆၇၂) နှင့် ရှမ်းပြည်နယ်သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ (ဖုန်း ၀၉-၅၂၁၄၃၇၃)သို့လည်းကောင်း၊ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် တိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမဦးစီးဌာနများနှင့် အသင်းစုချုပ်များ၊ သမဝါယမဦးစီးဌာန (ရုံးချုပ်)(ဖုန်း ၀၆၇-၄၁၀၃၄၁)သို့ ဆက်သွယ် အကူအညီရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**သမဝါယမဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ပြည်သူသာလျှင် အဓိက



## ရာဇဝတ်အထူးအယူခံမှု (၅)မှုနှင့် တရားမအထူးအယူခံမှု (၈)မှုကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု (၆)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇွန် ၁**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁) ၌ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု (၅)မှုနှင့် တရားမအထူးအယူခံမှု (၈)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု (၆)မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## ဥပဒေအရာရှိ အဆင့်-၄(အစမ်းခန့်)များအား လမ်းညွှန်အမှာစကားပြောကြားခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁**

ဥပဒေအရာရှိ အဆင့်-၄(အစမ်းခန့်)များအား လမ်းညွှန်အမှာစကား ပြောကြားခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဥပဒေအရာရှိ အဆင့်-၄ (အစမ်းခန့်)များကို စတင်ခန့်အပ်သည်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်၌ သင်တန်း တစ်လခွဲတက်ရောက်ရပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်၌ သင်တန်း တစ်လခွဲတက်ရောက်ရပါကြောင်း၊ ယခု ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုကာလဖြစ်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်၌ သင်တန်းပို့ချခြင်းမပြုဘဲ လုပ်ငန်းဝင်သင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပဒေချုပ်ရုံး ခြောက်ရုံးတွင် ခွဲဝေသင်တန်းပို့ချသွားမည်ဖြစ်ကြောင်း၊ ဥပဒေအရာရှိများအဖြစ် တာဝန်ထမ်းဆောင်ကြသည့်အခါ စိတ်ဓာတ်၊ ခံယူချက်များ မှန်ကန်ကောင်းမွန်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေအရာရှိ ကျင့်ဝတ်တို့ကို လေးစားလိုက်နာ၍ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ ရာဇဝတ်မှုများကို တရားမစွဲမီ ဥပဒေအကြံပေးခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်း၊ တရားစွဲအဖွဲ့အစည်းများက ချုပ်မိန့်တောင်းခံလာသည့်အခါ ဥပဒေနှင့်ညီ မညီ စိစစ်ခြင်း၊ ပြင်ဆင်မှု၊ အယူခံမှု၊ ရုပ်သိမ်းမှု၊ ပိတ်သိမ်းမှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းနှင့် အစိုးရဌာနအဖွဲ့အစည်းများက ဥပဒေအကြံဉာဏ် တောင်းခံလာသည့်အခါ အကြံပေးခြင်း စသည့် တာဝန်များထမ်းဆောင်နိုင်ရန် ကြိုးစားလေ့လာသင်ယူရမည်ဖြစ်ကြောင်း၊ အရည်အချင်းရှိသော ဥပဒေအရာရှိများဖြစ်ရန် စဉ်ဆက်မပြတ် လေ့လာဆည်းပူးရမည်ဖြစ်ကြောင်း၊ မိမိတို့ တတ်ကျွမ်းသော ဥပဒေပညာဖြင့် အများပြည်သူအတွက် တရားမျှတမှုကို ဆောင်ရွက်ပေးနိုင်သော ဥပဒေအရာရှိ ကောင်းများဖြစ်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မှာကြားသည်။

အခမ်းအနားသို့ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဥပဒေအရာရှိ အဆင့်-၄ (အစမ်းခန့်)များ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

** ရှေ့ဖုံးမှ*

မွေးကတည်းက အလေ့အကျင့်ဖြစ်နေတဲ့ အပြုအမူတွေကို ပြောင်းကြရကြောင်း၊ တကယ့်စိန်ခေါ်မှုကြီးဖြစ်ပါကြောင်း။

ဒီစိန်ခေါ်မှုကြီးကို ရင်ဆိုင်ကျော်လွှားနိုင်ရင် ယခုအတွက်သာမက၊ နောင်မျိုးဆက်တွေအတွက်ပါ အောင်မြင်မှုကြီးဖြစ်လိမ့်မည် ဖြစ်ပါကြောင်း၊ စာရေးဆရာမကြီးတစ်ဦးက ပြောဖူးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံရဲ့ သမိုင်းမှာ ဂုဏ်ယူဖွယ်ရာ ဖြစ်ရပ်တွေဟာ ခေတ်အဆက်ဆက်မှာ ခက်ခဲတဲ့ကာလတွေကို ကျော်ဖြတ်ဖို့ အင်အားတွေ ဖြစ်စေပါကြောင်း၊ ဒို့တွေဟာ အခက်အခဲကြီးတွေကို ကျော်လွှားနိုင်စွမ်းရှိခဲ့ကြောင်း၊ ခုလည်း ကျော်လွှားနိုင်မှာပဲဆိုတဲ့ ယုံကြည်မှုစွမ်းအားဖြစ်ပါကြောင်း။

ပြည်သူတွေရဲ့စွမ်းအားနဲ့ covid အလွန်ကာလမှာ၊ ယခင်ကထက် ပိုမိုစည်းလုံးခိုင်မာတဲ့နိုင်ငံဖြစ်လာဖို့ မျှော်လင့်ပါကြောင်း ရေးသားဖော်ပြထားသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (၁) ဦးသက်ဆွေ<br>အထွေထွေမန်နေဂျာ<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (၂) ဦးအောင်ကျော်စိုး<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>(ဒုတိယညွှန်ကြားရေးမှူးချုပ်)<br>ပြည်ထောင်စုဝန်ကြီးရုံး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား<br>ဝန်ကြီးဌာန |
| (၃) ပါမောက္ခဒေါက်တာတင်တင်ကျော်<br>ဒုတိယပါမောက္ခချုပ်(သင်ကြား)<br>သူနာပြုတက္ကသိုလ်(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သူနာပြုတက္ကသိုလ်(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန |

## COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID–19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါကန့်သတ်ချက်များအားလုံးကို ၃၁-၅-၂၀၂၀ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၁၅-၅-၂၀၂၀ ရက်စွဲပါ ကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီး ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာအပါအဝင် မည်သည့်ပြည်ဝင်ဗီဇာအမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်။

၂။ COVID–19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့် အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့်ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသောကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ(သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်) အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ် (သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့် ဗီဇာဆိုင်ရာကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန်ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက် လိုက်နာကြရမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်**

# e-ID စနစ်လုပ်ငန်းကော်မတီအောက်ရှိ ဆပ်ကော်မတီ(၆)ခု၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁**

e-ID စနစ်လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် e-ID စနစ် လုပ်ငန်းကော်မတီအောက်တွင် ဖွဲ့စည်းထားသည့် ဆပ်ကော်မတီ ခြောက်ခုမှ ဝန်ကြီးဌာနအတွင်း တာဝန်ပေးအပ်ထားသည့် ဆပ်ကော်မတီဝင်များ၏ လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးအေးလွင်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆပ်ကော်မတီ ခြောက်ခုမှ ဝန်ကြီးဌာနရှိ ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

**အချက်အလက်လုံခြုံရေးတို့ကို အလေးထား**

ရှေးဦးစွာ e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက e-ID စနစ်လုပ်ငန်းသည် e-Government လုပ်ငန်း၏အခြေခံနှင့် အဓိကအကျဆုံးသော လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရ စတင်တာဝန်ယူခဲ့သည့် ၂၀၁၆ ခုနှစ်မှ စတင်၍ အစိုးရ၏ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်း၊ ကုမ္ပဏီများ၏ ရှင်းလင်းဆွေးနွေးတင်ပြမှုများ၊ e-ID စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပမှုများ ဆောင်ရွက်၍ လုပ်ငန်းဆိုင်ရာ အသိပညာဗဟုသုတ အတွေ့အကြုံများ မျှဝေရယူခဲ့ပါကြောင်း၊ နိုင်ငံအတွင်းရှိသူအားလုံးကို လူဦးရေမှတ်ပုံတင်သည့်ကိစ္စဖြစ်သဖြင့် အဘက်ဘက်က သုံးသပ်ဆွေးနွေးကာ နည်းပညာဆိုင်ရာ လေ့လာမှုများလည်း ဆောင်ရွက်သကဲ့သို့ လူတစ်ဦးချင်း၏ Biometric၊ Biographic အချက်အလက်များ ကောက်ယူမှတ်တမ်းတင်ရမည်ဖြစ်သဖြင့် နည်းပညာလုံခြုံမှုအပြင် ဥပဒေအရ အကာအကွယ်ပေးနိုင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လူပုဂ္ဂိုလ်လုံခြုံရေး၊ အမျိုးသားလုံခြုံရေး၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်လုံခြုံရေးတို့ကို အလေးထား၍ ခိုင်မာပြီး အကာအကွယ်ပေးနိုင်ရန်လည်း လိုကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ပထမဦးဆုံး ပြည်ပချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် e-ID စနစ်လုပ်ငန်းအတွက် ဩစတြီးယားနိုင်ငံအစိုးရမှ ချေးငွေရယူမည့် အစီအစဉ်ကို ပြီးခဲ့သည့် မေ ၂၉ ရက်က ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးဖြစ်သည့်အတွက် အသေးစိတ်စာချုပ်ချုပ်ဆိုနိုင်ရေး အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလဖြစ်သော်လည်း ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်သည့်လုပ်ငန်းများကို လုပ်ဆောင်နိုင်သမျှ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခုလုပ်ငန်းစဉ်သည် မိမိတို့အနေဖြင့် အတွေ့အကြုံအသစ်ဖြစ်သဖြင့် အတွေ့အကြုံရှိပြီးဖြစ်သည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြံဉာဏ်များရယူ ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်လည်း e-ID စနစ်လုပ်ငန်းကော်မတီအပြင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာအဆင့်ထိ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ e-ID စနစ် လုပ်ငန်းကော်မတီအောက်တွင် ဖွဲ့စည်းထားသည့် ဆပ်ကော်မတီ ခြောက်ခုမှ ဝန်ကြီးဌာနအတွင်း တာဝန်ပေးအပ်ထားသည့် ဆပ်ကော်မတီဝင်များ၏ လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**အချိန်မီပြီးစီးအောင် ဆောင်ရွက်**

ယခု e-ID စနစ် လုပ်ငန်းကော်မတီ၏ ကွပ်ကဲမှုအောက်ရှိ ဆပ်ကော်မတီ ခြောက်ခု၏ လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ်ရှင်းလင်းတင်ပြကြရန်ဖြစ်ပါကြောင်း၊ ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို မည်သည့်အချက်အလက်များပါဝင်ကြောင်း၊ မည်သူတွေက မည်ကဲ့သို့ ဆောင်ရွက်မည်ဖြစ်ကြောင်း စနစ်တကျသတ်မှတ်၍ မည်သည့်အချိန်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်မည်ဆိုသည်ကို ရေးဆွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းရှင်းလင်းလင်း သိရှိနားလည်ပြီး လုပ်ငန်းအဆင့်အလိုက် အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်မှုတိုင်းကိုလည်း အထက်အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန်နှင့် ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များကိုလည်း ညှိနှိုင်းရယူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

လုပ်ငန်းဆောင်ရွက်မှုတိုင်းကိုလည်း နေ့စဉ် မှတ်တမ်းတင်ထားရှိ၍ အချိန်ကိုက်ဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း၊ e-ID စနစ်လုပ်ငန်းသည် လူဦးရေမှတ်ပုံတင်ခြင်းလုပ်ငန်းဖြစ်သော်လည်း နိုင်ငံအတွက် အခြားသော ဆက်စပ်ဌာနများ၏ လုပ်ငန်းစဉ်များစွာနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သဖြင့် နိုင်ငံအတွက် အရေးပါသည့်လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နေသော်လည်း မမျှော်မှန်းနိုင်သည့် စိန်ခေါ်မှုများ၊ အခြားသောဖြစ်စဉ်များ ပေါ်ပေါက်လာပါက ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုတင်မျှော်တွေး စဉ်းစားဆောင်ရွက်ထားကြရန် ဖြစ်ပါကြောင်း၊ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်း ဆောင်ရွက်နိုင်သည့်လုပ်ငန်းမဟုတ်ဘဲ အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်၍ အားလုံးညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရန် လိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် e-ID စနစ် လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန် ဦးအေးလွင်က e-ID စနစ်လုပ်ငန်းဆိုင်ရာ စာရင်းကောက်ယူမည့် နည်းလမ်းများကို ရှင်းလင်းတင်ပြပြီး e-ID စနစ်လုပ်ငန်းကော်မတီ၏ ကွပ်ကဲမှုအောက်တွင် ဖွဲ့စည်းထားသည့် ဆပ်ကော်မတီ ခြောက်ခုမှ ကော်မတီဥက္ကဋ္ဌများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**လိုအပ်ချက်များကို ညှိနှိုင်းအဖြေရှာ**

ယင်းနောက် ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်က လုပ်ငန်းဆောင်ရွက်ထားရှိမှုများအပေါ် သုံးသပ်ဆွေးနွေးတင်ပြပြီး တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး e-ID စနစ်လုပ်ငန်းသည် ကြီးမားကျယ်ပြန့်ပြီး နိုင်ငံအတွက်အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်နှင့်အညီ ဆပ်ကော်မတီဝင်များအချင်းချင်း ညှိနှိုင်းဆွေးနွေးမှုများ မကြာခဏ ဆောင်ရွက်၍ လိုအပ်ချက်များကို ညှိနှိုင်းအဖြေရှာကာ ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် e-Government စနစ်၏ အခြေခံအကျဆုံး လုပ်ငန်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံအတွင်း နေထိုင်သူများအား နည်းပညာအသုံးပြု၍ မှတ်ပုံတင်သည့် e-ID စနစ်လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် e-ID စနစ် လုပ်ငန်းကော်မတီအောက်တွင် ကြီးကြပ်ကွပ်ကဲမှုဆပ်ကော်မတီ၊ စီမံချက်ရေးဆွဲရေးဆပ်ကော်မတီ၊ ဥပဒေ၊ နည်းဥပဒေရေးဆွဲရေးဆပ်ကော်မတီ၊ နည်းပညာနှင့်တင်ဒါစည်းမျဉ်း ရေးဆွဲရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် ဆက်ဆံရေးဆပ်ကော်မတီ စသည့် ဆပ်ကော်မတီ ခြောက်ခုဖွဲ့စည်းကာ ကော်မတီ၏ရည်မှန်းချက် တာဝန်များအောင်မြင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကျွဲပွဲ-မြို့စိုး-ဇရပ်ကြီးလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား (မြို့စိုး)ပေါ်မှ ၃ တန်အောက်ယာဉ်ငယ်များ ဖြတ်သန်းသွားလာခွင့်ပြု

**တောင်ငူ ဇွန် ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ကို ဆက်သွယ်ထားသည့် ကျွဲပွဲ-မြို့စိုး-ဇရပ်ကြီး လမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား (မြို့စိုး)ကို အများပြည်သူအသုံးပြုနိုင်ရန်အတွက် မေ ၃၀ ရက် ညနေပိုင်းက သုံးတန်အောက် ယာဉ်ငယ်များ ဖြတ်သန်းသွားလာခွင့် ပြုလိုက်ပြီဖြစ်သည်။ **(အောက်ပုံ)**



အဆိုပါ စစ်တောင်းမြစ်ကူးတံတား(မြို့စိုး) တံတားအရှည်သည် ပေ ၁၂၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေအကျယ်ရှိပြီး အောက်ခြေနှင့် တံတားကိုယ်ထည် သံကူကွန်ကရစ်၊ တံတားအပေါ်ထည် သံကူကွန်ကရစ်ရက်မ Steel Plate Girder နှင့် သံကူကွန်ကရစ်ကြမ်းခင်းအမျိုးအစားဖြစ်သည်။ စစ်တောင်းမြစ်ကူး(မြို့စိုး) တံတားသည် တံတား၏ ရေလမ်းကင်းလွတ်အမြင့် ရှစ်ပေ၊ ရေလမ်းကင်းလွတ် အကျယ် ၁၀၂ ပေ ရှိသည်။

တံတား တည်ဆောက်ခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး(၃) တံတားအထူးအဖွဲ့ (၁၀)မှ ၁-၇-၂၀၁၇ ခုနှစ်တွင် စစ်တောင်းမြစ်ကူးတံတား (မြို့စိုး)ကို စတင်တည်ဆောက်ခဲ့ပြီး ၃၁-၅-၂၀၂၀ ရက်နေ့တွင် သုံးတန်အောက် ယာဉ်ငယ်များ စတင်ဖြတ်သန်းခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

**သူရ(တောင်ငူ)**

◆ *ရှေ့ဖုံးမှ*

ဒေါ်သန်းသန်းဌေးနှင့် ဝန်ထမ်းများ၊ ကြက်ခြေနီအသင်းအဖွဲ့ဝင်များ၊ မီးသတ်စခန်းမှ သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ အိုဇုန်းငွေ့အသုံးပြုပြီး ပိုးသတ်ဆေးဖျန်းခြင်းကို NCV က ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။ **စိမ်းလဲ့(ပြန်/ဆက်)**



ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ စာစစ်ဆောင်များကို COVID-19 ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ ကာလ ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် ပုံစံသစ်ဖြင့် အလေ့အထဖြစ်အောင် ကြိုးစားဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး



**နေပြည်တော် ဇွန် ၁**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများအားလုံး ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်ရန်နည်းလမ်းများကို အပြည့်အဝလိုက်နာနိုင်ရေးနှင့် တာဝန်များကျေပွန်အောင် ဆောင်ရွက်နိုင်ရေးတို့ကို ယနေ့မွန်းလွဲပိုင်းက အဆိုပါဝန်ကြီးရုံး၌ ဝန်ထမ်းများအား Video Conference ဖြင့် ဆွေးနွေးပြောကြားသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ယနေ့မှစ၍ ဝန်ထမ်း အင်အားကို ရာခိုင်နှုန်းအပြည့် ပြန်လည်တာဝန်ထမ်းဆောင်ကြပြီဖြစ်ရာ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ စည်းကမ်းချက်များကို ဝန်ထမ်းတစ်ဦးချင်းက သိရှိပြီး လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိတို့တစ်ဦးချင်းက စည်းကမ်းလိုက်နာပါက မိမိအတွက်သာမက မိသားစု၊ ပတ်ဝန်းကျင်နှင့် နိုင်ငံအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်သန့်ဆေးရည်ဘူးများကို ဝန်ထမ်းတိုင်း ရရှိအသုံးပြုနိုင်စေရန် ညှိနှိုင်းဖြည့်ဆည်းပေးထားကြောင်း၊ ဌာနတစ်ခုချင်းစီအလိုက် လက်ဆေးရန်နေရာများ တိုးချဲ့ထားရှိကြောင်း၊ လက်သန့်ဆေးရည်များ ပြန်လည်ဖြည့်ထည့် အသုံးပြုနိုင်ရန်လည်း စီမံထားရှိကြောင်း။

ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စည်းကမ်းနှင့်အညီ ခပ်ခွာခွာနေကြရန် သတိရှိဖို့လိုပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ စည်းကမ်းချက်များကို မဖြစ်မနေ အပြည့်အဝလိုက်နာရမည် ဖြစ်သောကြောင့် စိတ်ဖိစီးမှုများဖြစ်ပေါ်လာနိုင်သော်လည်း ထိုတားမြစ်ကန့်သတ်ချက်များကို အလေ့အထဖြစ်အောင် ကြိုးစားခြင်းဖြင့် စိတ်ဖိစီးမှုများ လျော့နည်းလာမည်ဖြစ်ကြောင်း၊ အခက်အခဲများကြားမှ ကြိုးစားဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မိမိတို့နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းပျံ့နှံ့ကူးစက်မှုအနေဖြင့် အခြေအနေတစ်ခုအထိ ထိန်းချုပ်နိုင်သည့် အနေအထားတွင် ရှိကြောင်း၊ သို့သော်လည်း လုံးဝအန္တရာယ်ကင်းရှင်းပြီဟု မဆိုနိုင်သေးကြောင်း၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများထံမှ ရောဂါများပါလာဆဲ ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ပြည်သူများက တစ်ဦးချင်းတာဝန်ယူ၍ ကူးစက်မှုကို ဆက်လက်ထိန်းချုပ်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် သတိမလွတ်ကြဘဲ လုပ်ငန်းတာဝန်များ ထမ်းဆောင်ကြမှသာ မိမိတို့ကစ၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ဤကိစ္စကို တစ်ဦးချင်းအထူးအလေးထားမှသာ နိုင်ငံတော်က အဘက်ဘက်မှ ချင့်ချိန်၍ ဖြေလျှော့ပေးခြင်းများ အောင်မြင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဝန်ထမ်းအင်အားအပြည့်တာဝန်ထမ်းဆောင်ချိန်တွင် ဝန်ထမ်းများထံမှ ကောက်ယူထားသော အကြံပြုချက်များကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးထားပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးစိုးအောင်က ဝန်ထမ်းများသည်လည်း ပြည်သူထဲက ပြည်သူများဖြစ်သည့်အတွက် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ပြည်သူများလိုက်နာရန် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြစေလိုကြောင်း၊ သက်ဆိုင်ရာဌာန ကြီးကြပ်သူများက မိမိတို့ဝန်ထမ်းများအား အသိပညာပေးမှုများကို မကြာခဏ ပြောကြားပေးစေလိုကြောင်း၊ ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင်လည်းကောင်း၊ လုပ်ငန်းခွင်တွင်လည်းကောင်း ပါးစပ်နှင့်နှာခေါင်းစည်းများကို စနစ်တကျ တပ်ဆင်ထားရန်လိုကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော အမိကသတင်းစကား ၁၀ ချက်နှင့် ထုတ်ပြန်ပေးနေသော သိကောင်းစရာများကို ဌာနအသီးသီးရှိ အခန်းတိုင်းတွင် ထပ်ခါထပ်ခါ အသိပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့ရှိ ညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဝန်ထမ်းများက အခက်အခဲများကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ကိုဗစ်-၁၉ ကာလတွင် ဝန်ထမ်းများအနေဖြင့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှား၍ အဆိုးထဲက အကောင်းများကို ရှာဖွေကာ ပုံစံသစ်ဖြင့် အလေ့အထဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် လိုအပ်သော ကြီးကြပ်မှုများ၊ ပံ့ပိုးကူညီမှုများ ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## သြစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံနှင့် ပါပူးဝါနယူးဂီနီနိုင်ငံတို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇွန် ၁**

သြစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံနှင့် ပါပူးဝါနယူးဂီနီနိုင်ငံတို့တွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၈၃ ဦးအား ဆစ်ဒနီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာသည့် (Myanmar Airways International-MAI)ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ **(အောက်ပုံ)**

**တာဝန်ယူဆောင်ရွက်ပေး**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် (၂၁) ရက်တာ အသွားအလာကန့်သတ် နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ကယ်ဆယ်ရေး လေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ မြန်မာနိုင်ငံသား စုစုပေါင်း ၂၈၃၀ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



### Covid-19ကာလအတွင်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ Quarantine ပြုလုပ်ထားသည့်အာမခံအလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မကျန်းမာမှုအကျိုးခံစားခွင့် ၆၀%အား လာရောက်ထုတ်ယူရန် အသိပေးနှိုးဆော်ခြင်း

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် Covid-19 ရောဂါ ကာကွယ်ကုသနိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ လူမှုဖူလုံရေးအဖွဲ့သည် Covid-19 ကာလအတွင်း Quarantine ပြုလုပ်ထားသူ အာမခံအလုပ်သမားများအား အသွားအလာကန့်သတ်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Quarantine)ကာလကို မကျန်းမာမှုဆေးခွင့်အဖြစ် သတ်မှတ်၍လည်းကောင်း၊ အာမခံအလုပ်သမား၊ ကိုယ်ဝန်ဆောင်မိခင်များအား တစ်ကြိမ်လျှင် (၈)ပတ်မှ အများဆုံး (၂၆) ပတ်ထိ မကျန်းမာမှုဆေးခွင့်အဖြစ် သတ်မှတ်ပေးကာ ထည့်ဝင်ကြေးလစာ၏ ၆၀ ရာခိုင်နှုန်းအား ငွေကြေးအကျိုးခံစားခွင့်အဖြစ် ထုတ်ပေးရန်အတွက် ညွှန်ကြားချက်ထုတ်ပြန်၍ စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။

၂၀၂၀ ပြည့်နှစ်၊ မေ (၂၈) ရက်အထိ စာရင်းများအရ Quarantine ပြုလုပ်ထားသူ အာမခံအလုပ်သမား (၉၁၂) ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် (၅၉၈၅) ဦး ရှိသည့်အနက် Quarantine ပြုလုပ်ထားသူ (၂၁၂) ဦးအား ငွေကြေးအကျိုးခံစားခွင့် ၉၉၀၁၆၃၁ ကျပ်နှင့် ကိုယ်ဝန်ဆောင်မိခင် (၅၆) ဦးအား ၆၄၆၃၉၅၀ ကျပ်တို့ကို ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ မကျန်းမာမှုဆေးခွင့်ခံစားနေသော Quarantine ပြုလုပ်ထားသူ အာမခံအလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် မကျန်းမာမှုအကျိုးခံစားခွင့် ၆၀ % ကို ထုတ်ယူနိုင်ရန်အတွက် သက်ဆိုင်ရာမှ ထုတ်ပေးသော Quarantine ရက်ပြည့်ပြီးကြောင်း ထောက်ခံချက်၊ လူမှုဖူလုံရေးဆေးခန်းများမှထုတ်ပေးသော ဆေးသက်သေခံလက်မှတ်နှင့်အတူ သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးများသို့ ဆက်သွယ်၍ ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူမှုဖူလုံရေးအဖွဲ့**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**


ထန်းတပင် မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း


ဘောလခဲ မဲဆန္ဒနယ်မှ ဦးအေးမောင်


ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်


အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဦးလမာနော်အောင်


ဝိုင်းမော် မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး


ဆိပ်ကြီး၊ ခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်

❊ *ကျော်ဖုံးမှ*

ယူဆပါကြောင်း၊ ယင်းအဆိုကို တင်သွင်းသည့်အချိန်တွင် ဦးသိန်းထွန်းနှင့်အဖွဲ့ တင်သွင်းလာသည့် ဥပဒေမူကြမ်းအပေါ် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီက အစီရင်ခံစာတင်ပြီး လွှတ်တော်က ၂၀၁၉ ခုနှစ် မေ ၁၄ ရက်တွင် ဆွေးနွေးနေပြီး ဒေါက်တာမောင်သင်း တင်သွင်းသည့် ဥပဒေမူကြမ်းအပေါ်ကိုလည်း အစီရင်ခံစာတင်ပြနေသည့်ကာလဖြစ်ပါကြောင်း၊ ထို့ကြောင့် အရေးကြီးအဆိုသည် ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲအကြောင်းအရာကို တင်ပြနေခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲငယ်(၂)နှင့် မညီညွတ်သည်မှာ ထင်ရှားနေသောကြောင့် ယခုအဆိုသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသဖြင့် အဆိုအား ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

ဘောလခဲ မဲဆန္ဒနယ်မှ ဦးအေးမောင်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ပါ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်းနှင့် ဥပဒေအရ ပေးအပ်သော တာဝန်ကို ကျေပွန်စွာ မဆောင်ရွက်ခြင်းဆိုသည့် အချက်များနှင့် ငြိစွန်းကြောင်းသိသာထင်ရှားစွာ တွေ့ရှိရသဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၅ အရ ဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းပေးပါရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

## အဆိုကိုအတည်မပြုသင့်ကြောင်း ကန့်ကွက်ဆွေးနွေး

ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်က အဆိုတွင်ပါရှိသည့် ကျိုးကြောင်းဖော်ပြချက်များသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတာဝန်မှ ရုပ်သိမ်းရန် အဆိုနှင့် အဆိုတွင်ပါရှိသည့် ကျိုးကြောင်းဖော်ပြချက်များသည် ရှေ့နောက်ညီညွတ်မှုမရှိသည့်အပြင် ဥပဒေပါပြဋ္ဌာန်းချက်ဖြစ်သည့် အခန်း(၆)ပုဒ်မ(၂၁)ပါ ပြဋ္ဌာန်းချက်နှင့်လည်း ညီညွတ်မှုမရှိသည့်အတွက် အတည်မပြုသင့်ပါကြောင်း ကန့်ကွက်ဆွေးနွေးသည်။

အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဦးလမာနော်အောင် က ယခုကဲ့သို့ပြစ်တင်ရှုတ်ချပြီး ဥက္ကဋ္ဌရာထူးမှဖယ်ရှားမည့်အဆိုအစား ပြည်သူအများစု လိုလားသော ပိုမိုပြည့်စုံကောင်းမွန်သော ဖွဲ့စည်းပုံအခြေခံဥပဒေရရှိရေးအတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲခြင်း သို့မဟုတ် အသစ်ရေးဆွဲရေးကို ပြည်လုံးကျွတ်ဆန္ဒခံယူပြီး ဆောင်ရွက်နိုင်ရေးအဆိုကို လွှတ်တော်သို့ တင်မည်ဆိုပါက ပြည်သူများက ဝမ်းသာကြမည်ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော်နာယကနေရာသည် မိဘအမွေ မဟုတ်သကဲ့သို့ အာဏာရှင်စနစ်ကဲ့သို့ ကွယ်လွန်သည်အထိ ရယူထားနိုင်သည့် ရာထူးမဟုတ်သဖြင့် ပါတီနောက်ခံမရှိသော တစ်သီးပုဂ္ဂလဖြစ်သော ဥက္ကဋ္ဌအနေဖြင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ လုပ်ငန်းတာဝန်များကို အကောင်းဆုံးဆောင်ရွက်နေသည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း ဆွေးနွေးသည်။

ဝိုင်းမော် မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လုပ်ပိုင်ခွင့်ကို လေ့လာကြည့်သည့်အခါ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၁၆၃(က)တွင် ဥက္ကဋ္ဌက အများပြည်သူနှင့်သက်ဆိုင်သော လောလောဆယ် အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် အဆိုတင်သွင်းခွင့်ပြုနိုင်သည်ဟု ရေးသားဖော်ပြထားပြီး ခွင့်ပြုရမည်ဟု ရေးသားပြဋ္ဌာန်းထားခြင်း မရှိပါကြောင်း၊ ဥက္ကဋ္ဌ၏ လုပ်ပိုင်ခွင့် ဆင်ခြင်တုံတရားအရ ဆုံးဖြတ်ပိုင်ခွင့်ကို ပြဋ္ဌာန်းထားပြီးဖြစ်ပါသောကြောင့် ဥက္ကဋ္ဌဆုံးဖြတ်ချက်သည် မှန်ကန်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်များ၊ လုပ်ဆောင်ချက်များအပေါ် ထောက်ခံကြောင်းနှင့် မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်အပါ လွှတ်တော်ကိုယ်စားလှယ် ၁၁၀ လက်မှတ်ရေးထိုးတင်သွင်းသောအဆိုကို ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

ဆိပ်ကြီး၊ ခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်က ဦးမောင်မြင့် မင်းကင်းမဲဆန္ဒနယ်၏ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ COVID-19 မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့ရမှုနှင့် ပတ်သက်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ(ကာလုံ)နှင့် ညှိနှိုင်းပြီး ဆောင်ရွက်ရန် အရေးကြီးအဆိုကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နှင့်အညီ တင်သွင်းခဲ့သော်လည်း နာယကက ခွင့်မပြုခဲ့ခြင်းနှင့် ပတ်သက်သည့် မိမိအမြင်ကို တင်ပြလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတနှင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ (ကာလုံ)နှင့် မဖြစ်မနေ ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းရှင်းလင်းလင်း တိတိကျကျ ပြဋ္ဌာန်းပေးထားပြီးဖြစ်ပါကြောင်း၊ COVID-19 နှင့်ပတ်သက်၍ အစိုးရသည် နည်းလမ်းပေါင်းစုံ၊ ဘက်ပေါင်းစုံနှင့် စီစဉ်ဆောင်ရွက်နေချိန်တွင် ကာလုံနှင့်ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးအဆိုတင်သွင်းလာခြင်းကို ပေးအပ်ထားသည့် အခွင့်အာဏာနှင့်အညီ ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့် ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ဦးစိုင်းထွန်းစိန် မိုင်းပျဉ်းမဲဆန္ဒနယ်က ဦးဆောင်တင်သွင်းသည့် ဥက္ကဋ္ဌ ဦးတီခွန်မြတ်အား တာဝန်မှ ရုပ်သိမ်းပေးရန် အဆိုကို ကန့်ကွက်ပါကြောင်းနှင့် လွှတ်တော်မှ အတည်မပြုသင့်ပါကြောင်း ဆွေးနွေးသည်။

ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်က ဥက္ကဋ္ဌ၏ ဆုံးဖြတ်ဆောင်ရွက်ချက်များအားလုံးသည် ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့သည်မှာ ထင်ရှားပါကြောင်း၊ ထို့ပြင် ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူများက ယုံကြည်စွာ ရွေးချယ်တင်မြှောက်ခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့်သာမက မိမိတို့နိုင်ငံ၏ ဥပဒေပြုမဏ္ဍိုင်ကို သိမ်မွေ့ပျော့ပျောင်းစွာ၊ တည်ငြိမ်တိကျစွာ ယနေ့အထိ ဘက်လိုက်မှုမရှိဘဲ ဦးဆောင်ပေးခဲ့သည်ကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသာမက နိုင်ငံတစ်ဝန်းလုံးကလည်း ထင်ထင်ရှားရှားသိမြင်ပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုတင်သွင်းသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းပေးရန် အဆိုလွှာကို မိမိအနေဖြင့် ခြွင်းချက်မရှိ ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

## အဆိုကို ထောက်ခံကြောင်း ဆွေးနွေး

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ် ရဲနိုင်မျိုးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် စတင်တာဝန်ထမ်းဆောင်ခဲ့သည့် ၂၀၁၈ ခုနှစ် မတ် ၂၂ ရက်မှ ယခုအချိန်အထိ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင် ပွတ်တိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် စိတ်ရင်းစေတနာကောင်းဖြင့် ဆောင်ရွက်ခဲ့သည်ကို လေးစားစွာ အသိအမှတ်ပြုပါကြောင်း၊ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်များက အစိုးရကို ထိန်းကျောင်းနေသည့် အဆိုများကို တင်သွင်းခွင့်မပြုခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ (က)၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၁၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၃ (ခ)တို့ကို ချိုးဖောက်ရာရောက်သည့်အတွက် ဦးစိုင်းထွန်းစိန် တင်သွင်းသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းပေးရန် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ မိုင်းပန် မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း၊ နမ့်စန် မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ) ဦးဒီလုံး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ် ဝင်းမိုး၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးသိမ့်သိင်္ဂီထွေးအောင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ် သက်ထွန်းအောင်၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ) မောင်တင်သစ်နှင့် အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုးတို့က ဆွေးနွေးကြသည်။

## စက်ခလုတ်အသုံးပြု၍ အဆုံးအဖြတ်ယူ

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က ယင်းအဆိုနှင့် စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး ထောက်ခံမဲ ၁၃၂ မဲ၊ ကန့်ကွက်မဲ ၂၄၃ မဲနှင့် ကြားနေမဲ ၅ မဲတို့ရရှိကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ထောက်ခံမဲ ၁၃၂ မဲ သာဖြစ်၍ ကတိသစ္စာပြုပြီးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ အနည်းဆုံး ၃ ပုံ ၂ ပုံ က ထောက်ခံခြင်းမရှိသည့်အတွက် နည်းဥပဒေ ၁၁၉ ၊ နည်းဥပဒေခွဲ (က) အရ ယခုအဆိုကို အရေးယူဆောင်ရွက်ရန်မရှိကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို အခက်အခဲအမျိုးမျိုးအကြားက ဖြစ်မြောက်အောင် ကျင်းပခဲ့ရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ တာဝန်ကျေပွန်စွာ ပေါင်းစပ်ဆောင်ရွက်မှုများသည် အဓိကကျပါကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် COVID -19 ကပ်ရောဂါကိုလည်း မိမိတို့လွှတ်တော်ကိုယ်စားလှယ်များက ကျရာအခန်းကဏ္ဍမှနေ၍ ပြည်သူနှင့်အတူ လက်တွဲပြီး ရောဂါကာကွယ်ရေးနည်းလမ်းများအတိုင်း ရှေ့တန်းက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း၊ ပြည်သူက ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များပီသစွာ ပြည်သူ့အကျိုးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြပါ။ လွှတ်တော်၏ ဂုဏ်သိက္ခာဆက်လက်မြင့်မားနေရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်ကြပါဟု မှာကြားလိုပါကြောင်း ပြောကြားသည်။

**အေးအေးသန့်**

# ပင်လယ်ပြင်ငါးဖမ်းဆီးခွင့် သုံးလစတင်ပိတ်ပြီဖြစ်၍ ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံး ကမ်းသို့ပြန်လည်ဝင်ရောက်နေ

**ဟိုင်းကြီးကျွန်း ဇွန် ၁**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းဒေသရှိ ပင်လယ်ပြင်ငါးဖမ်းခွင့်ကို သုံးလတိတိ ပိတ်သိမ်းလိုက်ပြီဖြစ်၍ ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံး ဇွန် ၁ ရက်က စတင်ကာ ကမ်းသို့ ပြန်လည်ဝင်ရောက်နေပြီဖြစ် ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက သိရသည်။

ဟိုင်းကြီးကျွန်း ဒေသတွင် ကမ်းဝေးငါးဖမ်းရေယာဉ် ၈၆ စင်းရှိပြီး မေ ၂၉ ရက်က စတင်ကာ ပင်လယ်ပြင်မှ တစ်စင်းပြီးတစ်စင်း ပြန်လည်ဝင်ရောက်လာခဲ့ကြရာမှ မေ ၃၁ ရက် ညပိုင်းတွင် ရေယာဉ်များအားလုံး ကမ်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြပြီး ကမ်းနီးငါးဖမ်းရေယာဉ်များက ပုံမှန်အတိုင်း ငါးဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

“ယခင်နှစ်ကတည်းက ပင်လယ်ပြင် သုံးလပိတ်ခဲ့တာကို ကြုံတွေ့ခဲ့ရပြီဖြစ်လို့ ယခုနှစ်မှာ ငါးဖမ်းဆီးရရှိမှုနည်းပြီး အရှုံးများတဲ့ကြားက ကြိုတင်ပြင်ဆင်မှုတွေကို လုပ်ဆောင်ခဲ့ပါတယ်။ ရေယာဉ်တွေကမ်းကို ပြန်ခေါ်ပြီးရင် လုပ်သားတွေကိုတော့ လုပ်ခလစာနဲ့ပတ်သက်လို့ စာရင်းရှင်းလင်းပြီးတာနဲ့ သက်ဆိုင်ရာဒေသတွေကို ပြန်လွှတ်မှာပါ။ သုံးလအတွင်းတော့ ငါးဖမ်းပိုက်ပြင်ဆင်ရေးနဲ့ ရေယာဉ်ပြင်ဆင်ရေးအတွက် ဒေသခံတချို့ကို အလုပ်ပေးထားမှာပါ” ဟု ဒေသခံရေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခင်နှစ်ငါးဖမ်းခွင့် သုံးလပိတ်သိမ်းခဲ့စဉ်က ငါးဖမ်းခွင့်ပြန်လည်ရရှိသည့်အချိန်၌ လုပ်သားရှားပါးသည့် အခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် ရေယာဉ်ပိုင်ရှင်များနှင့် အလုပ်သမားကိုယ်စားလှယ် တချို့ပူးပေါင်း၍ ဒေသခံနှင့် ရပ်ဝေးပြန် ရေလုပ်သားများကို သုံးလအတွင်း ငွေကြေးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ကာ ထိန်းသိမ်းထားနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ရေလုပ်ငန်းရှင်များ၏ ငါးရှာဖွေရရှိမှု နည်းခြင်း၊ အရှုံးပေါ်မှုများ ရှိနေခြင်းကြောင့် ရေလုပ်သားအများစုကို ထိန်းသိမ်းထားနိုင်တော့မည် မဟုတ်ကြောင်း အလုပ်သမား ကိုယ်စားလှယ်တစ်ဦးက ပြောသည်။


ကမ်းသို့ပြန်လည်ဝင်ရောက်နေကြသော ကမ်းဝေးငါးဖမ်းရေယာဉ်များ။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

❍ *ကျောဖုံးမှ*

၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်မြင့်တင်ရေးစီမံချက် ဆောင်ရွက်မည့် ကျောင်းများအတွက် စာအုပ်စင်၊ စာကြည့်တိုက်ဆိုင်ရာ စာရေးကိရိယာ၊ စာကြည့်တိုက်အထောက်အကူပြုပစ္စည်းများ၊ စာဖတ်စားပွဲခုံ၊ စာအုပ်နှင့် သင်တန်းစရိတ်များအတွက် ရန်ပုံငွေစုစုပေါင်း ငွေကျပ် ၁၈၀၅ ဒသမ ၆၅ သန်း ခွဲဝေသုံးစွဲခဲ့ပါကြောင်း၊ ၂၀၁၆ – ၂၀၁၇ဘဏ္ဍာရေးနှစ်မှ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်သည့် ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုရန်ပုံငွေတွင် ကျောင်းစာကြည့်တိုက်လုပ်ငန်းများအတွက် စုစုပေါင်း ငွေကျပ် ၁၅၁၂၈ ဒသမ ၂၇၉ သန်း သုံးစွဲခဲ့ပါကြောင်း။

အဆိုပါ ရန်ပုံငွေခွဲဝေမှုများအပြင် စာကြည့်တိုက်ရှိရန် လိုအပ်သည့် ကျောင်းများကို နှစ်စဉ် ရန်ပုံငွေများ ခွဲဝေပေးပြီး စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများဆောင်ရွက်ခြင်း၊ အထူးသဖြင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ မြန်မာစာပေ ပံ့ပိုးကူညီမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုပရဟိတအဖွဲ့၊ Room to Read အဖွဲ့များနှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းတို့ ပူးပေါင်းဆောင်ရွက်နေသည့် စာဖတ်ကြစို့ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စာကြည့်တိုက်ဆိုင်ရာ


ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်အောင်


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်

သင်တန်းများပေးခြင်း၊ လိုအပ်သော ပရိဘောဂနှင့် စာအုပ်များ ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ကျောင်းစာကြည့်တိုက်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းအုပ်ကြီးများ မွမ်းမံသင်တန်းတွင် စာကြည့်တိုက်ဆိုင်ရာ အကြောင်းအရာများကိုလည်း ပို့ချပေးခဲ့ပါကြောင်း၊ ထို့ပြင် အခြေခံပညာကျောင်းများရှိ စာကြည့်တိုက်များတွင် စာကြည့်တိုက်တာဝန်ခံတစ်ဦးထားရှိ၍ စာအုပ်ငှားကတ်ဖြင့်စာအုပ်များ ငှားရမ်းဖတ်ရှုစေခြင်း၊ ဖတ်ရှုပြီးသည့် အကြောင်းအရာများကို စာသင်ခန်းအတွင်း ပြန်လည်ပြောပြစေခြင်း၊ ကျောင်းစုဝေးပွဲများတွင် ပြန်လည်ပြောကြားစေခြင်းတို့ကိုလည်း ကျောင်းအလိုက်ဆောင်ရွက်ပေးခြင်း၊ မြို့နယ်အဆင့် စာဖတ်ပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများကိုလည်း ဆောင်ရွက်ပေးခြင်းဖြင့် စာဖတ်ရှိန်မြှင့်တင်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

## ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရေး ရှင်းလင်းဖြေကြား

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ ချင်းပြည်နယ် ထန်တလန်မြို့နယ် ဇန်တလန်(ခ) ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင် (၁) သည် ဟောင်းနွမ်းပျက်စီးနေပါသဖြင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပေ (၁၂၀ x ၃၀) RCC နှစ်ထပ်ဆောင် ဆောက်လုပ်နိုင်ရေး ရန်ပုံငွေ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဇန်တလန်(ခ)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းပြီး ပေ(၁၂၀ x ၃၀) Steel Structure တစ်ထပ်ဆောင် တစ်ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေ ခေါင်းစဉ်အောက်မှ မြို့နယ် ဦးစားပေးအစီအစဉ်အရ စိစစ်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၏ မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပေ(၁၃၀x၃၀) RCC နှစ်ထပ် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး


ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း


မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဒေါက်တာဇော်လင်းထွဋ်


မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးနိုင်သီဟ

က လမိုင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသားဦးရေအရ ပေ (၁၃၀ x ၃၀) RC နှစ်ထပ်ကျောင်းဆောင် တိုးချဲ့ဆောက်လုပ်ရန်အတွက် လိုအပ်သောရန်ပုံငွေကို မြို့နယ်ဦးစားပေး အစီအစဉ်အရ ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ်သို့ ရောက်ရှိမှသာ အဆိုပါ ဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်း (တည်ဆောက်ရေး )ရန်ပုံငွေခေါင်းစဉ်အောက်မှ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ စိစစ်ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ မွန်ပြည်နယ် သထုံမြို့နယ် ဘင်လှိုင်ရပ်ကွက် ဝါးတော အခြေခံပညာ မူလတန်း(လွန်) ကျောင်း တွင် ပေ (၉၀ x ၃၀)RCC တစ်ထပ်ကျောင်းဆောင်သစ်အား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင်၏ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်း အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ အန္တရာယ်ရှိ ကျောင်းဆောင်ဖြစ်သော ပြည်တော်သာကျောင်းဆောင်အား ဖျက်သိမ်း၍ ပေ (၁၇၀ x ၃၀ x ၂၄)RCC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေ ကြမ်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါက်တာခွန်ဝင်းသောင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးတို့က ဆွေးနွေးကြသည်။

## နှုတ်ဖြင့်၊ စာဖြင့် ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် မေ ၁၈ ရက်မှ ဇွန် ၁ ရက်အထိ အစည်းအဝေး ကျင်းပရက် ခြောက်ရက်အတွင်း အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များအနေဖြင့် မေးခွန်းမေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း ၄၃ ခုနှင့် ကြယ်ပွင့်မပြ မေးခွန်း ၁၃၁ ခုတို့ကို မေးမြန်းခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာဌေးကြွယ်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှဦးကျော်ကျော်တို့နှစ်ဦး ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆိုကိုလွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့ပါကြောင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍအနေဖြင့် အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားသည့် အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကာ ၎င်းတို့၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည် ဥပဒေကြမ်းများအနက် အသေးစားငွေရေးကြေးရေးဥပဒေကြမ်းနှင့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကာ ၎င်းတို့၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါကြောင်း။

နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကာ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါကြောင်း။

## ကော်မတီအစည်းအဝေးများ ၁၃ ကြိမ် ပြုလုပ်နိုင်ခဲ့

အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများ အနေဖြင့် ဥပဒေကြမ်းကော်မတီ နှစ်ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ နှစ်ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ တစ်ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ တစ်ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ တစ်ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ တစ်ကြိမ်၊ ပညာရေးမြှင့်တင်မှု ကော်မတီ တစ်ကြိမ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ တစ်ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ တစ်ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ တစ်ကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီ တစ်ကြိမ် စုစုပေါင်း ကော်မတီအစည်းအဝေး ၁၃ ကြိမ် ပြုလုပ်ခဲ့ပါကြောင်း။

သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ၁၆ ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကာလအတွင်း စာတမ်းတိုနှစ်စောင်ထုတ်ဝေခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပြီး မိမိတို့၏ မဲဆန္ဒရှင် ပြည်သူများအကျိုး၊ ဒေသ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားမည်ဖြစ်ကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အောင်ရဲသွင်**

❖ *ကျောဖုံးမှ*

၃။ သို့ဖြစ်ပါ၍ အဆိုပါချေးငွေကို ရယူလိုသော MSMEs လုပ်ငန်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ သမဝါယမဘဏ်လီမိတက်၊ ရှေ့ဝတီဘဏ်လီမိတက်၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်၊ ယူအေဘီဘဏ်လီမိတက်၊ ကမ္ဘောဇဘဏ်လီမိတက်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

# မတ္တရာမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ စပါးအခြောက်ခံစက်ဖြင့် တောင်သူများအား ဝန်ဆောင်မှုပေးနေ

**မတ္တရာ ဇွန် ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန မတ္တရာမြို့နယ် အမှတ်(၄၃) စက်မှုလယ်ယာစခန်းအနေဖြင့် ရာသီဥတုကြောင့် အခြောက်ခံရန် ခက်ခဲသောတောင်သူများ၏ စပါးကို စပါးအခြောက်ခံစက်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

“၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်မှာ ဒီစပါးအခြောက်ခံစက်ကြီးကို စတင်တည်ဆောက်ခဲ့ပါတယ်။ မိုးရာသီနဲ့ တခြား ရာသီဥတုဖောက်ပြန်ချိန်တွေမှာ တောင်သူလယ်သမားတွေရဲ့ စပါးနေမလှန်းနိုင်တဲ့အခါမှာ တိုက်ရိုက်အခြောက်ခံစနစ်နဲ့ အခြောက်ခံပေးနိုင်မှာဖြစ်ပါတယ်။ ဒီစက်ကြီးနဲ့ စပါးအခြောက်ခံစနစ်ကို ဆောင်ရွက်နိုင်ပြီဖြစ်တဲ့အတွက် တောင်သူများမှာ စပါးတလင်းပြုလုပ်ပြီး နေလှန်းရတဲ့အခက်အခဲ၊ ရာသီဥတုအခြေအနေများကြောင့် လေလွင့်ဆုံးရှုံးခြင်းများ၊ လုပ်အားနှင့် ငွေကြေးကုန်ကျမှုများမှ သက်သာ စေမှာဖြစ်ပါတယ်။ ထွက်ရှိလာတဲ့ စပါးကို ကြိတ်ခွဲတဲ့ အခါမှာလည်း ဆန်အရည်အသွေးက ပိုမိုကောင်းမွန်တာကြောင့် တောင်သူများအတွက် ဈေးကွက်မှာ ပိုမိုပြီး အကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ စပါးအခြောက်ခံစက်အပြင် လယ်ယာလုပ်ငန်းခွင်အတွက် မြေယာပြုပြင် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းပေးတဲ့ ဝန်ဆောင်မှုတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်” ဟု စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးအောင်ကျော်မိုးက ပြောသည်။

အဆိုပါ စပါးအခြောက်ခံစက်သည် တစ်ကြိမ်လျှင် တင်း ၅၀၀ ခန့် အခြောက်ခံနိုင်ပြီး စပါး၏အစိုဓာတ်ပေါ် မူတည်၍ အခြောက်ခံချိန် ပျမ်းမျှ ခုနစ် နာရီသာ ကြာမြင့်ကြောင်း သိရပြီး တောင်သူများအနေဖြင့် ဝန်ဆောင်မှုများ ရယူဆောင်ရွက်လိုပါက မြို့နယ် စက်မှုလယ်ယာဦးစီးဌာန ၀၉–၄၀၀၄၀၇၇၉၂၊ ၀၉ –၇၉၇၃၀၉၃၂၀၊ ၀၉–၇၉၂၃၂၆၇၉၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၁ / ၂၀၂၀**
**၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်)**
**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍**
**ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၀ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့၊ ပေါ်ဦးရပ်ကွက်နေ ကျော်ထူးမဲသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၅-၂၀၂၀ ရက်နေ့တွင် တန့်ဆည်မြို့၊ ပေါ်ဦးရပ်ကွက်အနီးရှိ လယ်တဲအတွင်းဝင်ရောက်ရှာဖွေရာ ၎င်းရပ်ကွက်နေ ကျော်ထူးမဲ(ခ) ဇော်နိုင်(၄၃)နှစ်၊ (ဘ)ဦးဖိုးတူအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တန့်ဆည်) မယ(ပ)၉/၂၀၂၀၊မူး/စိတ်ပုဒ်မ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ သရက်ကျင်းကျေးရွာနေ မောင်ဆန်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၅-၂၀၂၀ ရက်နေ့တွင် ဒီပဲယင်းမြို့နယ်၊ သရက်ကျင်း ကျေးရွာနေ ရွှေမင်း (၅၂) နှစ်၊ (ဘ) ဦးအောင်ငြိမ်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်းကျေးရွာနေ မောင်ဆန်း (၅၁) နှစ်၊ (ဘ) ဦးလှဝင်း ထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် မောင်ဆန်း၏ နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိရသော်လည်း ၎င်းတို့(၂)ဦးအား မမစ(ဒီပဲယင်း)မယ(ပ)၄/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပျဉ်ထောင်လေးကျေးရွာ၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၅-၂၀၂၀ ရက်နေ့တွင် ကသာမြို့နယ်၊ ပျဉ်ထောင်လေး ကျေးရွာနေ ထိန်လင်းဦး(၂၉)နှစ်၊ (ဘ) ဦးကြည်လင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အင်းရွာ)မယ (ပ)၉/ ၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ထောင့်တလီကျေးရွာနေ မမဲလုံးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၅-၂၀၂၀ ရက်နေ့တွင် ကသာမြို့နယ်၊ ထောင့်တလီ ကျေးရွာနေ မမဲလုံး (ခ) နုနုဝင်း (၃၈) နှစ်၊ (ဘ) ဦးအောင်မိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သားသမက် စိုးမိုးကျော်(၂၃)နှစ်၊ (ဘ)ဦးငွေမောင်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (အင်းရွာ) မယ(ပ) ၁၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ကြက်တကောင်ကျေးရွာ၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု (၄) မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၃)ဦး၊ မ(၄)ဦး၊ ပေါင်း (၇) ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br><br>၂၄-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ထီးချိုင့်မြို့နယ်၊ ကြက်တကောင်ကျေးရွာနေ ဒေါ်လွင်လွင်ဦး (၄၀) နှစ်၊ (ဘ) ဦးတင်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မောင်ဖြစ်သူ ဇော်မင်းထိုက်(ခ) ပေါက်စ (၃၇) နှစ်၊ တစ်ရွာတည်းနေ ဇင်မင်းထွန်း (ခ) ဖိုးသား (၃၂)နှစ်၊ (ဘ)ဦးကောင်းညွှန့် တို့ (၃)ဦး အား WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်) မယ(ပ)၅၂/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ပျဉ်းစုကျေးရွာနေ ဖိုးသောင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၅-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ပျဉ်းစုကျေးရွာနေ ဖိုးသောင်း(ခ)ကိုသောင်း(၅၁)နှစ်၊ (ဘ)ဦးဘဆင့်၏ နေအိမ် အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထီးချိုင့်) မယ(ပ)၅၃/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ပိန်းအင်းကျေးရွာနေ ဝင်းထိန်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၅-၂၀၂၀ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ပိန်းအင်းကျေးရွာနေ ကျော်နိုင်ဦး (၄၈) နှစ်၊ (ဘ) ဦးသာခင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ဝင်းထိန် (၃၅) နှစ်၊ (ဘ) ဦးမောင်အေး၊ ဖိုးချို (၃၄) နှစ်၊ (ဘ) ဦးဖိုးချောနှင့် ညောင်ကုန်း ကျေးရွာနေ မောင်စိုး (၅၇) နှစ်၊ (ဘ) ဦးကျော်တို့ (၄) ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်)မယ(ပ) ၈၁/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/ ၂၀(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု (၁၇) မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁၇)ဦး၊ မ(၄)ဦး၊ ပေါင်း(၂၁)ဦးတို့အား စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြား အကြေမှုန့်များ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br><br>၂၉-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာ (၃) လမ်းပေါ်၌ အေးမြကန်သာရပ်ကွက်နေ ဟိန်းမင်းဦး (ခ) အန်ကူ (၂၆) နှစ်၊ (ဘ) ဦးခင်မောင်ထွန်းအား ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကော့သောင်း) မယ (ပ)၁၀၂/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အမှတ် (၂)ရပ်ကွက်နေ ပိုင်လေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၅-၂၀၂၀ ရက်နေ့တွင် တောင်ငူမြို့၊ အမှတ် (၁၃) ရပ်ကွက်ရှိ တည်းခိုခန်းအား ဝင်ရောက်ရှာဖွေရာ ညစောင့်လုပ်ကိုင်သူ အမှတ် (၂) ရပ်ကွက်နေ ပိုင်လေး (ခ) သက်ပိုင်ဝင်း (၂၀) နှစ်၊ (ဘ) ဦးလေးမြင့်အောင်အား ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(၂)(တောင်ငူ)မယ(ပ)၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ပဲခူးတိုင်းဒေသကြီး၊ မြို့လှမြို့၊ အမှတ်(၄) ရပ်ကွက်နေ ဝင်းကျော်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၅-၂၀၂၀ ရက်နေ့တွင် မြို့လှမြို့၊ အမှတ် (၄) ရပ်ကွက်နေ ဝင်းကျော် (၃၆) နှစ်၊ (ဘ) ဦးမောင်စိုး၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီး မကေဇင်ဝင်း(၃၃)နှစ်၊ (ဘ) ဦးတင်ဝင်း၊ ရွှေမြိုင်ရပ်ကွက်နေ မင်းလွင်ဦး (၂၇) နှစ်၊ (ဘ) ဦးတုတ်၊ လယ်သာအေးကျေးရွာနေ ကျော်ဆွေလတ် (၃၉)နှစ်၊ (ဘ)ဦးတင်မြင့်၊ မိုးဇော် (၃၃) နှစ်၊ (ဘ) ဦးမန်းကြည်၊ အမှတ် (၅) ရပ်ကွက်နေ နန်းမောင်မောင်(၂၅)နှစ်၊ (ဘ)ဦးအောင်သန်းနှင့် မြို့မြေရပ်ကွက်နေ ရှိုင်းဝဏ္ဏအောင် (၁၉) နှစ်၊ (ဘ) ဦးစိုးပိုင်တို့ (၇) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မြို့လှ)မယ(ပ)၃/၂၀၂၀၊မူး/စိတ်ပုဒ်မ၁၉(က)/ ၂၀(က)/ ၂၂(ခ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ကျောင်းကုန်းကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၅-၂၀၂၀ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ ကျောင်းကုန်းကျေးရွာနေ အောင်ဖေ(၂၆)နှစ်၊ (ဘ) ဦးထွန်းကြည်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းများ၊ အဆင့်နိမ့်ဘိန်းများ၊ တူမီးသေနတ်(၁)လက် တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရမည်းသင်း) မယ (ပ)၂၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၂(ခ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရဲစုတောင်ရပ်ကွက်နေ ဗေလုဝသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၅-၂၀၂၀ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ်၊ ရဲစုတောင် ရပ်ကွက်နေ ဗေလုဝ(ခ)ကိုရဲ(ခ)ရဲသူမျိုး(၂၅)နှစ်၊ (ဘ) ဦးလှမျိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ထောက်ကြန့်) မယ(ပ)၂၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်နေ တက်နေပိုင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၅-၂၀၂၀ ရက်နေ့တွင် ဗိုလ်တထောင်မြို့နယ်၊ (၈) ရပ်ကွက်၊ (၄၃) လမ်းပေါ်၌ ၎င်းရပ်ကွက်နေ တက်နေပိုင် (၂၄) နှစ်၊ (ဘ) ဦးမောင်မြင့်အား ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဗိုလ်တထောင်) မယ(ပ) ၁၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ငါးစင်ရပ်ကွက်နေ စည်သူကျော်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၅-၂၀၂၀ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ ငါးစင်ရပ်ကွက်နေ စည်သူကျော် (၃၁) နှစ်၊ (ဘ) ဦးခင်မောင်ကြည်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ တစ်ရပ်ကွက်တည်းနေ သန်းကျော်လင်း (ခ) ဖိုးသား (၂၄) နှစ်၊ (ဘ) ဦးမြင့်အေး၊ ဝင်းနိုင် (ခ) ဂျိုကာ (၁၉) နှစ်၊ (ဘ) ဦးဇော်ဇော်ထိုက်၊ လအောင် (၃၄) နှစ်၊ (ဘ) ဦးမောင်အေးနှင့် ဦးမြရပ်ကွက်နေ ဖြိုးဝေအောင် (ခ) ယုန်ပေါက် (၂၁) နှစ်၊ (ဘ) ဦးတင်ဝင်းတို့ (၅) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(စက်ဆန်း)မယ(ပ)၁၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်နေ ဒေါ်ထွေးထွေးအောင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၅-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်နေ ဒေါ်ထွေးထွေးအောင်(၄၃)နှစ်၊ (ဘ) ဦးတင်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မြောက်ဥက္ကလာပ) မယ(ပ)၃၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၅-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ည) ရပ်ကွက်နေ ခင်မောင်ချို(ခ)ဦးချို(၅၀)နှစ်၊ (ဘ)ဦးသိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ဇော်သူရ(၂၄)နှစ်၊ (ဘ)ဦးခင်ညို၊ ဇွဲမိုးထက်(၂၉)နှစ်၊ (ဘ)ဦးခင်ဇော်၊ (၁၆)ရပ်ကွက်နေ ဝင်းထွဋ်(၃၀)နှစ်၊ (ဘ) ဦးတင်ခိုင်၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်နေ မျိုးထွန်း (၃၉) နှစ်၊ (ဘ) ဦးညွှန့်ရွှေ၊ ဖြိုးမောင်မောင် (၂၄) နှစ်၊ |

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| | | (ဘ) ဦးစိုးမြင့်ဦး တို့ (၆) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဝေဘာဂီ) မယ(ပ)၃၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၇ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ အမှတ် (၅)ရပ်ကွက်၌ မူးယစ်ဆေးဝါးသုံးစွဲ/ ဖြန့်ဖြူး ရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု (၁၀) မှ ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား (၁၂) ဦးအား ဘိန်းဖြူများ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br><br>၂၆-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ လားရှိုးမြို့၊ အမှတ်(၅)ရပ်ကွက်နေ စိုင်းလင်းအောင် (ခ) အိုက်ဖြိုး (၁၉) နှစ်၊ (ဘ) ဦးစံလှ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လားရှိုး) မယ(ပ)၁၀၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉ (က) ဖြင့်လည်းကောင်း၊ ၂၈-၅-၂၀၂၀ ရက်နေ့တွင် အမှတ်(၅)ရပ်ကွက်၊ နတ်စင်လမ်းထောင့် ဝါးရုံတောအတွင်း၌ ၎င်းရပ်ကွက်နေ သန်းစိုးလင်း(၃၃)နှစ်၊ (ဘ) ဦးတင်စိုးနှင့် အမှတ် (၁) ရပ်ကွက်နေ သန့်ဇင်(၃၀)နှစ်၊ (ဘ)ဦးမြင့်သိန်း တို့(၂)ဦးအားရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လားရှိုး) မယ(ပ)၁၀၈/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း၊ ၃၀-၅-၂၀၂၀ ရက်နေ့တွင် အမှတ် (၅) ရပ်ကွက်၊ (၂၃) လမ်းနှင့် (၄၁) လမ်းထောင့်၌ ၎င်းရပ်ကွက်နေ စိုင်းလှဟန် (၂၈) နှစ်၊ (ဘ)ဦးစိုင်းထွန်းအား ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး)မယ(ပ)၁၀၉/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉ (က) ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ပန်းဘဲတန်းရပ်ကွက်နေ ကောင်းစံဝင်း (ခ) ဖွဲ့စွမ်းရည်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၅-၂၀၂၀ ရက်နေ့တွင် ဟင်္သာတမြို့၊ ကနောင်စုရပ်ကွက်နေ မဇာလီမော်(၃၆)နှစ်၊ (ဘ)ဦးမောင်ညွှာ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ရဲရင့်ထွန်း (ခ) ရဲကြီး (၂၂) နှစ်၊ (ဘ) ဦးကျော်မိုး၊ ပန်းဘဲတန်းရပ်ကွက်နေ ကောင်းစံဝင်း(ခ) ဖွဲ့စွမ်းရည် (၂၇) နှစ်၊ (ဘ) ဦးဝင်းမြင့် တို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဟင်္သာတ) မယ(ပ) ၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀ (က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၃၀-၅-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၁၅၆)မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား (၁၄၉၈) ဦး၊ မ (၂၉၂) ဦး၊ ပေါင်း (၁၇၉၀) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၉၅၁၂.၆၀၁၄) ဂရမ်၊ ICE (၁၃၄၇.၄၂) ဂရမ်၊ ဘိန်း (၄၃၅၆၃.၉၂၈၈၆) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၁၃၆၇.၉၆) ဂရမ်၊ ဘိန်းစာမှုန့် (၅၃၂၆၃.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၅၀၉၇.၃၂) ဂရမ်၊ ဘိန်းစာရည် (၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၆၃၀၅၈၉) ပြား၊ ဆေးခြောက် (၁၀၇၆၀.၇၀) ဂရမ်၊ ဘိန်းရည် (၀.၁) လီတာ၊ ဘိန်းဆီခဲ (၅၉၆.၂၈) ဂရမ်၊ ဘိန်းစေ့ (၆၀) ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၅၅.၉၅) ဂရမ်၊ Ecstasy အကြေ (၀.၀၀၁) ဂရမ်၊ လက်နက်မျိုးစုံ (၂၆) လက်၊ ကျည်မျိုးစုံ (၆၀၉) တောင့်၊ လက်ပစ်ဗုံး (၁) လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၃၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၃၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

# တိုင်းဒေသကြီး/ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်၊ ထောက်ပံ့ကူညီမှုများဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁**

မြန်မာနိုင်ငံတွင် ယခုကာလအတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပွားလျက်ရှိရာ မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ အောင်လံ၊ ပေါက်၊ ရေနံချောင်း၊ မကွေးမြို့နယ်တို့၌ နေအိမ် သုံးလုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၆၃ လုံးနှင့် ဘာသာရေးအဆောက်အအုံ နှစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၌ နေအိမ်တစ်လုံး အမိုးအကာလန် ပျက်စီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို၊ ဝက်လက်နှင့် မြောင်မြို့နယ်တို့၌ နေအိမ် တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် လေးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းနှင့် မြင်းခြံမြို့နယ်တို့၌ နေအိမ် တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၂ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ရှမ်းပြည်နယ် ကျေးသီးမြို့နယ်၌ နေအိမ် ၁၃ လုံးပြိုကျ ပျက်စီးပြီး နေအိမ် နှစ်လုံးနှင့် ဘာသာရေးအဆောက်အအုံ တစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာ၊ ကြံခင်းနှင့် အင်္ဂပူမြို့နယ်တို့၌ နေအိမ် နှစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ရှစ်လုံး အမိုးအကာလန်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

ဧပြီ ၉ ရက်မှ ဇွန် ၁ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုနှင့် မိုးသီးကြွေကျမှုတို့ကြောင့် နေအိမ် ၉၈၇ လုံးနှင့် ဘာသာရေးအဆောက်အအုံ ခြောက်လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၁၃၁၂၁ လုံးနှင့် ဘာသာရေး အဆောက်အဦ ၂၄၇ လုံး အမိုးအကာလန်ပျက်စီးခြင်းနှင့် လူ ၁၀ ဦး သေဆုံးပြီး လူ ၂၈ ဦး ဒဏ်ရာရရှိခဲ့သည်။




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများနှင့် သေဆုံး၊ ဒဏ်ရာရသူ ထောက်ပံ့ခြင်းများအတွက် စုစုပေါင်းငွေကျပ် ၇၆၁ ဒသမ ၁ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ် ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်း တို့နှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ငါးလုပ်ငန်းစခန်း (သထုံ) မှ ငါးသားပေါက်များအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**သထုံ ဇွန် ၁**

မွန်ပြည်နယ် သထုံမြို့ ငါးလုပ်ငန်းစခန်း (သထုံ) မှ ဆေးထိုးသားဖောက်၍ မွေးမြူထားသည့် ကျန်းမာသန်စွမ်းသော ငါးသားပေါက်မျိုးစုံအား ယခုနှစ်မိုးဦးကျစကာလတွင် ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေသောကြောင့် ဒေသတွင်းရှိ တစ်နိုင်တစ်ပိုင် ငါးမွေးမြူရေးလုပ်ကိုင်သူများက ငါးလုပ်ငန်းစခန်းသို့ ဆက်သွယ်၍ ကိုယ်တိုင်လာရောက်ဝယ်ယူနေကြောင်း သိရသည် ။

အဆိုပါ ငါးလုပ်ငန်းစခန်း၌ ဝယ်ယူရရှိနိုင်သော ငါးအမျိုးအစား ကိုးမျိုးတွင် အများဆုံး ရောင်းချရသည့် ငါးမျိုးများမှာ ငါးကြင်းရွှေဝါ၊ ငါးကြင်းဖြူ၊ ငါးခုံးမကြီး၊ ငါးမုတ်၊ ငါးတန်၊ တီလားဗီးယား (ရွှေနီ) အမျိုးအစား ငါးသားပေါက်များဖြစ်ကြပြီး ယခုနှစ်တွင် အောင်မြင်စွာ ငါးသားဖောက်နိုင်ခဲ့သော (ထိုင်းမျိုး) ငါးပြေမသားပေါက်များကိုလည်း တစ်ကောင် ၂၅ ကျပ်နှုန်းဖြင့် ရောင်းချပေးနေကြောင်း သိရသည်။

“ငါးကြင်းရွှေဝါ၊ ငါးခုံးမကြီး ကောင်ရေ စုစုပေါင်း နှစ်သောင်းလောက်လာဝယ်တာပါ၊ ဒီနှစ်မှ ကန်သုံးကန် တူးဖော်ပြီး စတင်မွေးမှာပါ။ ဒေသတွင်း ငါးမွေးမြူတဲ့သူတွေ အဆင်ပြေကြပါတယ်” ဟု ပေါင်မြို့နယ် သပြုချောင်ကျေးရွာမှ ငါးသားပေါက်လာရောက်ဝယ်ယူသူတစ်ဦးက ပြောသည်။

ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားမှုနှင့် ပြည်သူများ ငါးစားသုံးမှုများပြားလာသည်နှင့်အမျှ နှစ်စဉ် ငါးသားပေါက်ကောင်ရေ ပမာဏတိုးတက်ထုတ်လုပ်လာနိုင်ရန်၊ စားနပ်ရိက္ခာဖူလုံလာစေရန်၊ ငါးမျိုးစိတ်များကို ထိန်းသိမ်းတတ်လာစေရန် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေပြီး ငါးသယံဇာတမပြုန်းတီးစေရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးသားပေါက်ရောင်းချခြင်းတို့ကို နှစ်စဉ် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာရန် ဆောင်ရွက်နေကြောင်း သထုံမြို့ ငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးဝင်းဗိုလ်က ပြောသည်။

ငါးလုပ်ငန်းစခန်း (သထုံ) မှ ယခင်နှစ်က ငါးသားပေါက်ကောင်ရေ ၂၅ သိန်းကျော် ထုတ်လုပ်နိုင်ခဲ့ပြီး ငါးမျိုးစိတ်ကောင်ရေ ရှစ်သိန်းခန့်ကို ပြည်သူများအလွယ်တကူ ဖမ်းယူစားသောက်နိုင်ရန် ငါမျိုးစိုက်ထည့်ပေးနိုင်ခဲ့ကာ ကျန်သော ငါးသားပေါက်များကို ငါးမွေးမြူရေးလုပ်ကိုင်သူများထံသို့ ဈေးနှုန်းချိုသာစွာ ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခွန် (ဝင်းပ)**



# နာဂဒေသရှိ ဒုံဟီးမြို့တွင် ငမြောင်တောင်ပိုးကျရောက်သဖြင့် အစေ့ထုတ်ပြောင်းစိုက်ဧက ၂၀၀ ကျော် ထိခိုက်

**နန်းယွန်း ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ဒုံဟီးမြို့တွင် ၂၀၂၀ ပြည့်နှစ် မိုးရာသီအစေ့ထုတ်ပြောင်းစိုက်ဧက ၆၈၄ ဧက စိုက်ပျိုးခဲ့ရာ ငမြောင်တောင်ပိုးကျရောက်သဖြင့် အစေ့ထုတ်ပြောင်း စိုက်ဧက



၂၀၀ ကျော် ထိခိုက်ခဲ့ကြောင်း နန်းယွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်ထံမှ သိရသည်။

ငမြောင်တောင်ပိုးကျရောက်သဖြင့် ထိခိုက်ခဲ့သည့် ကျေးရွာများမှာ ယောင်ကွန်ကျေးရွာ တွင် ၁၀၈ ဧက၊ ကျားဝမ်းကျေးရွာတွင် ဧက ၉၀ နှင့် ရှိတ်ညိုကျေးရွာတွင် ဧက ၈၀ စုစုပေါင်း ၂၇၈ ဧက ထိခိုက်ခဲ့ကြောင်း၊ ထိခိုက်မှုတွင် ဒေသအခြေအနေအရ သွားလာရခက်ခဲသည့်အပြင် တောင်သူများလည်း ပိုးမွှားကာကွယ်နှိမ်နင်းနိုင်ရန် လိုအပ်သည့် ပစ္စည်းများမရှိသည့်အတွက် မိမိတို့ဌာနမှ ဆေးဖျန်းပုံးနှင့် ပိုးသတ်ဆေးများကို လဟယ်မြို့မှ ဝယ်ယူပြီး မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ပိုးမွှားများနှိမ်နင်းပေးခဲ့ကြောင်း ဒုံဟီးမြို့ စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကျော်စိုးက ပြောကြားသည်။

အလားတူ ဒေသတွင် အလွယ်တကူရရှိနိုင်သော မီးဖိုပြာဖြင့် ခေါင်ညွှန့်အတွင်း ဖြူးချခြင်း၊ မိသားစုလုပ်အားဖြင့် ပိုးကောင် ကောက်ယူနှိမ်နင်းခြင်းစသည့် လုပ်ငန်းများဆောင်ရွက်ရန် ပညာပေးခြင်း၊ ဆေးဖျန်းပုံးနှင့် ပိုးသတ်ဆေးများလည်း အခမဲ့ဖြန့်ဝေပေးခြင်း လုပ်ငန်းများဆောင်ရွက်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**မွေးကြူဇင်**

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအတွက် ကွန်းခိုရာ

**သတင်းဆောင်းပါး - ဟန်လင်းနိုင်၊ မျိုးသူဟိန်း၊ ဟိန်းမင်းစိုး၊ ဓာတ်ပုံ- မျိုးမြင့် (သတင်းစဉ်)**

**“ ကျောင်းမှာ သိမ်၊ လူမှာအိမ်ဆိုသည့် မြန်မာစကားပုံဆိုရိုးစကားအရ ရဟန်းသံဃာတော်များ သီတင်းသုံးနေထိုင်သည့် ကျောင်းတိုက်များတွင် သိမ်မှာအရေးကြီးသကဲ့သို့ လူ့ဘဝတွင်လည်း နေထိုင်ရန် အိမ်မှာအရေးကြီးလှပေသည်။ လူ့ဘဝတွင် အရေးကြီးသည့် စား၊ ဝတ်၊နေရေး သုံးခုအနက် နေရေးအတွက် စိတ်ပူပန်နေရသူများထဲတွင် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် ဖြစ်ပေသည်။ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ် အသီးသီးတွင် တစ်နေ့တာတာဝန်ထမ်းဆောင်ပြီး အိမ်အပြန် ညအိပ်စက်အနားယူသည့်အခါတိုင်း အငြိမ်းစားယူပြီးသည့်အခါ နေအိမ်အတွက် စဉ်းစားမိတိုင်း အတွေးမောများ ဝင်ရောက်လာရမြဲဖြစ်သည်။ ဝန်ထမ်းများအနေဖြင့် အငြိမ်းစားယူပြီးနောက်ပိုင်း နေရေးအတွက် အငြိမ်းစားရယူရန် နီးကပ်လေလေ စိုးရိမ်ပူပန်မှုများလေလေ ဖြစ်ရသည်။**



နေပြည်တော်မြို့မဈေးအနီး ဆောက်လုပ်လျက်ရှိသည့် အငြိမ်းစားဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ခေတ်အဆက်ဆက်သော အစိုးရတို့အနေဖြင့် ဝန်ထမ်းများ၏ နေအိမ်အခက်အခဲအတွက် သူ့နည်းသူ့ဟန်ဖြင့် မြို့ကွက်သစ်များဖော်ထုတ်ပြီး ရောင်းချပေးခဲ့ကြသော်လည်း ၎င်းတို့အနေဖြင့် နေအိမ်တည်ဆောက်ရန် အခက်အခဲ၊ အခြေခံ ရေ၊ မီး နှင့် နေအိမ်ပြုပြင်ရန်၊ ထိန်းသိမ်းရန် အခက်အခဲတို့ကြောင့် အမှန်တကယ်အငြိမ်းစားယူချိန်တွင် နေရေးအတွက် အခက်အခဲ ဖြစ်ကြရပြန်ပြီး ဝန်ထမ်းများ ပတ်ဝန်းကျင်တွင် အငြိမ်းစားယူပြီးချိန် နေစရာနှင့်ပတ်သက်၍ ညည်းတွားပြောဆိုမှုများကို မကြာခဏကြားနေရမြဲဖြစ်သည်။

လက်ရှိအစိုးရအနေဖြင့် နိုင်ငံတော်တာဝန် စတင်ယူချိန်မှစ၍ ဝန်ထမ်းများနောင်ရေး တွေးမပူရအောင်ဆိုသည့် ရည်ရွယ်ချက်ကောင်းဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာများ ဖော်ဆောင်ပေးရန် မူဝါဒထားရှိခဲ့ရာ ယခုအခါတွင် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအတွက် ကွန်းခိုရာအဖြစ် နေပြည်တော် မြို့မဈေးအနီးတွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာကို စတင်တည်ဆောက်အကောင်ထည်ဖော်ဆောင်လျက်ရှိသည်။

**အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာများကို ဖော်ဆောင်**

“အစိုးရအဆက်ဆက်က နိုင်ငံ့ဝန်ထမ်းတွေ အငြိမ်းစားယူရင် သူတို့နေထိုင်ဖို့ မြေကွက်တွေ ချပေးခဲ့တာတွေ ရှိပါတယ်။ လက်ရှိအစိုးရလက်ထက်မှာ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ ဘာတွေလိုအပ်လဲမေးတဲ့အခါ ချပေးထားတဲ့မြေကွက်မှာ နေအိမ်ဆောက်လုပ်ဖို့ အခက်အခဲတွေ ရှိတယ်ဆိုတာ သိရတယ်။ ဒါကြောင့် ဖြစ်နိုင်မယ်ဆိုရင် တည်ဆောက်ပြီးသား တိုက်ခန်းတွေ ပေးတာက သူတို့အတွက် ပိုအဆင်ပြေလိမ့်မယ်။ နိုင်ငံတော်အကြီးအကဲတွေနဲ့ ဝန်ထမ်းတွေ တွေ့ဆုံတဲ့အခါ ဖြစ်နိုင်ရင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရောင်းချပေးဖို့ တောင်းဆိုတာတွေရှိတယ်။ ဒီလိုတောင်းဆိုလာတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေက နေပြည်တော်စည်ပင်သာယာရေး ကော်မတီကို နေပြည်တော်မှာ နေထိုင်လိုတဲ့ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းတွေအတွက် အိမ်ရာတစ်ခု ဆောက်ပေးဖို့ တာဝန်ပေးပါတယ်။ ဒါကြောင့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းအိမ်ရာများကို ဖော်ဆောင်ရတာ ဖြစ်ပါတယ်ဟု” နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးက ပြောသည်။

“နိုင်ငံတော် အကြီးအကဲတွေက နိုင်ငံ့ဝန်ထမ်းတွေအတွက် စေတနာထားပြီး အငြိမ်းစားဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးဖို့ တာဝန်ပေးလာတဲ့အတွက် နေပြည်တော်စည်ပင်အနေနဲ့ ဘယ်လိုနေရာမှာ ဆောက်မလဲ။ ဘယ်လို ပုံစံဆောက်မလဲ အစည်းအဝေးတွေလုပ်ပြီး တိုင်ပင်ပါတယ်။ အိမ်ရာအဆောက်အဦကို သင့်တော်တဲ့နေရာမှာ ဆောက်လုပ်ချင်တယ်။ ဒါကြောင့် မြေရွေးချယ်တဲ့နေရာမှာ ဖြစ်နိုင်ရင် အကောင်းဆုံးနေရာကိုပဲ ရွေးချယ်ဖို့ နေပြည်တော်မြို့တော်ဝန်က လမ်းညွှန်တယ်။ အဲဒီ လမ်းညွှန်ချက်အတိုင်း မြေနေရာကို ရွေးလိုက်တာပါ။ ရွေးထားတဲ့ မြေနေရာက မြို့လယ်နေရာမျိုးဖြစ်တယ်။ မြို့မဈေးကြီးနဲ့နီးတယ်။ နောင်တစ်ချိန်မှာ စည်ကားလာနိုင်တဲ့ မြေနေရာမျိုး ဖြစ်ပါတယ်”

**အဝေးပြေးကားဂိတ်ကြီးကိုလည်း တည်ဆောက်မယ်**

ဒီနေရာရဲ့ ထူးခြားချက်က အငြိမ်းစားဝန်ထမ်းအိမ်ရာနဲ့ကပ်လျက်မှာ ဓာတ်ဆီဆိုင်နဲ့ အထက်တန်းကျောင်းရှိတယ်။ လက်ရှိဝန်ထမ်းတွေနေတဲ့ အိမ်ရာနားမှာဖြစ်တယ်။ နောက်ပြီး ဒီအနီးအနားမှာပဲ နေပြည်တော်ရဲ့ အနာဂတ် စီမံကိန်းမှာပါတဲ့ အဝေးပြေးကားဂိတ်ကြီးကိုလည်း တည်ဆောက်မယ်။ ဒါကြောင့် ဒီနေရာဟာ လူစည်ကားလာမယ့်နေရာဆိုတာ သေချာတယ်။ အဲဒီနေရာမှာပဲ အိမ်ရာနဲ့အတူ စီးပွားရေးဆိုင်ရာ အဆောက်အအုံတွေ ဆောက်လိုက်မယ်ဆိုရင် အားလုံးအတွက် အကောင်းဆုံးနေရာ ဖြစ်လာမယ်။ ဒါကြောင့် အားလုံးအတွက် နေထိုင်လို့ တကယ်အဆင်ပြေနိုင်မယ့် မြေဧရိယာမျိုးကိုရွေးပြီး အိမ်ရာဆောက်လုပ်တာ ဖြစ်ပါတယ်”ဟု ဒုတိယမြို့တော်ဝန်က ပြောသည်။

ယခုတည်ဆောက်လျက်ရှိသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာ စီမံကိန်းသည် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား– တောင်ညိုလမ်းဘေး မြို့မဈေးအနီး နေပြည်တော် စည်ပင်သာယာရေးကော်မတီပိုင် မြေဧက ၂၀၀ အနက်မှ မြေဧက ၇၀ အပေါ်တွင် တည်ဆောက်လျက်ရှိပြီး ပထမအဆင့်အနေဖြင့် တိုက်ခန်းပေါင်း ၃၀၀၀ ကျော်ကို စတင်တည်ဆောက်နေကြောင်း သိရသည်။

“အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာ လျှောက်ထားတဲ့အခါ ၂၀၁၉ ခုနှစ်အထိ အငြိမ်းစားယူခဲ့တဲ့ မည်သူမဆို လျှောက်ထားလို့ရပါတယ်။ ပြစ်မှုကြောင့် အနားပေးခံရတဲ့ ဝန်ထမ်းတော့ မရပါဘူး။ အငြိမ်းစားပေးလိုက်ကြောင်း အထောက်အထား စာရွက်စာတမ်း တင်ပြနိုင်ရင် လျှောက်ထားလို့ရပါတယ်။ ပထမအဆင့်အနေနဲ့ ၂၀၁၉ ခုနှစ်အထိ အငြိမ်းစားယူထားတဲ့ နိုင်ငံ့ဝန်ထမ်းတွေ ရပါ မယ်။ ပြီးရင် ၂၀၂၀ ထဲမှာ အငြိမ်းစားယူမယ့်ဝန်ထမ်းတွေလည်း လျှောက်ထားလို့ရပါတယ်။ သူတို့ကတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့ ထောက်ခံချက် ပါရပါမယ်။ ပင်စင်ယူဖို့ တစ်လ၊ နှစ်လ လိုပေမယ့်လည်း ဒီနှစ်ထဲမှာ ပင်စင်ယူမယ့်ဝန်ထမ်းဆိုရင် လျှောက်ထားလို့ရပါတယ်။ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းဆိုတဲ့နေရာမှာ ဌာနခွဲမထားပါဘူး။ ဘယ်ဌာနကဖြစ်ဖြစ် အငြိမ်းစားယူထားတဲ့ဝန်ထမ်းအားလုံး လျှောက်ထားခွင့်ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်လည်း ခွဲခြားမထားပါဘူး။ တစ်နိုင်ငံလုံးမှာရှိတဲ့ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းတွေ အားလုံး လျှောက်ထားခွင့်ရှိပါတယ်။

> **“အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာ လျှောက်ထားတဲ့အခါ ၂၀၁၉ ခုနှစ်အထိ အငြိမ်းစားယူခဲ့တဲ့ မည်သူမဆို လျှောက်ထားလို့ရပါတယ်။ ပြစ်မှုကြောင့် အနားပေးခံရတဲ့ဝန်ထမ်းတော့ မရပါဘူး။ အငြိမ်းစားပေးလိုက်ကြောင်း အထောက်အထား စာရွက်စာတမ်း တင်ပြနိုင်ရင် လျှောက်ထားလို့ရပါတယ်။ ပထမအဆင့်အနေနဲ့ ၂၀၁၉ ခုနှစ်အထိ အငြိမ်းစားယူထားတဲ့ နိုင်ငံ့ဝန်ထမ်းတွေ ရပါမယ်။ ပြီးရင် ၂၀၂၀ ထဲမှာ အငြိမ်းစားယူမယ့်ဝန်ထမ်းတွေလည်း လျှောက်ထားလို့ ရပါတယ်။ သူတို့ကတော့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ထောက်ခံချက် ပါရပါမယ်။ ပင်စင်ယူဖို့ တစ်လ၊ နှစ်လ လိုပေမယ့်လည်း ဒီနှစ်ထဲမှာ ပင်စင်ယူမယ့်ဝန်ထမ်းဆိုရင် လျှောက်ထားလို့ရပါတယ်”**

**လျှောက်လွှာတွေကို ဇွန်လ ၁ ရက်ကစပြီး လက်ခံ**

“လျှောက်လွှာတွေကို ဇွန်လ ၁ ရက်ကစပြီး လက်ခံပါမယ်။ နိုင်ငံတစ်ဝန်းလုံးက အငြိမ်းစား နိုင်ငံ့ဝန်ထမ်းတွေ လျှောက်လွှာလာတင်သူတွေအားလုံးကို ခွဲခြားမှုမရှိဘဲ လက်ခံမယ်။ လျှောက်ထားသူများရင်လည်း လျှောက်လွှာစောစောလာတင်သူတွေကို အရင်ဆုံးရွေးချယ်ပြီး နံပါတ်စဉ်လိုက် ဖြတ်ချမယ်။ နံပါတ်တစ်ကနေစသွားမယ်၊ သုံးထောင်ပြည့်ရင်ရပ်လိုက်မယ်၊ နောက်မှလာတင်သူကတော့ မရဘူး။ လျှောက်လွှာလာတင်တာနဲ့ Register လုပ်ပြီး သူ့ရဲ့နံပါတ်ကဘယ်လောက်ဆိုတာ အကြောင်းကြားမယ်။ လာလျှောက်သူတွေကို အထပ်ရွေးခွင့် ပေးပါမယ်။ မြေညီထပ်ပြည့်သွားရင် ဖြတ်ချလိုက်မှာပါ။ ဝယ်တဲ့သူကလည်း သူသုံးနိုင်တဲ့ငွေကိုချိန်ပြီး အထပ်အလိုက် ရွေးချယ်ဝယ်ယူရမယ်။ ရာထူးကန့်သတ်ချက်မရှိဘူး၊ နေရာဒေသကန့်သတ်ချက်မရှိဘူး။

“ဝယ်ယူတဲ့သူတွေကို အောက်တိုဘာလမှာ အခန်းအပ်နိုင်အောင် ဆောင်ရွက်နေပါပြီ။ ရောင်းချတဲ့အခါမှာ ပထမဦးစားပေး၊ ဒုတိယဦးစားပေးဆိုပြီး အုပ်စုခွဲထားပါတယ်။ ပထမဦးစားပေးက အငြိမ်းစားဝန်ထမ်းတွေ ဖြစ်ပါတယ်။ သို့သော်လည်း အခုလျှောက်လွှာခေါ်ပြီး တစ်လအတွင်း လာလျှောက်ကြတဲ့ လျှောက်လွှာအရေအတွက်ကို ကြည့်ပါမယ်။ အငြိမ်းစားဝန်ထမ်းတွေဝယ်လို့ အခန်းအားလုံးကုန်သွားရင်တော့ လက်ရှိဝန်ထမ်းတွေကို ရောင်းချပေးလို့ရမှာ မဟုတ်ပါဘူး။ သို့သော် အငြိမ်းစားဝန်ထမ်းတွေ ဝယ်တာမကုန်ဘူးဆိုရင်တော့ လက်ရှိဝန်ထမ်းတွေကို ဆက်လက်ရောင်းချပေးသွားမှာ ဖြစ်ပါတယ်”ဟု ဒုတိယမြို့တော်ဝန်က ပြောသည်။

အနာဂတ်ကာလတွင် အငြိမ်းစားဝန်ထမ်းများ လာရောက်နေထိုင်မှု များပြားလာသည့်အခါ ဝန်ဆောင်မှုလို အပ်ချက်ဖြစ်လာနိုင်သည့်အတွက် အိမ်ရာဝန်းကျင်တွင် စီးပွားရေးဇုန်များ၊ Commercial Area များ၊ ကုန်တိုက်များကို ထည့်သွင်းတည်ဆောက်သွားရန်ရှိကြောင်း သိရသည်။

**အငြိမ်းစားယူရင်ပူစရာမလိုတော့ပါဘူး။**

“နိုင်ငံ့ဝန်ထမ်းတွေက တာဝန်ထမ်းဆောင်ချိန်မှာ တိုက်ခန်းတွေမှာ နေရတယ်။ နေထိုင်စရာ ပူစရာမလိုဘူး။ ဒါပေမယ့် အငြိမ်းစားယူပြီး နောက်ပိုင်းသူတို့က နေဖို့အတွက် အမြဲတမ်း ပူရတယ်။ အငြိမ်းစားယူပြီးနောက်ပိုင်း ဘာဖြစ်မယ်ဆိုတာ သူမသိဘူး။ နိုင်ငံ့ဝန်ထမ်းတွေ နေရေးမပူရအောင် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းတွေ အိမ်ရာလည်း ထည့်ဆောက်သင့်ကြောင်း ခေါင်းစဉ်တစ်ခု ထုတ်လိုက်တယ်။ နောက်ပိုင်း မြို့ပြစီမံကိန်းရေးဆွဲတိုင်းမှာ အငြိမ်းစားဝန်ထမ်းတွေအတွက် အိမ်ရာတွေလည်း ကဏ္ဍတစ်ခုအနေနဲ့ ပါရမယ်ဆိုတာမျိုး အားလုံးက အတွေးဝင် သွားလိမ့်မယ်။ အဲဒီလိုဆိုရင် ဘယ်အစိုးရပဲတက်တက်၊ စည်ပင်သာယာကော်မတီတွေ ဘယ်လိုပဲပြောင်းပြောင်း စိတ်ကူးတစ်ခု ရသွားတာပေါ့။ စိတ်ကူးရသွားတဲ့အတွက် အမြဲတမ်း အခုလိုမျိုး ထည့်သွင်း တည်ဆောက်လိမ့်မယ်။ နောက်ပိုင်းအားလုံးက အခုပုံစံအတိုင်း လိုက်လုပ် သွားရင် နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့လည်း အငြိမ်းစားယူရင်ပူစရာမလိုတော့ပါဘူး။

“ဒီစီမံကိန်းမှာ နေပြည်တော် စည်ပင်သာယာရေးကော်မတီက မြေနေရာပေးပါတယ်။ မြေနေရာဖိုး လုံးဝမယူပါဘူး။ မြေနေရာဖိုးယူလိုက်ရင် တိုက်ခန်းဈေးက ပိုကြီးသွားပါလိမ့်မယ်။ မြောင်းဖောက်၊ မြေကြီးညှိ၊ လမ်းဖောက်၊ ပလက်ဖောင်းစတဲ့ အခြေခံအဆောက်အအုံလုပ်ငန်းအားလုံးကို နိုင်ငံတော်ဘတ်ဂျက်နဲ့ ကျခံပေးပါတယ်။ တည်ဆောက်ရေးအဖွဲ့ ရွေးတဲ့အခါမှာလည်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနဲ့ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်အသင်းတို့ကို ခေါ်ယူတွေ့ဆုံပြီး ဆွေးနွေးပါတယ်။ အဲဒီ အသင်းကြီးနှစ်သင်းမှာပါတဲ့ တစ်နိုင်ငံလုံးက ဆောက်လုပ်ရေးလုပ်ငန်းရှင်အားလုံးက တည်ဆောက်ခွင့် ရပါမယ်။ အရည်အသွေးထိန်းသိမ်းရေးအပိုင်းကို နေပြည်တော်စည်ပင်သာယာရေးကော်မတီနဲ့ ပြင်ပကငှားရမ်းထားတဲ့ ကုမ္ပဏီတွေက စစ်ဆေးမှာပါ။ အဆောက်အအုံတည်ဆောက်မှုကို ဒီအသင်းကြီးနှစ်သင်းရဲ့ ကြီးကြပ်မှုနဲ့ သူတို့ရဲ့ အဖွဲ့ဝင်ကုမ္ပဏီတွေက ဆောက်ရမယ်။ စိတ်ဝင်စားမှုရှိရင် ငွေစိုက်ပြီး ဆောက်ရမယ်ပြောတယ်။ ကျွန်တော်တို့က ရောင်းပြီးတော့ ဝင်လာတဲ့ငွေနဲ့မှ ကုမ္ပဏီတွေကို ငွေချေပေးမယ်။ ဒီပုံစံနဲ့ ကုမ္ပဏီတွေကို ညှိနှိုင်းထားပါတယ်။ အသင်းကြီးနှစ်သင်းကလည်း နိုင်ငံတော်အငြိမ်းစား ဝန်ထမ်းအိမ်ရာ ဖြစ်တဲ့အတွက် စိတ်ဝင်စားမှုရှိတယ်ဆိုတဲ့အတွက် သဘောတူညီမှုယူလိုက်ပါတယ်” ဟု ဦးရဲမင်းဦးက ပြောသည်။

*စာမျက်နှာ ၁၁ သို့*



ဒုတိယမြို့တော်ဝန်
ဦးရဲမင်းဦး



ဦးဆန်းနိုင်



ဦးတင်အောင်ငွေ



ဦးလင်းလင်း



ကိုမျိုးကျော်သူအောင်



ကိုလှိုင်မင်းဦး

*စာမျက်နှာ ၁၀ မှ*

ယခုတည်ဆောက်သည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း အိမ်ရာမှာ လေးခန်းတွဲ၊ လေးထပ်ပုံစံဖြစ်ပြီး အကျယ် စတုရန်းပေ ၆၅၀ ဖြစ်ကာ အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ မီးဖိုချောင်၊ ရေချိုးခန်း၊ အိမ်သာ၊ ဝရန်တာနှင့် အရေးပေါ်လှေကားတို့ကို ထည့်သွင်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လက်ငင်းပေးသူက တိုက်ခန်းချက်ချင်းရ**

"ရောင်းချတဲ့အခါမှာ ငွေကို တစ်ခါတည်းပေးချေပြီး ဝယ်မယ့်သူနဲ့ အရစ်ကျပေးသွင်းပြီး ဝယ်ယူမယ့်သူ ဆိုပြီး ခွဲထားပါတယ်။ တစ်ခါတည်း ငွေပေးချေသူကတော့ တစ်ခါတည်း ငွေပေးချေပြီး တစ်ခါတည်း ပိုင်ဆိုင်မှုပေးလိုက်မှာ ဖြစ်ပါတယ်။ ဒုတိယတစ်မျိုးက ဘဏ်ချေးငွေနဲ့အရစ်ကျ ဝယ်ချင်တယ်ဆိုရင် ကျွန်တော်တို့က နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်နဲ့ ချိတ်ပေးပါမယ်။ သုံးနှစ်၊ ငါးနှစ်၊ ၁၀ နှစ်ပေးချေတဲ့ ပုံစံမျိုးရှိပါတယ်။ သူတို့ရွေးချယ်ရပါမယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ စာရွက်စာတမ်းစိစစ်ရမယ့် ကိစ္စတွေရှိတဲ့အတွက် ဝယ်ယူမှုက နည်းနည်းတော့ နောက်ကျသွားနိုင်တယ်။ လက်ငင်းပေးသူက တိုက်ခန်းချက်ချင်းရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရောင်းတဲ့ တိုက်ခန်းတွေကအပိုင် ရောင်းပေးတာဖြစ်တဲ့အတွက် ဝယ်ယူသူရဲ့ဇနီး၊ ခင်ပွန်း ဆွေမျိုးသားချင်းတွေလည်း ပိုင်ဆိုင်ခွင့်ရှိတယ်။ ပိုက်ဆံသွင်းစရာရှိရင်လည်း သူကဆက်ပြီး သွင်းသွားလို့ရတယ်။ တိုက်ခန်းတစ်ခန်းချင်းစီရဲ့ ပိုင်ဆိုင်မှုကတ်ပြားထုတ်ပေးသွားမယ်။ ငွေအကျေချေပြီး သွားရင်လည်း ပိုင်ဆိုင်ခွင့် နာမည်ပြောင်းချင်ရင်လည်း ပြောင်းပေးသွားမယ်။ ဆုံးပါးသွားပြီးတဲ့ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းတွေရဲ့ အမည်နဲ့တော့ ရောင်းချပေးမှာ မဟုတ်ပါဘူး။ လက်ရှိသက်ရှိထင်ရှားရှိတဲ့ အငြိမ်းစားဝန်ထမ်းတွေကိုပဲ ရောင်းချပေးသွားမှာပါ။ ငွေအကြေချေပြီး ဒီမှာမနေချင်တော့ဘူးဆိုရင်လည်း ပြန်လည်ရောင်းချခွင့် ပေးသွားမယ်" ဟု ဒုတိယမြို့တော်ဝန်က ပြောသည်။

**"ရောင်းချတဲ့အခါမှာ ငွေကို တစ်ခါတည်း ပေးချေပြီး ဝယ်မယ့်သူနဲ့ အရစ်ကျ ပေးသွင်းပြီး ဝယ်ယူမယ့်သူ ဆိုပြီး ခွဲထားပါတယ်။ တစ်ခါတည်း ငွေပေးချေသူ ကတော့ တစ်ခါတည်း ငွေပေးချေပြီး တစ်ခါတည်း ပိုင်ဆိုင်မှုပေးလိုက်မှာ ဖြစ်ပါတယ်။ ဒုတိယတစ်မျိုးက ဘဏ်ချေးငွေနဲ့ အရစ်ကျ ဝယ်ချင်တယ်ဆိုရင် ကျွန်တော် တို့က နေပြည်တော်ဖွံ့ဖြိုးရေး ဘဏ်နဲ့ ချိတ်ပေးပါမယ်။ သုံးနှစ်၊ ငါးနှစ်၊ ဆယ်နှစ် ပေးချေတဲ့ပုံစံမျိုး ရှိပါတယ်"**





အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာ အဆောက်အအုံပုံစံငယ်။

အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအတွက် အိမ်ရာများ ဖော်ဆောင်ရာတွင် သက်ကြီးရွယ်အို မိသားစုဝင်များပါဝင်နိုင်သည့်အတွက် အတက်အဆင်း လွယ်ကူရန် ယခုကဲ့သို့ အထပ်လေးထပ် တည်ဆောက်ခြင်းဖြစ်ပြီး အထပ်မြင့်တည်ဆောက်ပါက တိုက်ခန်း တစ်ခန်းချင်းစီ၏ ကုန်ကျစရိတ်များ မြင့်မားနိုင်ခြင်းကြောင့် ယခုကဲ့သို့ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဖေဖော်ဝါရီလပိုင်းက စတင်ဆောင်ရွက်**

နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးဆန်းနိုင်က " အိမ်ရာတည်ဆောက်ဖို့ အကြိုအင်ဂျင်နီယာလုပ်ငန်း၊ မြေပြုပြင်ရေးလုပ်ငန်းတွေကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလပိုင်းက စတင်ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိမှာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်တိုက် ၃၉ လုံး စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်အနေနဲ့ အိမ်ရာတွေ ကို ဖော်ဆောင်ရာမှာ အခြေခံအဆောက်အအုံတွေဖြစ်တဲ့ မြေသားပြုပြင်ခြင်းလုပ်ငန်း၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ လျှပ်စစ်မီးနဲ့ ရေရရှိရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်ဘတ်ဂျက် ၁၃ ဒသမ ၉ ဘီလီယံ နီးပါး ကျခံသုံးစွဲသွားဖို့ လျာထားပါတယ်"ဟု ပြောသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီဌာနကြီးမှူး (အင်ဂျင်နီယာ) ဦးတင်အောင်ငွေက" အဆောက်အအုံတွေ စတင်မဆောက်လုပ်မီကတည်းက သတ်မှတ်ထားတဲ့ မြေကြီးခံနိုင်အားရှိဖို့ မြေသားစမ်းသပ်မှုတွေ စစ်ဆေးဆောင်ရွက်ပါတယ်။ နိုင်ငံ့ဝန်ထမ်းအိမ်ရာတွေ တည်ဆောက်ရာမှာ အရည်အသွေး ခိုင်ခံ့ကောင်းမွန်ဖို့အတွက် ပြင်ပ QA၊ QC အဖွဲ့တွေနဲ့ စစ်ဆေးဆောင်ရွက်နေပါတယ်။ ဒီအဖွဲ့မှာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရဲ့အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားတဲ့ (B.E)၊ (R.S.E)၊ (RA) တွေ ပါဝင်ပါတယ်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီက လည်း အနီးကပ်စစ် ဆေးဖို့အတွက် လုပ်ငန်းကော်မတီအဖွဲ့ ဖွဲ့စည်းပြီး နေ့စဉ်ကြီးကြပ်ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

"ကျွန်တော်တို့ အရည်အသွေးစစ်ဆေးရေးကုမ္ပဏီတွေကို နေပြည်တော်စည်ပင်သာယာရေးကော်မတီကနေ နည်းပညာပိုင်း ဦးစားပေးကြည့်ပြီး ရွေးချယ်ခဲ့တယ်။ ဒီ Project ကြီးမှာ ကျွန်တော်တို့ ကုမ္ပဏီအပါအဝင် အဖွဲ့ရှစ်ဖွဲ့ကို တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါတယ်။ လုပ်ငန်းစကတည်းက Structure Drawing, M&E Drawing တွေကို တောင်းပြီး လုပ်ငန်းခွင်ထဲမရောက်ခင်ကတည်းက ကြိုတင်စစ်ဆေးပါတယ်။ တည်ဆောက်ရေးလုပ်ငန်းစဉ်တိုင်းကို အလွတ်မခံဘဲ စစ်ဆေးပါတယ်။ လုပ်ငန်းခွင်တစ်ခုစီမှာ အရည်အသွေး စစ်ဆေးရေးအဖွဲ့ဝင်တစ်ယောက်နှုန်းနဲ့ စစ်ဆေးနေတာပါ။ Contractor တွေ လုပ်ငန်းမကြန့်ကြာစေဖို့အတွက် ပြင်စရာရှိရင်လည်း ချက်ချင်းထောက်ပြပါတယ်။ အဆောက်အအုံ ခိုင်ခံ့ဖို့အတွက် ကျွန်တော်တို့ဘက်ကရော ဆောက်လုပ်ရေးကုမ္ပဏီဘက်ကပါ လုပ်ငန်းစဉ်တိုင်းကို စေ့စပ်သေချာအောင် ဆောက်လုပ်နေပါတယ်"ဟု အရည်အသွေးစစ်ဆေးသည့် ACEG ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ကိုလင်းလင်းက ပြောသည်။

**၃၀ ရာခိုင်နှုန်းလောက် ပြီးစီးနေ**

"မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်းဘက်က တည်ဆောက်ရေး ကုမ္ပဏီတွေအနေနဲ့ ၁၂ လုံး တည်ဆောက်နေပါတယ်။ လက်ရှိမှာတော့ ၃၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပါပြီ။ အားလုံးပြီးစီးဖို့အချိန်ကို ၆ လလောက် လျာထားပါတယ်။ နေပြည်တော်စည်ပင် အင်ဂျင်နီယာအဖွဲ့က ထည့်ပေးထားတဲ့ QC အဖွဲ့ နဲ့အတူ သူတို့ရဲ့ ညွှန်ကြားချက်အတိုင်း ပူးပေါင်းဆောင်ရွက်နေပါတယ်။ တိုက် ၁၂ လုံးအတွက် အင်ဂျင်နီယာနဲ့ အလုပ်သမားအင်အားကို အင်ပြည့်အားပြည့် ဆောင်ရွက်နေပါတယ်။ သတ်မှတ်ချိန်ပြီးစီးနိုင်ဖို့ ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု စီမံကိန်းအင်ဂျင်နီယာ ကိုလှိုင်မင်းဦးက ပြောသည်။

"အငြိမ်းစား နိုင်ငံ့ဝန်ထမ်းအိမ်ရာကို ကျွန်တော်တို့ မတ်လ ၂၁ ရက် ကနေ စတင်တည်ဆောက်နေပါတယ်။ စက်တင်ဘာမှာ အပြီးအပ်ရမှာဖြစ်တဲ့အတွက် target က ကပ်တော့ အချိန်နှင့်တစ်ပြေးညီ တိုက်တိုက်တွန်းတွန်းနဲ့ ဆောင်ရွက်နေပါတယ်။ လိုအပ်ရင်လိုအပ်သလို နေ့ဆိုင်း၊ ညဆိုင်း ဆင်းပြီး ဆောင်ရွက်နေပါတယ်။ မိုးရာသီရောက်လာတဲ့အတွက် အလုပ်ကြန့်ကြာမှုတွေ ရှိတဲ့အပြင် လက်ရှိ ဖြစ်နေတဲ့ ကိုဗစ်–၁၉ ကြောင့်လည်း အလုပ်အတွက် တော်တော်ဂရုစိုက်ရပါတယ်။ အလုပ်သမားတွေကို ကိုဗစ်–၁၉ ကြောင့် အလုပ်ကြန့်ကြာမှုမရှိအောင် လိုအပ်တဲ့ အကာအကွယ်တွေပေးပြီး လုပ်ဆောင်နေပါတယ်။ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းအိမ်ရာဆိုတော့ တည်ဆောက်နေစဉ်ကာလအတွင်း အခက်အခဲတွေကို ကျော်လွှားပြီး အငြိမ်းစားဝန်ထမ်းတွေအတွက် ဝမ်းသာအားရ အားတက်သရော ပါဝင်တည်ဆောက်နေပါတယ်" ဟု စီမံကိန်းအင်ဂျင်နီယာ ဦးမျိုးကျော်သူအောင် ပြောသည်။

**တကယ်ကောင်းတဲ့ အစီအစဉ်**

အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးတင်ဦးက "အငြိမ်းစား နိုင်ငံ့ဝန်ထမ်းတွေအတွက် နိုင်ငံတော်က အိမ်ရာဆောက်ပေးမယ်။ ရောင်းချပေးမယ်ဆိုတဲ့ သတင်းကို ကြားသိရပါတယ်။ တကယ်ကောင်းတဲ့ အစီအစဉ်ပါပဲ။ အောက်ခြေဝန်ထမ်းအများစုအနေနဲ့ ပင်စင်ယူပြီးသွားရင် နေရေး အခက်အခဲဖြစ်တာတွေက နေရာဒေသတိုင်းမှာ ရှိနေပါတယ်။ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းတွေအတွက် နိုင်ငံတော်က အခုလို စေတနာထားပြီး ကြည့်ရှုပေးတဲ့အတွက် ဝမ်းသာရပါတယ်။ အမှန်တကယ် နေထိုင်လိုသူတွေ၊ နေရေးအခက်အခဲရှိပြီး နေအိမ်လိုအပ်သူတွေကို ဝယ်ယူခွင့်ရစေလိုပါတယ်။ နေပြည်တော်လို အုပ်ချုပ်ရေး၊ လုံခြုံရေး၊ ကျန်းမာရေး အစစအရာရာ အဆင်ပြေတဲ့ နေရာမျိုးမှာ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းတွေအတွက် အိမ်ရာဆောက်လုပ်ပြီး ရောင်းချပေးမယ်ဆိုတော့ တကယ်ပဲကောင်းပါတယ်" ဟုပြောသည်။

**နယ်ကဝန်ထမ်းတွေအတွက် အခွင့်အရေးတစ်ခု**

ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးမှ ရေယာဉ်မှူး ဦးသိန်းထွန်းက "ကျွန်တော်ဆိုရင် မကြာခင် ပင်စင်ယူတော့မှာပါ။ မကြာခင် ပင်စင်ယူတော့မယ့်သူတွေကိုပါ လျှောက်ထားလို့ရတယ်ဆိုတာ သိရတော့ ဝမ်းသာမိပါတယ်။ ကျွန်တော်တို့ လုပ်ငန်းသဘာဝက နိုင်ငံ့ဝန်ထမ်းဆိုပေမယ့် နယ်လှည့်ပြီး သွားလာနေရတဲ့အတွက် မိသားစုနဲ့ တစ်နေရာစီမှာ နေနေရပါတယ်။ အခုအချိန်အထိလည်း အိမ်ပိုင် မရှိသေးပါဘူး။ အခုရောင်းချပေးမယ့်စနစ်က လက်ငင်းစနစ်နဲ့ရော၊ အရစ်ကျစနစ်နဲ့ပါ ရောင်းချပေးမှာဖြစ်လို့ ဝယ်ယူလိုသူတွေအတွက် တော်တော်အဆင်ပြေပါတယ်။ အရင်က အခုလို ရောင်းချပေးတာမျိုးမရှိတဲ့အတွက် ပင်စင်ယူပြီးရင် နေဖို့ထိုင်ဖို့အတွက် စိတ်ပူပန်နေရပါတယ်။ အခုရောင်းချပေးမယ့်ပုံစံက ဘယ်ဒေသမှာပဲနေနေ အငြိမ်းစားဝန်ထမ်းဖြစ်ရင်ပြီးရောဆိုတဲ့ သတ်မှတ်ချက်ပါတော့ ကျွန်တော်တို့လို နယ်ကဝန်ထမ်းတွေအတွက် အခွင့်အရေးတစ်ခုပါပဲ။ နေပြည်တော်မှာ အမှန်တကယ် နေချင်တဲ့ ဆန္ဒလည်းရှိတယ်။ ပင်စင်ယူပြီးသွားရန် အေးအေးချမ်းချမ်း နေလိုတဲ့အတွက် နေပြည်တော်လို နေရာမျိုးမှာ လာနေချင်ပါတယ်။ နောင်မှာလည်း ဒီလို အငြိမ်းစားဝန်ထမ်းအိမ်ရာတွေကို ဆက်လက်ဖော်ဆောင်ပေးသွားစေလိုပါတယ်"ဟု ပြောသည်။

**အခန်း ၃၀၀၀ ကျော်ကို တာဝန်ယူတည်ဆောက်**

နေပြည်တော် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာကို မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဘက်မှ ကုမ္ပဏီများနှင့် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာအသင်းဘက်မှ ကုမ္ပဏီများက အခန်း ၃၀၀၀ ကျော်ကို တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ပြီး လက်ရှိတွင် အခန်း ၁၀၀၀ ကို နိဝင်ဘာလအပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုဆိုလျှင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားယူမည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နေရေးအတွက် စိုးရိမ်ပူပန်မှုမှာ လျော့နည်းသွားမည်ဖြစ်ပြီး အနာဂတ်ကာလတွင် ယခုအစပြုခဲ့သည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း အိမ်ရာစီမံကိန်းမှ နေရေးကိစ္စအတွက် ဖြေရှင်းပေးနိုင်တော့မည်ဖြစ်ရာ ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်စဉ် ကာလတစ်လျှောက် စိတ်အေးချမ်းစွာ နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ကြမည်ဖြစ်ပေတော့သည်။ ။

# ကပ်ရောဂါကျရောက်ခဲ့ပြီးနောက် ပြည်ပလုပ်သားများအပေါ် မှီခိုအားထားမှုကို လျှော့ချရန် စင်ကာပူပြင်ဆင်

**စင်ကာပူ ဇွန် ၁**

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို ရင်ဆိုင်ခဲ့ရပြီးနောက်တွင် စင်ကာပူနိုင်ငံက ပြည်ပလုပ်သားများအပေါ် မှီခိုအားထားမှုကို နည်းနိုင်သမျှနည်းအောင် လျှော့ချသွားမည့်နည်းလမ်းများကို ရှာဖွေလျက်ရှိပြီး ကပ်ရောဂါနောက်ပိုင်းတွင်လည်းပတ်မည့် နိုင်ငံ့စီးပွားရေးလုပ်ငန်းအချို့တွင် လူအစား အလိုအလျောက် စက်ကိရိယာများသုံးစွဲမှုကို အရှိန်အဟုန်မြင့်တင်ရန် ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။

လူကိုယ်တိုင် ထပ်ကာတလဲလဲလုပ်ဆောင်ရမှုများ နည်းသည်ထက်နည်းလာသင့်ပြီး တူညီသော အလုပ်ကိုထပ်တလဲလဲ လုပ်ဆောင်ရသည့်နေရာများတွင် အလိုအလျောက်လုပ်ဆောင်နိုင်စွမ်းရှိသည့် စက်ကိရိယာများကို အစားထိုးသင့်ကြောင်း၊ ထို့ပြင် ဒေသခံပြည်သူလူထုအနေဖြင့် ပိုမိုအရေးပါသည့် ဖြည့်စွက်လုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်လာမည်ဖြစ်ကြောင်း စင်ကာပူဘဏ္ဍာရေး ဒုတိယဝန်ကြီး အင်ဒရာနီရာဂျာက ဇွန် ၁ ရက် တွင် သတင်းထောက်များသို့ ပြောကြားခဲ့သည်။

သို့ရာတွင် လူအားဖြင့် လည်ပတ်လုပ်ဆောင်နေမှုအားလုံးကို ချက်ချင်းပြောင်းပစ်ရန် အဆင်မပြေသည့်အတွက် ကျွန်ုပ်တို့အနေဖြင့် သတိရှိစွာ တစ်ဆင့်ပြီးတစ်ဆင့် ဖြည်းဖြည်းချင်း ပြောင်းလဲသွားရန်လိုကြောင်း အင်ဒရာနီရာဂျာက ပြောကြားသည်။ စင်ကာပူနိုင်ငံအနေဖြင့် အခြေခံအဆောက်အအုံစနစ်ကို ပြန်လည်ပြင်ဆင်ရေးဆွဲမည်ဖြစ်ပြီး သန့်စင်စွမ်းအင်၊ ပြည်သူ့ကျန်းမာရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ကဏ္ဍတို့တွင် အဓိကထားလျက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကပ်ရောဂါ၏ နောက်ဆက်တွဲ ထိခိုက်မှုများကို ရင်ဆိုင်ရလျက်ရှိသော်လည်း နိုင်ငံတကာငွေကြေးအရင်းအမြစ်များကို ဆက်လက်ရရှိနိုင်ပြီး သန့်စင်စွမ်းအင်စီမံကိန်းများကို ကူညီအားပေးရန် စိတ်အားထက်သန်မှုရှိကြောင်း ၎င်းကပြောကြားခဲ့သည်။

ဘန်ကောက်ပို့စ်



စင်ကာပူရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ရွှေ့ပြောင်းလုပ်သားအချို့ကို တွေ့ရစဉ်။

# ပင်လယ်ရပ်ခြား၌ သောင်တင်နေကြသည့် ဖိလစ်ပိုင်ပြည်သူ ၁၀၀၀၀၀ နီးပါး ရှိကြောင်း အလုပ်သမားဝန်ကြီးဌာနပြော



မနီလာရှိ နိုင်ငံတကာလေဆိပ်၌ နေရပ်ပြန်ရန် စောင့်ဆိုင်းနေကြသည့် ဖိလစ်ပိုင်ပြည်သူများကို တွေ့ရစဉ်။

**မနီလာ ဇွန် ၁**

ကပ်ရောဂါကြောင့် လေကြောင်းခရီးစဉ်ပျံသန်းမှုကို ရပ်နားလိုက်ပြီးနောက် ကမ္ဘာတစ်ဝန်း၌ သောင်တင်နေကြသည့် ဖိလစ်ပိုင်အလုပ်သမားအရေအတွက် ၁၀၀၀၀၀ နီးပါးရှိကြောင်း အလုပ်သမားဝန်ကြီးဌာနက ပြောကြားသည်။

ပင်လယ်ရပ်ခြားသို့ ရောက်ရှိနေကြသည့် ဖိလစ်ပိုင်ပြည်သူ ၉၈၆၁၅ ဦး အနက် ၈၅ ရာခိုင်နှုန်းမှာ အရှေ့အလယ်ပိုင်းဒေသတွင် ရောက်ရှိနေကြပြီး ကျန်အရေအတွက်မှာ ဥရောပ၊ အမေရိကန်နှင့် အခြားအာရှနိုင်ငံများတွင် ရောက်ရှိနေကြကြောင်း အလုပ်အကိုင်နှင့် အလုပ်သမားရေးရာဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အလုပ်သမားများ၏ ငါးပုံတစ်ပုံမှာ ကန်ထရိုက်စာချုပ်များ ပြီးဆုံးခြင်း မရှိသူများ သို့မဟုတ် ဆင်းရဲဒုက္ခရောက်နေကြသူများနှင့် လာမည့်ရက်သတ္တပတ်များအတွင်း နေရပ်ပြန်ပို့ရန် လိုအပ်နေသူများဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနက ဆိုထားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကမ္ဘာတစ်ဝန်း၌ စတင်ဖြစ်ပွားချိန်ကတည်းက ဖိလစ်ပိုင်အစိုးရသည် နိုင်ငံသားပေါင်း ၃၀၀၀၀ ကျော်ကို နေရပ်ပြန်ပို့ရေး၊ စုစည်းရေးနှင့် ကျွေးမွေးမှုများအတွက် ပီဆိုငွေ သန်း ၇၀၀ ကျော် သုံးစွဲခဲ့သည်။

ဘန်ကောက်ပို့စ်

## ယီမင်ဆိပ်ကမ်းမြို့ ဗုံးကြဲတိုက်ခိုက်ခံရပြီး ကလေးတစ်ဦး သေဆုံးကာ ၂၁ ဦးထိခိုက်ဒဏ်ရာရ

**ဆာနား ဇွန် ၁**

ယီမင်နိုင်ငံရှိ ဟိုဒေးဒါ ဆိပ်ကမ်းမြို့ကို မေ ၃၁ ရက် ညနေပိုင်းက ဗုံးကြဲတိုက်ခိုက်ခဲ့မှုအတွင်း ကလေးငယ်တစ်ဦးသေဆုံးကာ ၂၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံတကာအကူအညီပေး အေဂျင်စီ မက်ဒီစင် ဆန့်စ် ဖရန်တီယာ က မေ ၃၁ ရက်ညပိုင်းတွင် တွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။ မိသားစုများရှိနေပြီး ကလေးငယ်များ ဆော့ကစားနေကြသည့် လူသူစုဝေးရာ အများပြည်သူနေရာကို ပစ်မှတ်ထားလျက် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ အေဂျင်စီ က ပြောသည်။ ဟိုဒေးဒါ ဆိပ်ကမ်းမြို့ရှိ အယ်လ်ဇူဟာ အိမ်နီးချင်းဒေသ၌ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၂ ဦးကို အယ်လ်ဆာ လက်ခဖာနာ ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ထိခိုက်ဒဏ်ရာရသူများ အနက် ၁၆ ဦးမှာ ကလေးငယ်များဖြစ်ပြီး ကလေးငယ်တစ်ဦး သေဆုံးသွားကြောင်း အကူအညီပေးအေဂျင်စီ က ပြောသည်။

ဗုံးကြဲတိုက်ခိုက်မှုကို အဆိုပါ အေဂျင်စီက ဝေဖန်ရှုတ်ချခဲ့သော်လည်း မည်သည့်အဖွဲ့ကလုပ်ဆောင်ခြင်းဖြစ်ကြောင်း မှတ်ချက်ပေးခဲ့ခြင်း မရှိပေ။ လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခ အတွင်း အရပ်သား ပြည်သူများ၏ လုံခြုံရေးကိုခိုင်မာသေချာစေမည့် အရေးပေါ်အစီအမံများ ချမှတ်ဆောင်ရွက်ပေးရန် အဆိုပါအဖွဲ့က တောင်းဆိုခဲ့သည်။ အယ်လ်ဇူဟာ အိမ်နီးချင်းဒေသသည် ဟိုဒေးဒါ ဆိပ်ကမ်းမြို့အလယ်ဗဟိုတွင် တည်ရှိသည်။ ဆိပ်ကမ်းမြို့၏ အစိတ်အပိုင်း အချို့မှာ ဟူသီသူပုန်အဖွဲ့၏ ထိန်းချုပ်မှုအောက် ကျရောက်နေပြီး အစိုးရတပ်ဖွဲ့များက တောင်ပိုင်းနှင့် အရှေ့ပိုင်း ဆင်ခြေဖုံးနေရာများသို့ အင်အားတိုးချဲ့ခဲ့သည်။

ဆင်ဟွာ

# အီရန်မှ ရေနံတင်သင်္ဘောရောက်ရှိလာပြီးနောက် ဗင်နီဇွဲလား ရေနံဈေးပြန်တက်

**ကရာကက်စ် ဇွန် ၁**

ဗင်နီဇွဲလားနိုင်ငံ၏ ရေနံဈေးသည် ဇွန်လတွင် ပြန်တက်မည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုက ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံသည် ကြီးမားသည့် ရေနံထုတ်လုပ်ရေးလုပ်ငန်းပိုင်ဆိုင်သည့် နိုင်ငံဖြစ်သော်လည်း ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ဖြစ်ပွားရသည့် နောက်ဆက်တွဲ စီးပွားရေးထိခိုက်မှုကြောင့် ရေနံထုတ်လုပ်ရေးလုပ်ငန်းပြိုလဲခဲ့ရပြီး ပြည်သူများမှာ ရေနံရှားပါးပြတ်လပ်မှုကို ရင်ဆိုင်ခဲ့ရသည်။

ဇွန် ၁ ရက်တွင် စတင်အသက်ဝင်ပြီဖြစ်သည့် အဆိုပါ အပြောင်းအလဲအောက်တွင် ယာဉ်မောင်းသူများအနေဖြင့် တစ်လလျှင် ဓာတ်ဆီ ၁၂၀ လီတာနှင့် အထက်၊ မော်တော်ယာဉ်များအတွက် တစ်လလျှင် ၆၀ လီတာနှင့်အထက်ကို တစ်လီတာလျှင် ၅၀၀၀ ဘိုလီဗာ (အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၂၅ဒေါ်လာ)ဖြင့် သက်သာဈေးနှုန်းဖြင့် ခွင့်ပြုပေးမည်ဖြစ်ကြောင်း သိရသည်။

သတ်မှတ်ထားသည့် ပမာဏထက်ကျော်လွန်ပါက တစ်ဦးချင်း နိုင်ငံတကာဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ကြောင်း သမ္မတကပြောသည်။ ဗင်နီဇွဲလားနိုင်ငံသို့ လောင်စာဆီ အများအပြား တင်ဆောင်လာသည့် အီရန်ရေနံတင်သင်္ဘော ရောက်ရှိလာခဲ့ပြီး ရက်အနည်းငယ်အတွင်း မှာပင် ယခုကဲ့သို့ အပြောင်းအလဲဖြစ်လာခြင်းဖြစ်သည်။

ဓာတ်ဆီဆိုင်ပေါင်း ၂၀၀ ကို နိုင်ငံတကာဈေးနှုန်းအတိုင်း သတ်မှတ်ရောင်းချခွင့်ပြုရန် ဆုံးဖြတ်ထားကြောင်း သမ္မတနီကိုးလပ်စ်မာဒူရိုက မေ ၃၀ ရက်တွင် ပြောကြားသည်။

လောင်စာဆီနှင့် ပတ်သက်၍ တစ်ဦးတည်းချုပ်ကိုင်ထားသည့်စနစ် အဆုံးသတ်ပြီဖြစ်ကြောင်းကိုလည်း ၎င်းက ကြေညာခဲ့သည်။



ဗင်နီဇွဲလား၌ ဓာတ်ဆီဖြည့်ရန် စောင့်ဆိုင်းနေကြသည့် ဆိုင်ကယ်မောင်းသူများကို တွေ့ရစဉ်။

ကရာကက်စ်မြို့၌ မိန့်ခွန်း ပြောကြားခဲ့စဉ်အတွင်း အဆိုပါဆီဆိုင်များတွင် ရေနံဈေးကို တစ်လီတာနှင့် အမေရိကန်ငွေ ၅၀ ဆင့် သတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။

အေအက်ဖ်ပီ

# အပူပိုင်းမုန်တိုင်း အမန်ဒါ အယ်ဆာဗေဒိုနိုင်ငံနှင့် ဂွါတီမာလာနိုင်ငံတို့သို့ ဝင်ရောက် တိုက်ခတ်

**ဆန်ဆာဗေဒို ဇွန် ၁**

အပူပိုင်းမုန်တိုင်း အမန်ဒါကြောင့် မေ ၃၁ ရက်က အယ်ဆာဗေဒိုနိုင်ငံနှင့် ဂွါတီမာလာနိုင်ငံတို့တွင် ရေကြီး၊ မြေပြိုမှုများ၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ပေါ်ပေါက်ခဲ့ပြီး ၁၄ ဦးသေဆုံးခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

**အရေးပေါ်ကာလကို ၁၅ ရက်ကြာ ထားရှိ**

ထို့ပြင်နောက်ထပ်လည်း မိုးသည်းထန်စွာရွာသွန်းနိုင်သေးကြောင်း သတိပေးထားသည်။ မုန်တိုင်းကြောင့် ဖြစ်ပေါ်လာသည့် အပျက်အစီးများကို ဖြေလျှော့နိုင်ရေးအတွက် အရေးပေါ်ကာလကို ၁၅ ရက်ကြာ ထားရှိမည်ဖြစ်ကြောင်း အယ်ဆာဗေဒိုသမ္မတ နေဘီဘုကလီက ပြောသည်။ ယင်းမုန်တိုင်းကြောင့် အယ်ဆာဗေဒိုနိုင်ငံတွင် ပျက်စီးဆုံးရှုံးရမှုများမှာ အမေရိကန်ဒေါ်လာသန်း ၂၀၀ အထိရှိပြီး ဂွါတီမာလာနိုင်ငံသို့ မုန်တိုင်းရွေ့လျားသွားသည့် နောက်ပိုင်းတွင် မုန်တိုင်းဒဏ်ခံရမှု အားလျော့သွားခဲ့သည်။

**သေဆုံးသူ ဆက်လက်မြင့်တက်နိုင်**

မုန်တိုင်းကြောင့် မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး အယ်ဆာဗေဒိုနိုင်ငံတွင် နေအိမ်ပေါင်း ၂၀၀ ပျက်စီးခဲ့ရသည်ဟု ပြည်သူ့ကာကွယ်ရေးအကြီးအကဲဖြစ်သူ ဝီလီယံ ဟာနန်ဒက်ဇ်က ပြောသည်။ သေဆုံးသူစာရင်းမှာလည်း ဆက်လက်မြင့်တက် လာနိုင်သေးသည်ဟု အယ်ဆာဗေဒို ပြည်ထဲရေးဝန်ကြီး မာရီယိုဒူရန် က ပြောသည်။

**လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်**

အန္တရာယ်ရှိသည့်အတွက် နေအိမ်များတွင် ဆက်လက်မနေနိုင်တော့သည့်လူများ၊ မုန်တိုင်းဒဏ်ကြောင့် နေအိမ်ပျက်စီးသွားသူများစုစုပေါင်း ၄၂၀၀ သည် အစိုးရကဖွင့်လှစ်ထားသည့် ခိုလှုံရာနေရာများတွင် ဝင်ရောက်နေထိုင်နေရသည်။

အိမ်နီးချင်းဂွါတီမာလာနိုင်ငံတွင်လည်း မြေပြိုမှု ငါးခုဖြစ်ပွားခဲ့သည့်အတွက် လမ်းများပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ရကြောင်း ရေလွှမ်းမိုးမှုအချို့လည်းရှိခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

**မိုးကြီးမှု ဆက်လက်ဖြစ်ပေါ်နိုင်**

မုန်တိုင်းအမန်ဒါသည် လေဖိအားနည်း ရပ်ဝန်းအဖြစ်သို့ အားပျော့သွားသော်လည်း ဂွါတီမာလာနိုင်ငံတွင် မိုးကြီးမှုများ ဆက်လက်ဖြစ်ပေါ်လာနိုင်သေးသည်ဟု အာဏာပိုင်များက သတိပေးထားသည်။

ထို့ပြင် ရေကြီးမြေပြိုမှု များကြောင့် ကမ်းရိုးတန်းဒေသများတွင် လမ်းပိတ်ဆို့မှုများနှင့်လည်းကြုံတွေ့နိုင်သည်ဟု သတိပေးထားသည်။

**အေအက်ဖ်ပီ**



အယ်ဆာဗေဒိုမြို့တော် ဆန်ဆာဗေဒိုတွင် မြေပြိုမှု ဖြစ်ပွားသည်ကို တွေ့ရစဉ်။

## ဗြိတိန်နှင့်ရုရှားတို့တွင် ဖြေလျှော့မှုများပြုလုပ်နေစဉ် လက်တင်အမေရိက၌ ကူးစက်ခံရသူ တစ်သန်းရှိလာ

ဘရာဆီးလီးယား ဇွန် ၁

ရုရှားနှင့် ဗြိတိန်နိုင်ငံတို့တွင် ကိုဗစ် -၁၉ ကူးစက်ခံရမှုကို အပြည့်အဝထိန်းချုပ်နိုင်ခြင်း မရှိသေးသော်လည်း ဇွန် ၁ ရက်မှ စတင်ကာ ပိတ်ဆို့ ကန့်သတ်ထားမှုများကို တဖြည်းဖြည်းချင်း ဖြေလျှော့ပေးခဲ့သည်။ ထိုအချိန်တွင် လက်တင်အမေရိက၌ ကူးစက်ခံရသူဦးရေမှာ တစ်သန်းရှိလာခဲ့သည်။

စီးပွားရေးကို ထိခိုက်မည် စိုးရိမ်သောကြောင့် ကမ္ဘာတစ်ဝန်းမှ အစိုးရအသီးသီးသည်ပိတ်ဆို့ကန့်သတ်ထားမှုများကို တဖြည်းဖြည်းချင်း ဖြေလျှော့ပေးနေကြသည်။ ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ် -၁၉ ကူးစက်ခံရမှုတွင် ဒုတိယအများဆုံး နိုင်ငံဖြစ်လာခဲ့သည်။ သို့သော်လည်း ပိတ်ဆို့ကန့်သတ်မှုကို ဆန့်ကျင်သော ဘရာဇီးသမ္မတက မေ ၃၁ ရက်တွင် လူအချင်းချင်း ခပ်ခွာခွာနေရန် စည်းမျဉ်းကို ဖီဆန်ခဲ့သည်။

ဘရာဆီးလီးယားမြို့တွင် ဘရာဇီး သမ္မတက နှာခေါင်းစည်းတပ်ဆင်ထားခြင်းမရှိဘဲ ၎င်းကို ထောက်ခံသူများနှင့်အတူ တွေ့ဆုံခဲ့သည်။ ကိုဗစ် -၁၉ ထိန်းချုပ်ရေးအတွက် ပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ခြင်းသည်သာ တစ်ခုတည်းသော နည်းလမ်းဆိုသည်ကို ဘရာဇီးသမ္မတက လက်မခံခဲ့ပေ။

ဗြိတိန်တွင် ဇွန် ၁ ရက်မှစတင်ကာ ကျောင်းများတစ်စိတ်တစ်ပိုင်း ပြန်ဖွင့်နေပြီဖြစ်ပြီး အကြံပေးအချို့က ထိုသို့လုပ်ဆောင်ရန် စောလွန်းသေးသည်ဟု သတိပေးထားကြသည်။ အင်္ဂလန်နိုင်ငံတွင် ပိတ်ဆို့ကန့်သတ်မှုများ ဖြေလျှော့သည်မှာ စောလွန်းသေးသည်ဟု အစိုးရ၏ သိပ္ပံဆိုင်ရာအကြံပေးအဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။ မကြာသေးမီရက်များအတွင်း ကူးစက်မှု မြင့်တက်ခဲ့သည့် ရုရှားနိုင်ငံတွင်လည်း မော်စကိုမြို့ရှိ ဈေးဝယ်စင်တာများ နှင့် ပန်းခြံများကို ပြန်ဖွင့်ခွင့်ပေးခဲ့သည်။ **အေအက်ဖ်ပီ**




လော့စ်အိန်ဂျလိစ်မြို့ရှိ အားကစားဆိုင်ရှေ့တွင် ခပ်ခွာခွာ တန်းစီနေကြသည့် ဝယ်သူများကို တွေ့ရစဉ်။

## မြောက်ကိုရီးယားနိုင်ငံ၌ ဗိုင်းရပ်စ်ခြိမ်းခြောက်မှုလျော့ကျလာသည့်အတွက် ကျောင်းများပြန်ဖွင့်မည်

ပြုံယမ်း ဇွန် ၁

မြောက်ကိုရီးယားနိုင်ငံ၌ ကိုဗစ် -၁၉ ခြိမ်းခြောက်မှုကြောင့် ကျောင်းများ ပိတ်ထားခဲ့ရပြီးနောက် ယခုလအတွင်း ကျောင်းများပြန်ဖွင့်တော့မည်ဟု တနင်္လာနေ့တွင် သတင်းထွက်ပေါ်လာသည်။

မြောက်ကိုရီးယားနိုင်ငံတွင် ကူးစက်မှု တွေ့ရှိရသည်ဟု သတင်းမထွက်ပေါ်ခဲ့သော်လည်း တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားသည်။ နယ်စပ်များ ပိတ်ထားခြင်းအပါအဝင် ထောင်နှင့်ချီသည့် လူများကို သီးခြားခွဲထားခြင်း အစရှိသည်တို့ ပြုလုပ်ခဲ့ကြသည်။

ဧပြီလ အစောပိုင်းကတည်းက စာသင်နှစ်ပြန်စရမည်ဖြစ်သော်လည်း အကြိမ်ကြိမ်ရွှေ့ဆိုင်းခဲ့ရသည်။ အချို့သောကျောင်းများနှင့် တက္ကသိုလ်များမှာမူ ဧပြီလလယ်တွင် ပြန်ဖွင့်နိုင်ခဲ့သည်။

ဇွန်လအစောပိုင်းတွင် နိုင်ငံတစ်ဝန်း မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများကို ပြန်ဖွင့်မည်ဖြစ်သော်လည်း နေ့ကလေးထိန်းကျောင်းနှင့် သူငယ်တန်းကျောင်းများကိုမူ ကန့်သတ်ထားဦးမည်ဖြစ်ကြောင်း မြောက်ကိုရီးယား နိုင်ငံပိုင် ရေဒီယို၏ ကြေညာချက်ကို ယွန်ဟတ်သတင်းအေဂျင်စီက ကိုးကားဖော်ပြထားသည်။

ကျောင်းများ၊ စာသင်ခန်းများနှင့် ရုံးဝင်ပေါက်တွင် အပူချိန်တိုင်းကိရိယာနှင့် လက်သန့်ဆေးရည်များထားရှိပေးရန် ပညာရေးအာဏာပိုင်များက တောင်းဆိုထားသည်။ ကမ္ဘာတစ်ဝန်း ကိုဗစ် -၁၉ ကူးစက်ခံရသူ လူပေါင်း ၆ ဒသမ ၁ သန်း ရှိလာပြီး သေဆုံးသူ ၃၇၀၀၀၀ ရှိခဲ့သည်။ **အေအက်ဖ်ပီ**



ပြုံယမ်းမြို့ဝန်းကျင်ရှိ ကျောင်းများတွင် ပိုးသတ်ဆေးဖျန်းနေကြသူများကို တွေ့ရစဉ်။

## တူရကီနိုင်ငံတစ်လွှားတွင် ကိုဗစ် -၁၉ ကြောင့် ပိတ်ထားခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်

**အစ္စတန်ဘူလ် ဇွန် ၁**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မေ ၃၁ ရက်က ပြင်ဆင်မှုများ ပြုလုပ်နေခဲ့ကြသည်။

**ပြန်ဖွင့်နိုင်တော့မည်**

ကိုဗစ် -၁၉ ပျံ့နှံ့မှုများကို လျှော့ချနိုင်ရေးအတွက် တူရကီနိုင်ငံတွင် စီးပွားရေး လုပ်ငန်းများကို နှစ်လကြာရပ်နားပြီးနောက်ပိုင်းတွင် ပထမဆုံးအကြိမ် အဖြစ် ပြန်လည်ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည့်အတွက် မေ ၃၁ ရက် က စီးပွားရေးလုပ်ငန်းများတွင် ဝန်ထမ်းများက ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။

**ဇွန် ၁ ရက်မှစတင်**

တူရကီနိုင်ငံတွင် စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ ပန်းခြံများ၊ ကမ်းခြေများ၊ နေ့ကလေးထိန်းကျောင်း၊ မူလတန်းကြိုကျောင်းများ၊ စာကြည့်တိုက်များ၊ အားကစား ပစ္စည်းအရောင်းဆိုင်များ၊ ရေကူးကန်များ၊ ပြတိုက်များကို ဇွန် ၁ ရက်နေ့မှစတင်ကာ ပြန်လည်လုပ်ကိုင်ခွင့်ပေးထားကြောင်း သိရသည်။ **ဆင်ဟွာ**

## အာဖဂန်နစ္စတန်ပြည်နယ်အချို့တွင် တိုက်ခိုက်မှုများကြောင့် လူခုနစ်ဦး သေဆုံး

**ကဘူးလ် ဇွန် ၁**

အာဖဂန်ပြည်နယ်သုံးခုတွင် သီးခြားစီတိုက်ခိုက်မှုများကြောင့် လူခုနစ်ဦး သေဆုံးခဲ့ရသည်ဟု အာဖဂန်နစ္စတန် အာဏာပိုင်များက ဇွန် ၁ ရက်တွင် ပြောကြားခဲ့သည်။ ကာပီဆာပြည်နယ် အရှေ့ပိုင်း ယာဉ်ထိန်းရဲအကြီးတန်းအရာရှိ ဗိုလ်မှူးဆေရက်မိုနီရာကို တာလီဘန်တို့က ဇွန် ၁ရက်နံနက်ပိုင်းတွင် ပစ်သတ်ခဲ့ခြင်းဖြစ်သည်။

**တပ်ဖွဲ့ဝင်နှစ်ဦး အသတ်ခံရ**

ရုံးသွားသည့်လမ်းတွင် အကြမ်းဖက်တိုက်ခိုက်ခံရခြင်းဖြစ်သည်။ ဘဒက်ရှန် ပြည်နယ်တွင်လည်း တာလီဘန်တို့ ၏တိုက်ခိုက်မှုကြောင့် အာဖဂန်ဒေသတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး မေ ၃၁ ရက် က အသတ်ခံခဲ့ရသည်။ အာဖဂန်ဒေသတွင် လုံခြုံရေးတပ်ဖွဲ့မှာ ဝေးလံခေါင်ဖျားသော ကျေးရွာများကို စောင့်ရှောက်ရန် တာဝန်ကျသည့်အဖွဲ့လည်းဖြစ်သည်။

**တိုက်ပွဲများ ဆက်ဖြစ်နေဆဲ**

ထို့ပြင် အိမ်နီးချင်း တက်ဟာပြည်နယ်တွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာလီဘန်တို့ တိုက်ပွဲဖြစ်ပွားရာ တာလီဘန်လေးဦးသေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦး ဒဏ်ရာရရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် တာလီဘန်တို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖေဖော်ဝါရီလနှောင်းပိုင်းက လက်မှတ်ရေးထိုးခဲ့သော်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။

အမေရိကန်နှင့် တာလီဘန်တို့ကြား ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးမှုသည် အာဖဂန်မြေပေါ်မှ အမေရိကန်တပ်များ ဆုတ်ခွာရေးအတွက် အရေးပါသည့် လမ်းကြောင်းတစ်ခုဖြစ်သည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အိန္ဒိယနှင့် ဖိလစ်ပိုင်တွင် ကိုဗစ်-၁၉ ကန့်သတ်ချက်များ လျှော့ချလျက်ရှိ

**နယူးဒေလီ ဇွန် ၁**

အရှေ့တောင်နှင့် တောင်အာရှနိုင်ငံများတွင် ကိုဗစ်-၁၉ ကန့်သတ်ချက်များ လျှော့ချလျက်ရှိသည်။ ကိုဗစ်-၁၉ ပြန့်ပွားမှုမှာ ယခုအချိန်အထိ မြင့်တက်နေသော်လည်း အချို့နိုင်ငံများတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နေသည်။

အိန္ဒိယနိုင်ငံတွင် မတ်လကုန်နောက်ပိုင်း ချမှတ်ခဲ့သည့် နေအိမ်အတွင်း၌သာ နေထိုင်ရန်အမိန့်ကို ဇွန် ၁ ရက်က ဖြေလျှော့ခဲ့သည်။ လက်လီအရောင်းဆိုင်များနှင့် ကုန်ထုတ်လုပ်ရေးကဏ္ဍများလည်ပတ်ရန် ကန့်သတ်ချက်များကိုလည်း ရုပ်သိမ်းပေးတော့မည်ဖြစ်သည်။

အိန္ဒိယအစိုးရက ကိုဗစ်-၁၉ ကူးစက်မှုများ ရှိနေသေးသော်လည်း စီးပွားရေးလုပ်ငန်းများကို ယခုထက်ပိုမိုဖွင့်လှစ်ပေးမည်ဟု အလေးထားပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် မြို့တော်မနီလာအနီးဝန်းကျင်ဒေသတစ်လျှောက် ခရီးသွားလာမှု ကန့်သတ်ချက်များကို ဖြေလျှော့ပေးလျက်ရှိပြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများလည်း ပြန်လည်စတင်နေပြီဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### ဝူဟန်မြို့တွင် ပထမဆုံးအကြိမ် လက္ခဏာမပြ ကိုဗစ်-၁၉ ထပ်တိုးကူးစက်ခံရသူမရှိ

**ဝူဟန် ဇွန် ၁**

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် မေ ၃၁ ရက်က ပထမဆုံးအကြိမ်အဖြစ် လက္ခဏာမပြ ကိုဗစ်-၁၉ ရောဂါ ထပ်တိုးကူးစက်ခံရသူမရှိခဲ့ကြောင်း ဝူဟန်မြို့ ကျန်းမာရေးကော်မရှင် ဝက်ဘ်ဆိုက်မှ ဇွန် ၁ ရက် နံနက်ပိုင်း ထုတ်ပြန်သည့် သတင်းများအရ သိရသည်။

ဝူဟန်မြို့တွင် လူပေါင်း ၆၀၀၀၀ ကျော်အား နျူကလိယက်စ်အက်စ်ရောဂါစစ်ဆေးမှုများပြုလုပ်ခဲ့ရာ လက္ခဏာမပြ ရောဂါကူးစက်ခံရသူ မတွေ့ရှိခဲ့ကြောင်း သိရသည်။

ဝူဟန်မြို့တွင် လက္ခဏာမပြ ရောဂါပိုးကူးစက်ခံရသူအရေအတွက် ထုတ်ပြန်သည့်ကာလ တစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ထပ်တိုး လက္ခဏာမပြကူးစက်ခံရသူ မတွေ့ရှိရခြင်း ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ၂၁ ရာစု ကူးစက်ရောဂါများအကြောင်း တစေ့တစောင်း

*ထွန်းသစ်စ*

ဒီနေ့ကမ္ဘာမှာကြောက်စရာကောင်းအောင်ဖြစ်နေတဲ့ ကိုရိုနာဗိုင်းရပ်စ်သစ်မပေါ်ပေါက်ခင် အခြားကူးစက်ရောဂါတွေဟာ ၂၁ ရာစုအစောပိုင်းက ဖြစ်ပွားခဲ့ပါသေးတယ်။ အရင်ရာစုတွေကဖြစ်ပွားခဲ့တဲ့ ကူးစက်ရောဂါကြောင့်သေဆုံးခဲ့တဲ့သူအရေအတွက်ဟာလည်း များပြားခဲ့ပါတယ်။ ထို့အတူ ယနေ့ခေတ် ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးကြောင့် သေဆုံးခဲ့သူအရေအတွက်ဟာလည်း အခုဆိုရင် ၃၇၃၉၈၀ ထိတောင်ရှိလာခဲ့ပါပြီ။ ကမ္ဘာ့နိုင်ငံတွေဟာ အခုဆိုရင် ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးက ရုန်းထွက်ဖို့ ကြိုးစားနေကြသလို အစိုးရတွေအနေနဲ့လည်း စီးပွားရေးတွေ ပြန်လည်ထူထောင်မှုတွေ လုပ်ဆောင်နေကြပါပြီ။



ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း ဂျပန်နိုင်ငံရှိ လေဆိပ်အဆောက်အအုံတစ်ခုအတွင်း ခရီးသွားပြည်သူများ ပါးစပ်နှာခေါင်းစည်းများတပ်ဆင်ပြီး ဥဒဟိုသွားလာနေစဉ်။

## ၂၁ ရာစုမတိုင်မီ ကူးစက်ရောဂါများ

### စပိန်တုပ်ကွေး

၁၉၁၈-၁၉၁၉ မှာ စပိန်တုပ်ကွေးဖြစ်ခဲ့ပါတယ်။ ပထမကမ္ဘာစစ်ဖြစ်ပွားနေတဲ့အချိန်မှာ စပိန်တုပ်ကွေးဖြစ်ခဲ့တာကြောင့် ကမ္ဘာ့လူဦးရေအများကြီး ကူးစက်ပျံ့နှံ့ခဲ့ပါတယ်။ စပိန်တုပ်ကွေးရောဂါကြောင့် လူပေါင်း သန်း ၅၀ လောက်သေဆုံးခဲ့တယ်လို့ ရောဂါထိန်းချုပ်ရေးဌာနက ပြောခဲ့ပါတယ်။

ဒီရောဂါဟာ ၁၉၁၈ ခုနှစ် ဧပြီမှစပြီး ၁၉၁၉ ဧပြီလအတွင်းမှာဖြစ်ပွားခဲ့တဲ့အတွက် အလွန်တိုတောင်းတဲ့ကာလအတွင်းမှာ လူသေဆုံးမှုအများဆုံးဖြစ်ပွားခဲ့တဲ့ ရောဂါအဖြစ် သမိုင်းမှာ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

ပထမကမ္ဘာစစ်မှာ သေဆုံးတဲ့လူအရေအတွက်ထက် ရောဂါဖြစ်လို့သေဆုံးတဲ့ လူအရေအတွက်က ငါးဆလောက်ပိုလို့တောင် များနေပါသေးတယ်။ ပထမဆုံးရောဂါတွေ့ရှိခဲ့တာကတော့ အမေရိကန်ပြည်ထောင်စုမှာ ဖြစ်ပါတယ်။ ထို့နောက်မှာတော့ ဥရောပနဲ့ ကမ္ဘာတစ်ဝန်းလုံးကို ပျံ့နှံ့ခဲ့တာပါ။

### ဟောင်ကောင်တုပ်ကွေး

၁၉၆၈-၁၉၇၀မှာ ဟောင်ကောင်တုပ်ကွေးဖြစ်ခဲ့ပါတယ်။ လူတစ်သန်းလောက် ဒီရောဂါနဲ့ သေဆုံးခဲ့တယ်လို့ အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောကြားခဲ့ပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာအနေနဲ့ ရောဂါကူးစက်ပျံ့နှံ့မှုဟာ ၁၉၆၈ နှစ်လယ်လောက်နဲ့ ၁၉၇၀ အစောပိုင်းကာလတွေမှာ ဖြစ်ပွားခဲ့ပါတယ်။

အဲဒီရောဂါကြောင့် ကလေးတွေအတော်များများ သေဆုံးခဲ့ပါတယ်။ အဲဒီရောဂါဟာ ဟောင်ကောင်မှာပထမဆုံးစတင်ဖြစ်ပွားခဲ့ပြီး အာရှကိုကျော်ပြီး အမေရိကန်ပြည်ထောင်စုမှာ ၁၉၆၈ ခုနှစ်နှောင်းပိုင်းမှာ ဖြစ်ပွားခဲ့ပါတယ်။ ထို့နောက်မှာတော့ ၁၉၆၉ခုနှစ် နှောင်းပိုင်းမှာ ဥရောပကိုပါ ကူးစက်ခဲ့ပါတယ်။

ကူးစက်ရောဂါကျွမ်းကျင်သူတွေကတော့ အဲဒီတုပ်ကွေးဟာ သမိုင်းဝင်တုပ်ကွေးဖြစ်တယ်လို့ တင်စားခဲ့ပါတယ်။ အဲဒီတုပ်ကွေးဟာ လေထဲမှာ အမြန်ဆုံးနှုန်းနဲ့ သွားနိုင်တယ်လို့လည်း ဆိုပါတယ်။

### အာရှတုပ်ကွေး

၁၉၅၇-၁၉၅၈ မှာ အာရှတုပ်ကွေးဖြစ်ခဲ့ပါတယ်။ အဲဒီတုပ်ကွေးကြောင့် အာရှမှာ လူပေါင်း ၁ ဒသမ ၁ သန်းလောက် သေဆုံးခဲ့တယ်လို့ ရောဂါထိန်းချုပ်ရေးဌာနက ပြောပါတယ်။ ပထမဖြစ်ပွားမှုဟာ တရုတ်နိုင်ငံတောင်ပိုင်းမှာ ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီမှာ စတင်ခဲ့ပါတယ်။ လပေါင်းများစွာကြာခဲ့ပါတယ်။ ထို့နောက်မှာတော့ အမေရိကနဲ့ ဥရောပအထိ ရောက်ရှိခဲ့ပါတယ်။ ဒီရောဂါဟာ အဆုတ်ရဲ့ လုပ်ငန်းဆောင်တာတွေကို အလွန်အမင်း ရှုပ်ထွေးစေခဲ့ပါတယ်။ အထူးသဖြင့် သက်ကြီးပိုင်းတွေအဖြစ်များခဲ့ပါတယ်။

## ၂၁ ရာစုကူးစက်ရောဂါများ

### ဆားစ်ရောဂါ

၂၀၀၂-၂၀၀၃ ဆားစ်ရောဂါဖြစ်ပွားခဲ့ပါတယ်။ ဆားစ်ရောဂါကို ပထမဆုံး တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်မှာ ၂၀၀၂ ခုနှစ် နိုဝင်ဘာလမှာ တွေ့ရှိခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ၂၀၀၃ ခုနှစ် နှစ်လယ်လောက်မှာ အဲဒီရောဂါဟာ တကယ့်ကြောက်စရာကောင်းအောင် ပျံ့နှံ့ခဲ့ပြီးတော့ ကျန်းမာရေးအကျပ်အတည်းတစ်ခုလို ဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် အာရှမှာ အဲဒီရောဂါကြောင့် ပရိဒေဝမီးတွေ တောက်လောင်ခဲ့ပါတယ်။

အဲဒီရောဂါကြောင့် လူဦးရေစုစုပေါင်း ၇၇၄ ဦးသေဆုံးခဲ့ပါတယ်။ အဲဒီထဲက ငါးပုံပုံ လေးပုံလောက်ဟာ တရုတ်နိုင်ငံနဲ့ ဟောင်ကောင်တို့မှာဖြစ်ပွားခဲ့ပါတယ်။ အဲဒီရောဂါဟာ လင်းနို့ကနေပြီး လူကိုကူးစက်ခဲ့တာဖြစ်ပါတယ်။ အဲဒီရောဂါဟာ နိုင်ငံပေါင်း ၃၀ နီးပါး ပျံ့နှံ့ခဲ့ပါတယ်။ အဲဒီရောဂါကြောင့် သေဆုံးတဲ့နှုန်းဟာ ၉ ဒသမ ၅ ရာခိုင်နှုန်းလောက်အထိ ရှိခဲ့ပါတယ်။

### ငှက်တုပ်ကွေး

၂၀၀၃-၂၀၀၄မှာ ငှက်တုပ်ကွေး ဖြစ်ခဲ့ပါတယ်။ အဲဒီတုပ်ကွေးကို အိတ်ချ် ဖိုက် အင်န်ဝမ်းလို့ခေါ်ခဲ့ပါတယ်။ အဲဒီ ငှက်တုပ်ကွေးကြောင့် အထူးသဖြင့် အရှေ့တောင်အာရှမှာ လူပေါင်း ၄၀၀ ထက်မနည်းသေဆုံးခဲ့ပါတယ်။ အဲဒီ ငှက်တုပ်ကွေးဟာ လူသားတွေကို မကူးစက်မီ ပထမဆုံး ဟောင်ကောင်မွေးမြူရေးခြံတွေက စတင်ခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဲဒါကို ကမ္ဘာ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါတယ်။ သို့သော်လည်း ထိန်းချုပ်နိုင်ခဲ့ပါတယ်။

"၂၀၀၃-၂၀၀၄မှာ ငှက်တုပ်ကွေး ဖြစ်ခဲ့ပါတယ်။ အဲဒီတုပ်ကွေးကို အိတ်ချ် ဖိုက် အင်န်ဝမ်းလို့ ခေါ်ခဲ့ပါတယ်။ အဲဒီ ငှက်တုပ်ကွေးကြောင့် အထူးသဖြင့် အရှေ့တောင်အာရှမှာ လူပေါင်း ၄၀၀ ထက်မနည်းသေဆုံးခဲ့ပါတယ်။ အဲဒီ ငှက်တုပ်ကွေးဟာ လူသားတွေကို မကူးစက်မီ ပထမဆုံး ဟောင်ကောင်မွေးမြူရေးခြံတွေက စတင်ခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဲဒါကို ကမ္ဘာ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါတယ်။ သို့သော်လည်း ထိန်းချုပ်နိုင်ခဲ့ပါတယ်"

### ဝက်တုပ်ကွေး

၂၀၀၉-၂၀၁၀မှာ ဝက်တုပ်ကွေးဖြစ်ခဲ့ပါတယ်။ ဝက်တုပ်ကွေးကြောင့် လူပေါင်း ၁၈၅၀၀ ခန့်သေဆုံးခဲ့တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့ပါတယ်။ အဆိုပါ ဝက်တုပ်ကွေးရောဂါကို မက္ကဆီကိုနဲ့ အမေရိကန်ပြည်ထောင်စုတို့မှာ ၂၀၀၉ ခုနှစ်က ပထမဆုံးတွေ့ရှိခဲ့ပါတယ်။ သို့သော်လည်း လန်ဆက်ဆေးဘက်ဆိုင်ရာ စစ်တမ်းမှာတော့ ဝက်တုပ်ကွေး သို့မဟုတ် အိတ်ချ်ဝမ်းအင်န်ဝမ်းကြောင့် သေဆုံးသူဟာ ၁၅၁၇၀၀ ကနေ ၅၇၅၄၀၀ အထိရှိခဲ့တယ်လို့ ဖော်ပြခဲ့ပါတယ်။ တုပ်ကွေးဆိုင်ရာသတိပေးမှုတွေကို ၂၀၀၉ ခုနှစ်ဇွန်လ ၁၁ ရက်မှာ ပြုလုပ်ခဲ့ပြီးတော့ ၂၀၁၀ ဩဂုတ်လ ၁၀ ရက်မှာရုပ်သိမ်းခဲ့ပါတယ်။ ကာကွယ်ဆေးဝါးတွေလည်း ပြတ်တောက်ခဲ့ပါတယ်။

### အီဘိုလာ

၂၀၁၃-၂၀၁၆ မှာ အီဘိုလာရောဂါပျံ့နှံ့ဖြစ်ပွားခဲ့ပါတယ်။ ပြင်းထန်အီဘိုလာ ကူးစက်ရောဂါဟာ အနောက်အာဖရိကမှာ ၂၀၁၃ခုနှစ် ဒီဇင်ဘာမှာဖြစ်ပွားခဲ့ပြီး နှစ်နှစ်ကျော်ကြာမြင့်ခဲ့ပါတယ်။ အီဘိုလာကူးစက်ရောဂါကြောင့် ဂူနီယာ၊ လိုက်ဘေးရီးယားနဲ့ ဆီရီယာလီယွန်နိုင်ငံတွေမှာ လူပေါင်း ၁၁၃၀၀ သေဆုံးခဲ့ပါတယ်။

အီဘိုလာရောဂါကို ၁၉၇၆ ခုနှစ်က ပထမဆုံး ဖော်ထုတ်ခဲ့ပါတယ်။ အီဘိုလာရောဂါဟာ အခြား ဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားတဲ့ရောဂါတွေထက်စာရင် ကူးစက်မှုနှုန်းနည်းခဲ့တယ်လို့ ဆိုရမှာပါ။ သို့သော်လည်း လူပေါင်း ၄၀ ရာခိုင်နှုန်းလောက် သေဆုံးခဲ့ပါတယ်။

အီဘိုလာဗိုင်းရပ်စ်ကို ၂၀၁၈ ခုနှစ်မှာ ကွန်ဂိုဒီမိုကရက်တစ်ပြည်ထောင်စု အရှေ့ပိုင်းမှာ ပြန်လည်တွေ့ရှိခဲ့ပါတယ်။ အဲဒီမှာဖြစ်ပွားခဲ့တဲ့ အီဘိုလာရောဂါကြောင့် လူပေါင်း ၂၂၀၀ သေဆုံးခဲ့ပါတယ်။

### အေအိုင်ဒီအက်စ်

၁၉၈၁ ခုနှစ်ကနေ အခုအချိန်အထိ အိတ်စ် (အေအိုင်ဒီအက်စ်) ရောဂါဖြစ်ခဲ့ပါတယ်။ ယနေ့အချိန်အထိသေစေနိုင်တဲ့ ကူးစက်ရောဂါဖြစ်လျက်ရှိဆဲပါ။ ကမ္ဘာတစ်ဝန်းမှာ ဒီရောဂါကြောင့် လူပေါင်း ၃၂ သန်းသေဆုံးခဲ့တယ်လို့ ကုလသမဂ္ဂ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးအဖွဲ့က ပြောပါတယ်။ လူပေါင်း ၂၄ ဒသမ ၅ သန်းဟာ ခုခံအား ကျဆင်းမှုရောဂါတိုက်ဖျက်ရေးဆေးတွေ သုံးဆောင်နေရပါတယ်။

### ကိုဗစ်-၁၉

တရုတ်နိုင်ငံ ဝူဟန်မြို့မှာ ၂၀၁၉ ဒီဇင်ဘာလလောက်မှာ စတင်လာတဲ့ ကိုဗစ်-၁၉ ဟာ အခုဆိုရင် ကမ္ဘာ့နိုင်ငံအများအပြား ကူးစက်ပျံ့နှံ့ခဲ့ပြီဖြစ်သလို ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူဦးရေဟာ ၆၂၆၈၁၄၆ ဦးဖြစ်ခဲ့ပြီး သေဆုံးသူဦးရေဟာလည်း သုံးသိန်းကျော်လွန်ခဲ့ပြီဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကို မတ် ၁၁ ရက်တွင် ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာခဲ့ပါတယ်။ ကိုဗစ်-၁၉ဟာ ကမ္ဘာ့နိုင်ငံနဲ့ နယ်နိမိတ်ပေါင်း ၂၁၃ ခုအထိ ကူးစက်ပျံ့နှံ့ခဲ့ပါတယ်။ ထို့အတူပဲ ဒီရောဂါကို တိုက်ဖျက်ဖို့အတွက် ကမ္ဘာ့အစိုးရများသာမက တရုတ်ဒေသတွင်းသန်းကြွယ်သူဌေးများနဲ့ နိုင်ငံတကာ သူဌေးများကလည်း ဝိုင်းဝန်းလုပ်ဆောင်နေကြပြီဖြစ်ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၃၁–၅–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၇၃၄) ခုနှင့် ရန်ကုန်မြို့၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်–၁,၀၀၀)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၀၃) ခု၊ စုစုပေါင်း (၈၃၇) ခုတွင် –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄) ဦးတွေ့ရှိရသည်။

၂။ သို့ဖြစ်ပါ၍ (၃၁–၅–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ(၁၂၇၉)ခု၊ ဆေးသုတေသနဦးစီးဌာန(DMR)တို့မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၇၈)ခု၊ ရန်ကုန်မြို့၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်–၁,၀၀၀)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၀၃) ခု၊ စုစုပေါင်း (၁,၅၆၀)ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄) ဦး တွေ့ရှိရသည်။

၃။ (၁–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၂၈) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက်**

**ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၃၁-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၇၃၄) ခု |
| (၃၁-၅-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော် ဆေးရုံကြီး (ခုတင်-၁,၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၁၀၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၄) ဦး |

**COVID-19 ရောဂါအတွက်**

**ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၄) ဦး | (၂၂၈) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၃၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID-19ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၁-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့်/ ခံယူစေမည့် ဆေးရုံ | COVID-19 ပိုးတွေ့ရှိ/ မတွေ့ရှိ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 225 | ၃၂ နှစ် | ကျား | လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တပ်မတော် အသည်းရောဂါအထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရန်ကုန်တိုင်းဒေသကြီး) |
| 226 | ၃၆ နှစ် | ကျား | လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တပ်မတော် အသည်းရောဂါအထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 227 | ၃၂ နှစ် | ကျား | လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တပ်မတော် အသည်းရောဂါအထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 228 | ၂၇ နှစ် | ကျား | လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တပ်မတော် အသည်းရောဂါအထူးကုဆေးရုံကြီး | တွေ့ရှိ | |

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၁–၆–၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၉) ခုနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ(၄၆၀)ခု၊ စုစုပေါင်း (၅၁၉)ခုတွင်–

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၁–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၂၈) ဦး ရှိပါသည်။

၃။ (၁–၆–၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case)များ၏ ဓာတ်ခွဲနမူနာများတွင် (၂)ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၁၃၈) ဦးရှိပြီး ၎င်းတို့အနက် (၁၂၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၃၁–၅–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁–၆–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ်(၂၉) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၉) ခု |
| (၁-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၆၀) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၂၈) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၃၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

# ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ကမ္ဘောဇဘဏ်မှ ဓနု၊ ပလောင်၊ တောင်ရိုး၊ ပအိုဝ်း တိုင်းရင်းသားဒေသများသို့ စားနပ်ရိက္ခာများ ဆက်လက်လှူဒါန်း

**တောင်ကြီး ဇွန် ၁**

ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ၊ ကမ္ဘောဇဘဏ်လီမိတက် နာယက ဦးအောင်ကိုဝင်းနှင့် အရာထမ်းဝန်ထမ်းများ၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီဝင်များ၊ ပရဟိတအဖွဲ့ဝင်များသည် ယနေ့ နံနက် ၈ နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့၊ အောင်ပန်း၊ ဟဲဟိုးမြို့၊ ရွှေညောင်မြို့များရှိ ဓနု၊ ပလောင်၊ တောင်ရိုး၊ ပအိုဝ်း၊ ဗမာတိုင်းရင်းသားအခြေခံ ပြည်သူလူထုသို့ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့သည် ကလောမြို့ မြက်ရဲအင်းပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ဆန်အိတ် ၂၀၊ ဆီ ငါးပုံး၊ ဆား တစ်အိတ်၊ ကုလားပဲ တစ်အိတ်တို့ကို လှူဒါန်းကာ မြက်ရဲအင်းရွာ ဓနု၊ ပလောင်၊ တောင်ရိုး၊ ပအိုဝ်း၊ ဗမာတိုင်းရင်းသားအခြေခံ ပြည်သူ အိမ်ထောင်စု ၄၀၀ အတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ် ၇၀၀ နှင့် ငွေကျပ် ၁၀၀၀၀ စီ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ကလောမြို့ မြို့မပရိယတ္တိ စာသင်တိုက်ရှိ သံဃာတော်များအတွက် ဆန် ၁၀ အိတ်၊ ဆီ သုံးပုံး၊ ဆား တစ်အိတ်၊ ကုလားပဲ တစ်အိတ်တို့အားလည်းကောင်း၊ ကလောမြို့နယ် သူရဲကျေးရွာအုပ်စု ပိန္နဲပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ဆန် ၁၀ အိတ်၊ ဆီ သုံးပုံး၊ ဆား တစ်အိတ်၊ ကုလားပဲ တစ်အိတ်တို့အားလည်းကောင်း၊ ကျေးရွာနေ ဓနု၊ ပလောင်၊ တောင်ရိုး၊ ပအိုဝ်း၊ မြန်မာတိုင်းရင်းသားအခြေခံပြည်သူ အိမ်ထောင်စု ၁၀၀ အတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ် ၁၀၀ နှင့် ငွေကျပ် ၁၀၀၀၀ စီကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။




ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် ကလောမြို့နယ် အောင်ပန်းမြို့ အောင်ချမ်းသာပရိယတ္တိ ဘုန်းတော်ကြီးကျောင်းသို့ ဆန် ၂၀ အိတ်၊ ဆီ ငါးပုံး၊ ဆား တစ်အိတ်၊ ကုလားပဲ တစ်အိတ်တို့အားလည်းကောင်း၊ အောင်စကြာဘုန်းတော်ကြီးကျောင်းသို့ ဆန် ၁၀ အိတ်၊ ဆီ သုံးပုံး၊ ဆား တစ်အိတ်၊ ကုလားပဲ တစ်အိတ်တို့အား လည်းကောင်း၊ အောင်ပန်းမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် အောင်ပန်းမြို့နေ အခြေခံပြည်သူလူထု အိမ်ထောင်စု ၉၃၀ အတွက် ရိက္ခာထုပ် ၁၅၀၀ နှင့် ငွေကျပ် ၁၀၀၀၀ စီအားလည်းကောင်း၊ ပေါငယ်တပ်ကျေးရွာရှိ ရှမ်း၊ ဓနု၊ ပအိုဝ်း၊ တိုင်းရင်းသား အခြေခံပြည်သူ အိမ်ထောင်စု ၇၀ အတွက် ရိက္ခာထုပ် ၇၀ နှင့် ငွေကျပ် ၁၀၀၀၀ စီအားလည်းကောင်း၊ ဟဲဟိုးမြို့ ကံတလိ ပရိယတ္တိစာသင်တိုက်သို့ ဆန် ၁၀ အိတ်၊ ဆီ သုံးပုံး၊ ဆား တစ်အိတ်၊ ကုလားပဲ တစ်အိတ်တို့ကိုလည်းကောင်း၊ ဟဲဟိုးမြို့နေ အခြေခံတိုင်းရင်းသား လူမျိုးပေါင်းစုံ အိမ်ထောင်စု ၄၀၀ အတွက် ရိက္ခာထုပ် ၄၀၀ နှင့် ငွေကျပ် ၁၀၀၀၀ စီကိုလည်းကောင်း ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် ဟဲဟိုးမြို့ ရွာကြီးကျေးရွာနှင့် ပေါအင်းကျေးရွာများသို့ ရောက်ရှိ၍ ဓနုတိုင်းရင်းသားဂေါ်ဖီစိုက်တောင်သူများနှင့် တွေ့ဆုံခဲ့ရာ တောင်သူများအနေဖြင့် ယင်းတို့ စိုက်ပျိုးထားရှိသည့် ဂေါ်ဖီစိုက်ခင်းများသည် ရင့်မှည့်၍ ခူးဆွတ်ချိန်နောက်ဆုံးတစ်ရက်သာ ကျန်ရှိတော့ကြောင်း၊ အချိန်မီ မဆွတ်ခူးနိုင်ပါက စိုက်ခင်းများအားလုံး ပျက်စီးရတော့မည့် အခြေအနေကို တင်ပြခဲ့သဖြင့် ကမ္ဘောဇဘဏ်လီမိတက်မှ ယင်းစိုက်ခင်းများရှိ ဂေါ်ဖီအားလုံးအလုံးရေ ၄၀၀၀၀ ခန့်ကို ဝယ်ယူခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးသို့ ပေးပို့လှူဒါန်းရန် ကားခြောက်စီးဖြင့် တင်ဆောင်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် ရွှေညောင်မြို့သို့ရောက်ရှိကာ ရွှေညောင်မြို့ ဘုန်းတော်ကြီးကျောင်းသို့ ဆန် ၁၀ အိတ်၊ ဆီ သုံးပုံး၊ ဆား တစ်အိတ်၊ ကုလားပဲ တစ်အိတ်တို့အား လှူဒါန်းခဲ့ပြီး ရွှေညောင်မြို့ရှိ အခြေခံတိုင်းရင်းသား လူမျိုးပေါင်းစုံ အိမ်ထောင်စု ၈၀၀ အတွက် ရိက္ခာထုပ် ၈၀၀ နှင့် ငွေကျပ် ၁၀၀၀၀ စီအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုးညွန့်ရွှေ(ပြန်/ဆက်)**

# ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း အသွားအလာကန့်သတ် သီးခြားစောင့်ကြည့်ထားသည့် တပ်မတော်သား ၄ ဦးတွင် COVID-19 ရောဂါပိုးတွေ့ရှိ

**နေပြည်တော် ဇွန် ၁**

ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း အိန္ဒိယနိုင်ငံမှ သင်တန်းတက်ရောက်ပြီး မေ ၂၄ ရက်တွင် မြန်မာအမျိုးသားလေကြောင်းဖြင့် ပြန်လည်ရောက်ရှိလာသည့် တပ်မတော်သား ၁၈ ဦးအား အသွားအလာကန့်သတ် သီးခြားစောင့်ကြည့်ထားလျက်ရှိပြီး အဆိုပါ တပ်မတော်သားများ၏ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်များရယူ၍ ယင်းနေ့တွင်ပင် ပထမအကြိမ် စစ်ဆေးခဲ့ရာ COVID–19 ရောဂါပိုး မတွေ့ရှိရကြောင်း။

၂၀၂၀ ပြည့်နှစ် မေ ၃၀ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ အဆိုပါ တပ်မတော်သားများ စီးနင်းလိုက်ပါလာသည့် လေယာဉ်ဖြင့် လိုက်ပါလာသူများအနက် အရပ်သား အမျိုးသား ၉ ဦး၊ အမျိုးသမီး ရှစ်ဦးတို့တွင် COVID–19 ရောဂါပိုးတွေ့ရှိကြောင်း သိရှိရသဖြင့် ၎င်းတပ်မတော်သားများအား ဒုတိယအကြိမ် နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်များ ရယူ၍ အမျိုးသားဓာတ်ခွဲဌာန(NHL)သို့ ပေးပို့စမ်းသပ်စစ်ဆေးရာ ဇွန် ၁ ရက် နံနက် ၇ နာရီခွဲတွင် ဓာတ်ခွဲအတည်ပြုထုတ်ပြန်ချက်အရ အရာရှိ၊ စစ်သည် ၁၈ ဦးအနက် လေးဦးတွင် COVID–19 ရောဂါပိုးတွေ့ရှိကြောင်း။

၎င်း အရာရှိ၊ စစ်သည်များအား တပ်မတော်က COVID–19 ရောဂါ အထူးကုသရန် ကြိုတင်စီစဉ်ထားသည့် တပ်မတော်အသည်းရောဂါ အထူးကုဆေးရုံကြီး (မင်္ဂလာဒုံ)သို့ ပို့ဆောင်၍ ကုသမှုခံယူလျက်ရှိကြောင်းနှင့် ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

၎င်းတို့နှင့် ဆက်စပ်ထိတွေ့မှုရှိခဲ့သူများကိုလည်း လိုအပ်သည့်ရောဂါရှာဖွေ ဖော်ထုတ်ခြင်း၊ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# မြဝတီနှင့် ရမည်းသင်းမြို့တို့တွင် အသွားအလာကန့်သတ်ဝင်နေရသူ ရွှေ့ပြောင်းအလုပ်သမားများအတွက် ရောဝတီဖောင်ဒေးရှင်းမှ လိုအပ်သည်များ ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဇွန် ၁**

ရောဝတီဖောင်ဒေးရှင်းသည် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော ရွှေ့ပြောင်းအလုပ်သမားများအတွက် လိုအပ်မှုများ ပံ့ပိုးဖြည့်ဆည်းလှူဒါန်းလျက်ရှိသည်။

ရောဝတီဖောင်ဒေးရှင်းသည် နေရပ်သို့ပြန်လည်ရောက်ရှိလာသည့် ရွှေ့ပြောင်းအလုပ်သမားများ နေရေးထိုင်ရေး အခက်အခဲရှိနေသည့်အတွက် မြဝတီရှိ မက်စ်မြန်မာက ပိုင်ဆိုင်သော အဆောက်အဦလေးခုတွင် လူ ၂၀၀ နေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်။ ထို့ပြင် ရွှေ့ပြောင်းအလုပ်သမားများ ၎င်းတို့၏ နေရပ်ပြန်ရန်အတွက် ယနေ့နံနက်ပိုင်းက ခရီးစရိတ်အဖြစ် တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီ ထောက်ပံ့ကူညီပေးခဲ့ပြီး မြဝတီမြို့နယ်အတွင်းရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးနေရာများအတွက် လိုအပ်နေသော ကော်ဇောလိပ် ၁၀၀ အပါအဝင် ငွေကျပ်သိန်း ၁၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ထံမှ တစ်ဆင့် ပေးအပ်လှူဒါန်းခဲ့သည်။

ထို့ပြင် ရောဝတီဖောင်ဒေးရှင်းသည် ရွှေ့ပြောင်းအလုပ်သမား အများဆုံးပြန်လည်ဝင်ရောက်လာသည့် မြို့နယ်တစ်ခုဖြစ်သော ရမည်းသင်းမြို့မှ ရွှေ့ပြောင်းအလုပ်သမားများ၏ လိုအပ်ချက်အရ ရွှေ့ပြောင်းအလုပ်သမား ၅၃၉ ဦးအတွက် ဆန်၊ ဆီ၊ အစားအသောက်နှင့် အလှူငွေများ လှူဒါန်းခဲ့သည်။ ရောဝတီဖောင်ဒေးရှင်းသည် ငွေကျပ် သိန်း ၃၀ နှင့်အတူ ဆန်အိတ် ၂၀၀၊ ဆီပိဿာ ၃၀၀၊ ကုလားပဲ တစ်အိတ်နှင့် ကြက်ဥအလုံး ၉၀၀တို့ကို ရမည်းသင်းမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးကော်မတီသို့ ရောဝတီဘဏ်ဝန်ထမ်းများက သွားရောက်လှူဒါန်းပေးသည်။

ရောဝတီဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေး လုပ်ငန်းစဉ်များတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ဘက်ပေါင်းစုံမှ စွမ်းစွမ်းတမံပါဝင် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ရဲရင့်ရှိုင်း၊ ဓာတ်ပုံ – ကိုမိုး**

# သီပေါ၌ နှာခေါင်းစည်းများတပ်ဆင်ရေး တတိယအကြိမ် လှုပ်ရှားမှုဆောင်ရွက်

**သီပေါ ဇွန် ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်ကြက်ခြေနီအသင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့တို့မှ လှူဒါန်းသော တတိယအကြိမ်မြောက် နှာခေါင်းစည်းများကို အကြောင်းအမျိုးမျိုးကြောင့် မဖြစ်မနေသွားလာလှုပ်ရှားနေကြသည့် ပြည်သူများ နှာခေါင်းစည်းဖြင့် တပ်ဆင်သွားလာရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး သိန်းဖြိုးဝေ၊ မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးဇော်ဝင်း၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်နှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ယနေ့ နံနက် ၈ နာရီက လမ်းမတော်လမ်းဆုံ၊ မြို့မဈေးကြီးထောင့်နှင့် ပြည်ထောင်စုလမ်းမကြီး လမ်းလေးဆုံတို့၌ ကိုဗစ်-၁၉ ဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လမ်းလျှောက်သူများ၊ စက်ဘီး၊ ဆိုင်ကယ်စီးနင်းသူများနှင့် မော်တော်ယာဉ် ပေါင်းစုံတို့မှ နှာခေါင်းစည်းတပ်ဆင် ခြင်းမရှိသူများကို ကိုဗစ်-၁၉ ဆိုင်ရာ ပညာပေးဟောပြောမှုများ ဆောင်ရွက်ပြီး သီပေါယာဉ်ထိန်းရဲတပ်ဖွဲ့ တာဝန်ခံ တပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီနှင့် ပရဟိတအသင်းများက နှာခေါင်းစည်းများကို အခမဲ့ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# ဇွန် ၁ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ လေးဦးထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၂၈ ဦး ရှိသွားပြီ

နေပြည်တော် ဇွန် ၁

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူ လေးဦး ရှိပြီး ၎င်းတို့အားလုံးမှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ အမျိုးသားများ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၂၈ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၂၈ ဦး အနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၃၈ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၂၈ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၇၀၇၇ | ၂၂၈ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၃၈ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၉၉၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၂၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၈၂ | ၅ |
| ၂ | ချင်း | ၉ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | မန္တလေး | ၃ | |
| ၆ | ရှမ်း(ရှေ့) | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | နေပြည်တော် | ၂ | |
| ၉ | ရှမ်း(မြောက်) | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၁ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| | စုစုပေါင်း | ၂၂၈ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁-၆-၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

## ၃၁-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၈၃၉၆၉၈ | ၅၉၉၉၂၅ | ၁၀၆၂၆၂ |
| ၂။ | ဘရာဇီး | ၅၁၄၉၉၂ | ၂၀၆၅၅၅ | ၂၉၃၄၁ |
| ၃။ | ရုရှား | ၄၁၄၈၇၈ | ၁၇၅၈၇၇ | ၄၈၅၅ |
| ၄။ | စပိန် | ၂၈၆၅၀၉ | ၁၉၆၉၅၈ | ၂၇၁၂၇ |
| ၅။ | ယူကေ | ၂၇၄၇၆၂ | စိစစ်ဆဲ | ၃၈၄၈၉ |
| ၆။ | အီတလီ | ၂၃၂၉၉၇ | ၁၅၇၅၀၇ | ၃၃၄၁၅ |
| ၇။ | အိန္ဒိယ | ၁၉၄၅၀၄ | ၉၃၃၄၃ | ၅၄၄၈ |
| ၈။ | ပြင်သစ် | ၁၈၈၈၈၂ | ၆၈၃၅၅ | ၂၈၈၀၂ |
| ၉။ | ဂျာမနီ | ၁၈၃၅၆၄ | ၁၆၅၉၀၀ | ၈၆၀၅ |
| ၁၀။ | ပီရူး | ၁၆၄၄၇၆ | ၆၇၂၀၈ | ၄၅၀၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁ - ၆ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၃၅၂၉၂ | ၂၁၆၉၉ | ၂၃ |
| အင်ဒိုနီးရှား | ၂၆၉၄၀ | ၇၆၃၇ | ၁၆၄၁ |
| ဖိလစ်ပိုင် | ၁၈၆၃၈ | ၃၉၅၉ | ၉၆၀ |
| မလေးရှား | ၇၈၅၇ | ၆၄၀၄ | ၁၁၅ |
| ထိုင်း | ၃၀၈၂ | ၂၉၆၅ | ၅၇ |
| ဗီယက်နမ် | ၃၂၈ | ၂၉၃ | ၀ |
| မြန်မာ | ၂၂၈ | ၁၃၈ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၅ | ၁၂၃ | ၀ |
| လာအို | ၁၉ | ၁၆ | ၀ |

# ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီချစ်ကြည်ရေးအမှတ် (၂) တံတားမှ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇွန် ၁

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မြန်မာနိုင်ငံမှ မေ ၁ ရက်ကစပြီး လက်ခံခဲ့ရာ ဇွန် ၁ ရက်တွင် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ၁၀၄၃ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများအနက် ၃၀၈ ဦးသည် ထိုင်းနိုင်ငံ မော်ချစ်ကားဂိတ်မှ ကား ၁၅ စီးဖြင့် နှစ်နိုင်ငံအစိုးရ၏ ညှိနှိုင်းမှု ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ပြီး ကျန် ၇၃၅ ဦးသည် ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။ (ယာပုံ)

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေး စစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က ၆၀၊ ၂ ရက်က ၅၄ ဦး၊ ၃ ရက်က တစ်ဦး၊ ၄ ရက်က ၄၄ ဦး၊ ၅ ရက်က ၂၃ ဦး၊ ၆ ရက်နှင့် ၇ ရက်တွင် ဝင်ရောက်ခြင်း မရှိဘဲ ၈ ရက်က ၁၀၀၊ ၉ ရက်တွင် ဝင်ရောက်ခြင်း မရှိဘဲ ၁၀ ရက်တွင် ၄၄ ဦး၊ ၁၁ ရက်တွင် ၁၃ ဦး၊ ၁၂ ရက်တွင် ၄၁ ဦး၊ ၁၃ ရက်တွင် ၁၆ ဦး၊ ၁၄ ရက်တွင် ၃၈ ဦး၊ ၁၅ ရက်တွင် ၁၂၀၊ ၁၆ ရက်တွင် ၇၆ ဦး၊ ၁၇ ရက်တွင် ၉၀၊ ၁၈ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၉ ရက်တွင် ၆၄ ဦး၊ ၂၀ ရက်နှင့် ၂၁ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၂၃ ရက်တွင် ၆၀၄ ဦး၊ ၂၄ ရက်တွင် ၁၁၁၈ ဦး၊ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ ၂၆ ရက်တွင် ၁၃၉၄ ဦး၊ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ ၂၉ ရက်တွင် ၁၂၀၂ ဦး၊ ၃၀ ရက်တွင် ၁၁၅၂ ဦး၊ ၃၁ ရက်တွင် ၁၅၁၁ ဦး၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၁၂၆၈၇ ဦးအထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

အဆိုပါ နေ့အလိုက် ပြန်လည်ဝင်ရောက်သူများအနက် မေ ၁၃ ရက်မှ ၁၅ ရက်အထိ ပြန်လည်ဝင်ရောက်သူများနှင့် မေ ၁၇ ရက် ဝင်ရောက်သူ ၉၀ အနက် ၄၅ ဦး၊ မေ ၂၇ ရက် ဝင်ရောက်သူ ၁၄၃၄ ဦးအနက် ၅၂ ဦးတို့အနေဖြင့် ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီးသောသူများနှင့် အချုပ်မှ ပြန်လည်လွှတ်မြောက်လာသူများဖြစ်သဖြင့် ထိုင်းနိုင်ငံ တာဝန်ရှိသူများက လာရောက်လွှဲပြောင်းပို့ဆောင်ပေးခြင်း ဖြစ်သည်။



ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၆၄၇ ဦး၊ အမျိုးသမီး ၃၉၆ ဦး စုစုပေါင်း ၁၀၄၃ ဦး ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်

(မြန်/ဆက်)

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၁**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို မေ ၂၇ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ် ၃၂ မြို့နယ်ရှိ နေရာ ၆၆ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၅၈ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၁၂ ကီလိုဂရမ်၊ ရေဂါလန် ၄၂၀၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မေ ၂၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



မေ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းစဉ်။




မေ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



မေ ၂၇ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းစဉ်။

# ပုံမှန်ကာကွယ်ဆေး ပမာဏ တစ်သန်းကျော်နှင့် ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ကိရိယာများ သယ်ဆောင်လာသော အထူးလေယာဉ် ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဇွန် ၁**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကာကွယ်ဆေးထိုးအစီအစဉ်များ ပြန်လည်စတင်မှုကို ပံ့ပိုးရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ငွေကြေးပံ့ပိုးမှုဖြင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) မှတစ်ဆင့် ဝယ်ယူထားသော ပုံမှန်ကာကွယ်ဆေးထိုး ဆေးဝါးပစ္စည်းများနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကိုဗစ်–၁၉ ရောဂါပိုး စမ်းသပ်ကိရိယာ (test kits)များ သယ်ဆောင်လာသော အထူးလေယာဉ်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။ **(ဓာတ်ပုံ)**




အဆိုပါ အထူးလေယာဉ်သည် UNICEF ၏ အစီအစဉ်ဖြင့် ရောက်ရှိလာခြင်းဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကမ္ဘာ့ကပ်ရောဂါ တိုက်ဖျက်ရေးဆောင်ရွက်မှုများနှင့် ရောဂါပိုးကို အရှိန်မြှင့်ပြီး ပိုမိုစစ်ဆေးနိုင်ရန်အတွက် UNICEF ၏ စဉ်ဆက်မပြတ်ပံ့ပိုးမှုများမှ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။

အထူးလေယာဉ်ဖြင့် ရောက်ရှိလာသည့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများမှာ ကိုဗစ်–၁၉ ရောဂါပိုးစမ်းသပ်ကိရိယာ (test kits) အခုရေ ၁၀၀၀၀ နှင့် ပုံမှန်ကာကွယ်ဆေး ပမာဏ ၁ ဒသမ ၁၆ သန်းဖြစ်ပြီး အဆိုပါ ဆေးဘက်ဆိုင်ရာပစ္စည်းများကို UNICEF ၏ အစီအစဉ်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ သက်ဆိုင်ရာဌာနများသို့ ပို့ဆောင်သွားမည်ဖြစ်သည်။

ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်အတွက် ကာကွယ်ဆေးများ ရောက်ရှိလာရေးကို ကူညီပေးရန် UNICEF အနေဖြင့် မြန်မာနိုင်ငံအစိုးရ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ Gavi (Global Alliance for Vaccines and Immunisation) အဖွဲ့တို့အပြင် အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း UNICEF ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အလားတူ UNICEF အနေဖြင့် Gavi အဖွဲ့၏ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကိုဗစ်–၁၉ ရောဂါပိုးစမ်းသပ်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများကို မေလအတွင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ထောက်ပံ့ကူညီခဲ့သည့်အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပတ်သက်သည့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့သည်။

ထို့အတူ မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့ကလည်း ဆေးဝါး၊ စက်ပစ္စည်းနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ကူညီလှူဒါန်းမှုများ ပြုလုပ်ခဲ့သည်။

**သတင်း – ဇော်ကြီး၊ ဓာတ်ပုံ – ဖေဇော်**

## မုံရွာကုန်စည်ဒိုင် ဇွန် ၂ ရက်တွင် ဖွင့်လှစ်မည်

**မုံရွာ ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာကုန်စည်ဒိုင်ကို ဇွန် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ရန် ခန့်မှန်းထားကြောင်း မုံရွာကုန်စည်ဒိုင်သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဦးတင်ကိုကိုထံမှ သိရသည်။

မုံရွာကုန်စည်ဒိုင်တွင် အသင်းသား ၄၅၀ ကျော်ရှိသော်လည်း၊ နေ့စဉ် အသင်းသား ၁၅၀ မှ ၂၀၀ ကြားသာ ရှိပါကြောင်း၊ အသင်းသားများ ကုန်စည်ဒိုင်အတွင်းဝင်ရောက်သည့်အခါ နှာခေါင်းစည်းတပ်ခြင်း၊ လက်ဆေးခြင်း၊ အပူချိန်တိုင်းတာခြင်းများပြုပြီးမှသာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလ ကုန်စည်ဒိုင်အတွင်း ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းများ ခွင့်ပြုမည်မဟုတ်ပါကြောင်း၊ ရောင်းဝယ်သူများအနေဖြင့် စားပွဲခုံ တစ်ခုံနှင့် တစ်ခုံကြား လေးပေထားရှိမည်ဖြစ်ပြီး စားပွဲခုံတစ်ခုံလျှင် ရောင်းသူနှစ်ဦး၊ ဝယ်သူနှစ်ဦးသာ ခွင့်ပြုမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

အလားတူ ကုန်စည်ဒိုင်အတွင်းရှိ စားသောက်ဆိုင်များ ဖွင့်လှစ်ခွင့်မပြုသေးကြောင်း၊ ဧပြီလ ၁ ရက်မှ ယနေ့အထိ မုံရွာကုန်စည်ဒိုင်အတွင်း အရောင်းအဝယ်မပြုလုပ်ဘဲ ယာယီပိတ်၍ ဖုန်းဖြင့်လည်းကောင်း၊ အွန်လိုင်းစနစ်ဖြင့်လည်းကောင်း အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်သတင်းနှင့် ပြန်ကြားရေးတာဝန်ခံက ပြောကြားသည်။

မွေးကြူဇင်

## နမ္မတူမြို့နယ်ရှိ IDP စခန်းသုံးခု၌ ရှမ်းပြည်နယ်စားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီမှ စားသောက်ကုန်များထောက်ပံ့

**နမ္မတူ ဇွန် ၁**

ရှမ်းပြည်နယ်စားနပ်ရိက္ခာ ထောက်ပံ့ရေး ကော်မတီမှ နမ္မတူမြို့နယ်ရှိ IDP စခန်းသုံးခုအတွက် ထောက်ပံ့သော အခြေခံ စားသောက်ကုန်များ ဆက်လက်ထောက်ပံ့ပေးအပ်ခြင်းကို ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်ရှိ မြို့လယ်ဓမ္မာရုံ၌ ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

ရှမ်းပြည်နယ် စားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီမှ ထောက်ပံ့ပေးအပ်သော အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးရာတွင် နမ္မတူမြို့နယ်တိုက်ပွဲရှောင် ထောက်ပံ့ကူညီရေးကော်မတီမှ တာဝန်ရှိသူများက နမ္မတူမြို့နယ်အတွင်းရှိ လီဆူ (IDP) စခန်းရှိ အိမ်ထောင်စု ၃၀၊ ကချင် (IDP) စခန်းရှိ အိမ်ထောင်စု ၃၃ စု၊ ကြူဆော့ (IDP)စခန်းရှိ အိမ်ထောင်စု ၆၁ စုအတွက် တစ်အိမ်ထောင်လျှင် ဆန်သုံးပြည်၊ ဆီ ၂၀ သား၊ ဆား ၂၅ ကျပ်သား၊ ကုလားပဲ ၅၀ သားနှုန်းဖြင့် အသီးသီး ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



နမ္မတူမြို့နယ်ရှိ IDP စခန်းများမှ ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

လူမော် (ပြန်/ဆက်)




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေ လိုအပ်မှုများအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးဝေလျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှု လုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့ (WUG) များနှင့်အတူ "ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်" ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။ အားလုံးသော ရေသုံးစွဲသူ တောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျအကျိုးရှိစွာ သုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှု နည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာ ပေးဝေစီမံသွားနိုင်မည် ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၆ - ၂၀၂၀

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား ကျပ် | ၁၂၁၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား ကျပ် | ၁၁၄၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား ကျပ် | ၁၂၁၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား ကျပ် | ၁၁၄၄၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၂၀ ကျပ် | ၅၃၀/၅၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၃၅ ကျပ် | ၅၄၀/၅၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၄၁၀/၄၆၀ ကျပ် | ၄၈၀/၄၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၄၀/၅၆၅ ကျပ် | ၆၁၅/၆၃၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၇ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၆ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၃ . ၀၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၃ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၀ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၄၁ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၉၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၁၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၈၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၃ . ၉၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၁၀၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၁၀၀၀ | ၅၅၁ | ၆၀၄၁၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၅၀ | ၉၁၄၈ | ၃၄၈၉၉၅၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁၁၅ | ၉၃၁၅၀၀ |
| FPB | ၂၃၀၀၀ | ၂၄၀၀၀ | ၁၁ | ၂၅၆၀၀၀ |
| TMH | ၂၇၅၀ | ၂၈၅၀ | ၁၂၇၈ | ၃၆၃၅၀၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၇၅၀၇ | ၂၀၂၆၈၉၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၁၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

# ပျူလက်ရာဟန် ပုဂံစေတီများ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ကုလသမဂ္ဂ ပညာရေး၊သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စ်ကို)က ကမ္ဘာ့အမွေအနှစ် အဖြစ်သတ်မှတ်ခဲ့သည့် ပုဂံယဉ်ကျေးမှု နယ်မြေတွင် ယခုတိုင်ကျန်ရှိနေသည့် စေတီပုထိုးများသည် မြန်မာနိုင်ငံ၏ အမှတ်လက္ခဏာအဖြစ် ထင်ရှားလျက်ရှိနေသည်။ ထို့ကြောင့် ပုဂံသည် ပြည်တွင်းပြည်ပ ခရီးသွားများ အမြဲသွားရောက်လည်ပတ်လေ့ရှိသည့် ခရီးသွားနယ်မြေတစ်ခု ဖြစ်သကဲ့သို့ ပြည်တွင်းပြည်ပသုတေသီများ သုတေသနပြုကြသည့် ဒေသတစ်ခုလည်း ဖြစ်ပေသည်။

"လှည်းဝင်ရိုးသံ၊ တည်သံညံ၊ ပုဂံဘုရားပေါင်း"ဟူသည့် အဆိုအရ ပုဂံနယ်မြေ အတွင်း၌ စေတီပုထိုး ၄၄၄၆ ဆူ ရှိကြောင်း မှတ်သားခဲ့ကြသည်။

သို့သော် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနက ကောက်ယူခဲ့သော စာရင်းများအရ ပုဂံစေတီပုထိုးများ အရေအတွက်သည် ၂၂၁၇ ဆူဖြစ်ပြီး "ကျောင်းကြီးအုတ်နီ၊ကိန်းနှင့်ညီ၊စေတီဂူဘုရား"ဟု မှတ်သားခဲ့သည်။ ၁၉၈၂ ခုနှစ်မှ ၁၉၉၁ ခုနှစ်အတွင်း ယူနက်စ်ကိုအဖွဲ့၏ အကူအညီဖြင့် ပြင်သစ်လူမျိုး ဗိသုကာပညာရှင် Pierre Pichard ကောက်ယူခဲ့သည့် ပုဂံစေတီပုထိုးများ စာရင်းတွင် ၂၈၃၄ ဆူပါရှိသည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် ပုဂံဒေသ၌ ငလျင်လှုပ်ပြီးနောက် ပုဂံရှိ စေတီပုထိုးများနှင့် ရှေးဟောင်းအဆောက်အအုံများ စာရင်းကို ပြန်လည်ကောက်ယူခဲ့ရာ ၁၉၉၇-၁၉၉၈ ခုနှစ်က ပြန်လည်တည်ဆောက်ခဲ့သည့် ကုန်းများနှင့် မတူးဖော်ရသေးသည့် ကုန်းများအပါအဝင် ၃၁၂၂ ခု ရှိရာ စေတီနှင့်ဂူဘုရား ၁၇၄၅ ဆူ၊ အုတ်ကျောင်း ၄၃၁ ကျောင်း၊ ဥမင်နှင့်သိမ် အဆောက်အအုံ ၅၄ ခုနှင့် အုတ်ကုန်း ၈၉၂ ကုန်းဖြစ်သည်။

ပုဂံရှိစေတီပုထိုးများကို အကြမ်းအားဖြင့် ၁၁ ရာစုမတိုင်မီ ပုဂံခေတ်ဦးလက်ရာ၊ ၁၁ ရာစု လက်ရာ၊ ၁၂ ရာစု လက်ရာနှင့် ပုဂံနှောင်းပိုင်း ၁၃ ရာစု လက်ရာဟု ပိုင်းခြားနိုင်သည်။

**သမိုင်းထဲမှ ပုဂံ**

ပုဂံသမိုင်းသည် ဒဏ္ဍာရီများပါးစပ်ရာဇဝင်များနှင့်ရောထွေးနေသဖြင့် ဆရာကြီး ဦးဖေမောင်တင်က 'ပုဂံရာဇဝင် အကြောင်းပြောလျှင် တုတ်ထမ်းပြီး ပြောရမည်ဟု ဆိုကြ၏။ အငြင်းအခုန်ဖြစ်ကြပြီး ရိုက်ကြ၊ ပုတ်ကြတတ်သည်ဟု ဆိုလိုသည်'ဟု ရေးသားခဲ့သည်။

ပညာရှင်များက ပုဂံခေတ်ကို သုံးပိုင်းပိုင်းကာ ပုဂံတည်ထောင်ချိန်မှ ခရစ်နှစ် ၁၁ ရာစုအထိကို ပုဂံ ခေတ်ဦး၊ ခရစ်နှစ် ၁၁ ရာစုမှ ၁၂ ရာစု အထိကို ပုဂံခေတ်လယ်၊ ခရစ်နှစ် ၁၂ ရာစုမှ ၁၃ ရာစုအထိကို ပုဂံခေတ်နှောင်းဟု သတ်မှတ်ခဲ့ကြသည်။

အစဉ်အဆက် လက်ခံခဲ့ကြသည့် စကားများအရ ခရစ်နှစ် ၁၀၇ ခုနှစ်တွင် သမုဒ္ဒရာဇ်မင်းသည်ယုန်လွှတ်ကျွန်းအရပ်၌ ရွာ ၁၉ ရွာကို စုစည်း၍ ပထမ ပုဂံကို ထူထောင်ခဲ့သည်ဟု ဆိုသည်။ ရာဇဝံသဇာလိနီကျမ်းအလိုအရ ယုန်လွှတ်ကျွန်းသည် ဧရာဝတီမြစ်မှ ခြောက်မိုင်၊ တုရင်တောင်မှ အရှေ့ဘက်သို့ တစ်မိုင်အကွာတွင်ရှိသည်။ ယခုပုဂံတည်ရှိသည့် နေရာတွင် သမုဒ္ဒရာဇ်မင်းက မြို့တည်ခဲ့ပြီး သိုက်ထိုင်မင်းက သီရိပစ္စယာမြို့ကိုစွန့်၍ သမထီး အရပ်တွင် တမ္ပဝတီ အမည်ဖြင့် မြို့တည်ခဲ့ကြောင်း မှန်နန်းရာဇဝင်တွင် ဖော်ပြထားသည်။

ပုဂံ ၁၉ ရွာကို သမိုင်းပညာရှင်များဖြစ်ကြသည့် ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)နှင့် တမ္ပဝတီ ဦးဝင်းမောင်တို့က သုတေသနပြုရှာဖွေခဲ့ရာ မူလအမည်အတိုင်း ရှိနေသည့် ရွာငါးရွာနှင့် အမည်အနည်းငယ်ကွဲလွဲနေသည့် ရွာငါးရွာအပါအဝင် နေရာသိပြီး ရွာ ၁၆ ရွာကိုဖော်ထုတ်နိုင်ခဲ့သည်။ ပုဂံ ၁၉ ရွာသည် သမုဒ္ဒရာဇ်မင်း ပုဂံကို မတည်မီကပင် ရှိခဲ့ကြောင်းနှင့် ရွာ ၁၅ ရွာတွင် ယနေ့တိုင် လူများ နေထိုင်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနပညာရှင် ဆရာမင်းဘူးအောင်ကြိုင်က ရေးသားခဲ့သည်။

**ပုဂံနေပြည်တော်**

ပုဂံသည် ရွာမှ မြို့၊ မြို့မှ မင်းနေပြည်တော် ဖြစ်လာခဲ့ကြောင်း ယူဆရသည့် အပြင် မြို့အမည်သည် ပျူအမည်ဖြစ်နိုင်ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက သုံးသပ်ခဲ့ကာ ပုဂံကို ပျူများတည်ခဲ့သည်ဆိုလျှင် ခရစ်နှစ် ၈၄၉ ခုနှစ်ထက် များစွာစောနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းခဲ့သည်။

ဦးကုလားမဟာရာဇဝင်ကြီး၊ မှန်နန်း မဟာရာဇဝင် စသည့် မြန်မာရာဇဝင်ကျမ်းများတွင် သရေခေတ္တရာပျက်ပြီးနောက် သရေခေတ္တရာမှ ပျူများသည် တောင်ညို၊ ပန်းတောင်းသက်သာ၊ မင်းတုန်းတို့မှ ယုန်လွှတ်ကျွန်းသို့ အဆင့်ဆင့်ပြောင်းရွှေ့လာပြီး ပုဂံကိုတည်ထောင်ခဲ့ကြောင်း ရေးသားကြသဖြင့် သုတေသီများက ပုဂံဟူသည့် အမည်သည် ပျူဂါမ မှ ပုဂါမ၊ ပုဂါမ်၊ ပုဂံသို့ပြောင်းလဲခဲ့ကြောင်း ဖော်ပြလေ့ရှိကြသည်။



၁၂ ရာစုလက်ရာ လိုဏ်ပေါက်ပါရှိသည့် စိမ်းညက်ညီအစ်မ ဂူဘုရား

ဒေါက်တာသန်းထွန်းက အနော်ရထာအုပ်စိုးခဲ့သည့် ပိုင်နက်နယ်မြေသည် တမ္ပဒီပဖြစ်ပြီး မြစ်သာ ၁၁ ခရိုင်နှင့် မင်းဘူး ခြောက်ခရိုင်ပါဝင်ကြောင်း ရေးသားခဲ့သည်။ အနော်ရထာ၏ ပုဂံအင်ပါယာ တမ္ပဒီပသည် တောင်ဘက်တွင် တောင်တွင်း၊ ဧရာဝတီမြစ် ကြောင်းတွင် မိကျောင်းရဲအောက်ဘက်ပြည်တော်သာကျွန်းအထိ၊ မြောက်ဘက်တွင် ဧရာဝတီနှင့် မြစ်ငယ်မြစ်တို့ဆုံစည်းသည့် တောင်ပြုံးခရိုင်အထိဖြစ်သည်။ ပြည်တော်သာကျွန်းသည် မိချောင်းရဲမှ အောက်ဘက်သို့ လေးမိုင်ကွာဝေးသည့် ကျွန်းရှည်ကြီးဖြစ်ကာ စောလူးမင်း အရေးနိမ့်ခဲ့သည့် နေရာဟု ယူဆဖွယ်ရှိသည်။ ဇမ္ဗူဒီပဥဆောင်ကျမ်းတွင် တမ္ပဒီပနယ်ကို ဧရာဝတီမြစ်၏ အရှေ့ ဘက်နှင့်တောင်ဘက် ဟု ဖော်ပြထားသည်။

အနော်ရထာနန်းစိုက်ခဲ့သည့် ပုဂံမြို့တော်သည် စွယ်တော်စေတီလေးဆူ တည်ထားသည့် ဧရိယာအတွင်း၌ တည်ရှိခဲ့သည်။ ရွှေစည်းခုံစေတီတော် တည်ထားသည့် ယခုညောင်ဦးမြို့အနောက်ဘက်၊ လောကနန္ဒာစေတီ တည်ထားသည့် သီရိပစ္စယာရွာ၊ ဧရာဝတီမြစ်တစ်ဖက်ကမ်း တန့်ကြည့်တောင်နှင့် ပုဂံမှအရှေ့ဘက်သို့ ခြောက်မိုင်ကွာဝေးသည့် တုရင်တောင်တို့သည် ပုဂံ၏ နယ်နိမိတ် အစွန်းများဖြစ်ခဲ့ကြသည်။

**ပုဂံခေတ်ဦး စေတီပုထိုးများ**

ပုဂံခေတ်ဦးပိုင်းစေတီများကို ပုဂံခေတ်၏ ရှေ့ပြေးဗိသုကာလက်ရာများဖြစ်သည့် သရေခေတ္တရာရှိ ဘောဘောကြီး၊ ဘုရားမာ၊ ဘုရားကြီး တို့ကဲ့သို့ ပြောင်းတိုင်ပုံ၊ ထုလုံးရှည်ပုံ၊ တောင်ပုံများကို အခြေတည်လျက် ပုံစံအနည်းငယ်ပြောင်းလဲပြီး တည်ဆောက်ခဲ့ကြသည်။ သရေခေတ္တရာ ဘောဘောကြီးစေတီနှင့် အနီးစပ်ဆုံးတူသည့် ပုဂံစေတီသည် ငကျွဲနားတောင်းဖြစ်သည်။

ပျူခေတ်လက်ရာ ဘောဘောကြီးစေတီကို ပစ္စယာငါးဆင့်ပေါ်၌ ပြောင်းတိုင်ပုံ တည်ဆောက်၍ အပေါ်ပိုင်းတွင် အမိုးကိုလျှော၍ ကန်တော့ပုံ အထွတ်တင်ခဲ့သည်။ ဘောဘောကြီးတွင် မျက်မှောက်ခေတ် စေတီများကဲ့သို့ ငှက်ပျောဖူး၊ ကြာလန်ကြာမှောက်၊ ဖောင်းရစ်၊ သပိတ်မှောက် စသည်တို့ မပါရှိသကဲ့သို့ ထီးတင်ထားခြင်းလည်း မရှိဘဲ စေတီ၏ ကြီးမားသည့် လုံးတော်ကို ဦးစားပေး တည်ဆောက်ခဲ့သည်။

ဘောဘောကြီးနှင့် ပုံစံတူ တည်ဆောက်ခဲ့သည့် ငကျွဲနားတောင်း စေတီ (ပုဂံဘုရားအမှတ် ၁၆၀၃) ကိုယ်ထည်တွင် စဥ့်ရည်သုတ်ထားသည့် အုတ်များကို အသုံးပြုခဲ့ကာ ပညာရှင်အချို့က ငကျွဲနားတောင်းကို ၁၁ ရာစု လက်ရာဟု ယူဆကြသည်။

ထို့အတူ ပုဂံမြို့သစ်၊ရဲစခန်းအနီးတွင်ရှိသည့် လေးဆူတန်းစေတီများသည် ပျူလက်ရာဟန်စေတီတော်များနှင့် ဆင်တူ ကြသည်။ သို့သော် ပျူစေတီများကဲ့သို့ အထက်သို့ တစ်ဖြောင့်တည်း တက်မသွားဘဲ စေတီတော် ပစ္စယာ၌ စိန်ပန်းများနှင့် ကိုယ်လုံးတော်အောက်ခြေ၌ အင်္ဂတေကြာပန်းကွက်များ တန်ဆာဆင်ထားသည်။

ပုဂံခေတ်ဦးပိုင်း စေတီတစ်ဆူဖြစ်သည့် ဗူးဘုရားသည် ၁၉၇၅ ခုနှစ်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ဧရာဝတီမြစ်အတွင်းသို့ ကျသွားခဲ့သည်။ မူလ ဗူးဘုရားတွင် ပစ္စယာတစ်ဆင့်ခံပြီး ဖောင်းရစ်များ မပါရှိသည့် ကိုယ်လုံးတော် အထက်တွင် ခရေသီးကို အထွတ်တင်ခဲ့သည်။ အေဒီသုံးရာစုတွင် ပျူစောထီးမင်း တည်ထားခဲ့သည်ဟု ယူဆကြသည့် ဗူးဘုရားသည် ပျူခေတ်လက်ရာစေတီများကဲ့သို့ပင် အဆင်တန်ဆာများ မပါရှိချေ။

ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ဗူးဘုရားကိုပြန်လည် တည်ဆောက်ရန် အောက်ခြေအုတ်မြစ်ကို တူးဖော်ခဲ့စဉ်က အနက် ၁၆ ပေတွင် မဟာယာနဗုဒ္ဓဘာသာ ဘုရားလောင်း အဝလောကိတေသွာရရုပ်တုများ၊ လက်နှစ်ဖက် ဖြန့်ထားသည့် ရုပ်ပွားဆင်းတု အုတ်ခွက်များကို တွေ့ရှိခဲ့သည်။ အုတ်ခွက်နှင့် နတ်ရုပ်များသည် ပျူခေတ်လက်ရာများဖြစ်ကြသည်။

၁၁ ရာစုမတိုင်မီ အစောပိုင်းတွင် တည်ဆောက်ခဲ့သည့် ပုဂံစေတီများသည် အဝိုင်းပုံပန္နက်အပေါ်၌ ပစ္စယာခံ၍ တည်ထားသည့် သပိတ်မှောက်ပုံ လုံးတော်များ ဖြစ်ကြသည်။ ယင်းစေတီများသည် ဖောင်းရစ်အပါအဝင် မွမ်းမံမှုများ နည်းပါးကာ ရိုးရှင်းစွာ တည်ဆောက်ခဲ့သည့် ပုံစံများဖြစ်ကြသည်။

**ပျူဟန် စေတီများ**

ပုဂံယဉ်ကျေးမှု နယ်မြေအတွင်း၌ စေတီပုထိုးများတွင် ပျူခေတ်လက်ရာ ၁၂ ဆူကို မြင်တွေ့ကြရသည်။ ယင်းတို့သည် ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီ ရွှေစည်းခုံစေတီတော် အရှေ့ဘက်ရှိ သိုးခမောက်စေတီ (ပုဂံဘုရား အမှတ်-၃၄)၊ ဝက်ကြီးအင်း ရွှေချောင်း အနောက်ဘက်ကမ်းရှိ ပုဂံဘုရားအမှတ် (၂၈၀) (ယင်းစေတီတွင် ပျူစာများ ရေးထားသည့် အုတ်များနှင့် လက်စင်းရာ ပါရှိသည့် အုတ်ချပ်များရှိသည်)၊ ဝက်ကြီးအင်း လေးမျက်နှာဘုရား၏ အနောက်မြောက်ဘက်ရှိ ဆုတောင်းပြည့်စေတီ (ပုဂံဘုရား အမှတ် ၂၈၉)၊ သီရိပစ္စယာ၊ ပုဂံမြို့သစ်ရှိ စေတီ လေးဆူတန်း(ပုဂံဘုရားအမှတ် ၁၀၃၈ ၊ ၁၀၃၉ ၊ ၁၀၄၀၊ ၁၀၄၁)၊ သီရိပစ္စယာ မြောက်ပိုင်းရှိ ပုဂံဘုရားအမှတ် (၁၀၆၄)၊ စိမ်းညက်ညီအစ်မဘုရားစုမှ ပုဂံဘုရားအမှတ် (၁၀၇၅)၊ မြင်းကပါ တောင်ပိုင်း၊ စိုးမင်းကြီးဘုရား၏

**စာမျက်နှာ ၂၁ သို့**

**"အစဉ်အဆက်လက်ခံခဲ့ကြသည့် စကားများအရ ခရစ်နှစ် ၁၀၇ ခုနှစ်တွင် သမုဒ္ဒရာဇ်မင်းသည် ယုန်လွှတ်ကျွန်းအရပ်၌ ရွာ ၁၉ ရွာကို စုစည်း၍ ပထမ ပုဂံကို ထူထောင်ခဲ့သည်ဟု ဆိုသည်။ ရာဇဝံသဇာလိနီကျမ်းအလိုအရ ယုန်လွှတ်ကျွန်းသည် ဧရာဝတီမြစ်မှ ခြောက်မိုင်၊ တုရင်တောင်မှ အရှေ့ဘက်သို့ တစ်မိုင်အကွာတွင်ရှိသည်။ ယခုပုဂံတည်ရှိသည့် နေရာတွင် သမုဒ္ဒရာဇ်မင်းက မြို့တည်ခဲ့ပြီး သိုက်ထိုင်မင်းက သီရိပစ္စယာမြို့ကိုစွန့်၍ သမထီး အရပ်တွင် တမ္ပဝတီအမည်ဖြင့် မြို့တည်ခဲ့ကြောင်း မှန်နန်းရာဇဝင်တွင် ဖော်ပြထား"**

# ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်ရှိ (၃) ရပ်ကွက် ကာသိုလိပ် ဘုရားကျောင်း၊ ကာလိုင်(၁)နှင့် ကာလိုင်(၂) စုစုပေါင်း IDP စခန်း သုံးခုသို့ သွားရောက်၍ လက်ကိုင်အသံချဲ့စက် သုံးခုနှင့် ကိုဗစ်-၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်း ထားသော Memory Stick သုံးခုတို့ကို ယနေ့ သွားရောက်ထောက်ပံ့ခဲ့သည်။ **(အောက်ပုံ)**

အလားတူ မေ ၃၀ ရက်ကလည်း ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ စေတီတောင်နှင့် ဖုံညိုလိပ် စုစုပေါင်း ယာယီတိုက်ပွဲရှောင်စခန်း နှစ်ခုသို့ သွားရောက်၍ အဝတ် နှာခေါင်းစည်း ၅၉၅၈ ခု၊ အပူချိန်တိုင်း ကိရိယာ တစ်ခု၊ လက်သန့်ဆေးရည် ၆၂၄ ဘူး၊ လက်ကိုင်အသံချဲ့စက် နှစ်ခု၊ ကိုဗစ်-၁၉ အသိ ပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick နှစ်ခုနှင့် ဗီနိုင်း နှစ်ချပ်တို့ကို သွားရောက်ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေး လုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





# လက်ပန်-နန်းခလဲ-ဝင်းကြီး-စစ်ကိုင်းစု ဆက်သွယ်သည့် မြေသားလမ်း ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်

**ရန်ကုန် ဇွန် ၁**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၃၀ ပြည့်နှစ်ကာလ၌ မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ကျေးလက်လူဦးရေ ၈၀ ရာခိုင်နှုန်းနှင့် ၉၀ ရာခိုင်နှုန်းတို့အား ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများ အသုံးပြုသွားလာနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိရာ လက်ပန်-နန်းခလဲ-ဝင်းကြီး-စစ်ကိုင်းစုသို့ ဆက်သွယ် သည့် ကျေးလက်လမ်း၊ မြေသားလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၁၀၆၃ ဒသမ ၂၄၇ သန်း အကုန်အကျခံ၍ ကျေးလက်လမ်းဦးစီးကိုယ်စား တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်းပေါင်း ၁၁ လမ်းကို မြေသားလမ်း၊ ကျောက်ချောလမ်း၊ ကွန်ကရစ်လမ်းများအဖြစ် ဆောင်ရွက်ခြင်း၊ တင်ဒါပေး ဆောင်ရွက်ခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# ဘဏ္ဍာကျေးရွာ အ-မ-က ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီး

**စဉ့်ကိုင် ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဘယ်လင်းကျေးရွာအုပ်စု ဘဏ္ဍာကျေးရွာတွင်အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ယနေ့ နံနက် ၁၁ နာရီက တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။ ထိုသို့ စစ်ဆေးရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် မဲဆန္ဒနယ်အမှတ်(၁)ဦးအောင်နိုင်လင်းနှင့် မဲဆန္ဒနယ်အမှတ်(၂) ဦးလှိုင်ဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးနှင့် တာဝန်ရှိသူများ ပါဝင်ခဲ့ကြပြီး ကျောင်းဆောင်သစ်မှာ ရာနှုန်းပြည့် ဆောက်လုပ်ပြီးဖြစ်ရာ စံချိန်၊ စံညွှန်းပြည့်မီမှု ရှိ မရှိ စစ်ဆေးခဲ့ကြပြီး ကျောင်းဖွင့်ချိန်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာသင်ကြားနိုင်ရေး လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**

# ငါန်းဇွန်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းနှင့် အလှူငွေများလှူဒါန်း

**ငါန်းဇွန် ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးခန်း၌ ယမန်နေ့ နံနက် ၁၀နာရီခွဲက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အသုံးပြုရန် ကာကွယ်ရေး ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။



ငါန်းဇွန်မြို့၌ ကိုဗစ်-၁၉ အတွက် ငွေနှင့်ပစ္စည်းများလှူဒါန်းစဉ်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် အသက်ရှူလမ်းကြောင်းများဆိုင်ရာ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငါန်းဇွန်မြို့နယ်အသင်း (ရန်ကုန်ရောက် ငါန်းဇွန်နယ်သူ/နယ်သားများ)ကိုယ်စား ဦးမြင့်နိုင်နှင့် ဦးမင်းသူတို့က ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ငွေကျပ် သုံးသိန်းနှင့် ငါန်းဇွန်မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်လျက်ရှိသော ဌာနဆိုင်ရာများနှင့် ပရဟိတ လူငယ်များအဖွဲ့သို့ ငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ ဦးဇင်မင်းသက်နှင့် ဇနီး ဒေါ်ကေသီကျော် မိသားစုကိုယ်စား ဦးမင်းသူက ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီသို့ PPE ငါးစုံကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ငါန်းဇွန်မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**(၁၈၁)**

**စာမျက်နှာ ၂၀ မှ**

အနောက်တောင်ဘက်ရှိ ကျောက်မျက်မော် နှစ်ထပ်စေတီ၏ အတွင်းစေတီ (ပုဂံဘုရားအမှတ် ၁၁၅၈)၊ သဗ္ဗညုစေတီ အနောက်ဘက်ရှိ ငကွဲနားတောင်းစေတီ (ပုဂံဘုရားအမှတ် ၁၆၀၃)၊ သဗ္ဗညု စေတီ အနောက်ဘက်တွင်ရှိပြီး ၁၉၅၀ ပြည့်နှစ်ဝန်းကျင်တွင် ပြိုကျခဲ့သည့် ပုဂံဘုရားအမှတ် (၁၆၀၆)၊ ကန်တော့ပလ္လင် စေတီ၏ အရှေ့ တောင်ဘက်ရှိ ပေါက်ပင်ရာစေတီ (ပုဂံဘုရားအမှတ် -၁၆၁၄)၊ ကန်တော့ပလ္လင် စေတီ၏ အနောက် မြောက်ဘက်၊ ဧရာဝတီမြစ်ကမ်း အနီးရှိ ပုဂံဘုရားအမှတ် (၁၆၃၁ နှင့် ၁၇၃၂) နှင့် ဗူးဘုရား (ပုဂံဘုရားအမှတ် ၁၆၅၇) တို့ဖြစ်ကြသည်။

ယင်းတို့အနက် အမှတ်(၂၈၉)၊(၁၁၅၈)နှင့် (၁၆၀၃)တို့သည် ပျူစေတီများကို ငုံ၍ တည်ခဲ့သော ပုဂံစေတီများဖြစ်ကြရာ အမှတ် (၂၈၉)ကို ၁၉၈၁ ခုနှစ်တွင်ပြန်လည် ပြုပြင်ခဲ့ရာ အတွင်းစေတီသည် ပျူ လက်ရာဟန်ဖြစ်၍ အပေါ်ယံစေတီသည် ပုဂံခေတ် ဟန်ဖြစ်ပြီး ၁၃ ရာစုတွင် တည်ဆောက်ခဲ့ကြောင်း ပညာရှင်များက ခန့်မှန်းခဲ့သည်။

ထို့အတူ ကျောက်မျက်မော် နှစ်ထပ်စေတီ (ပုဂံဘုရားအမှတ် ၁၁၅၈) သည်၁၉၇၅ ခုနှစ်က လှုပ်ခဲ့သည့် ငလျင်ကြောင့် အပြင်စေတီ တစ်ခြမ်းပဲ့ကျခဲ့သဖြင့် အတွင်းရှိ ပျူဟန် စေတီပေါ်လာခဲ့သည်။ အပေါ်ယံစေတီသည် လောကနန္ဒာ ဘုရားကဲ့သို့ ခေါင်းလောင်းရှည်ပုံပေါက်ထားသည့် ပုဂံခေတ်လက်ရာစေတီဖြစ်ကာ အတွင်းစေတီနှင့် အပြင်စေတီအကြား၌ အုတ်ထောက်များ ထောက်ထားခဲ့ဟန်ရှိပြီး ၁၂ ရာစုနှင့် ၁၃ ရာစု အကြားတွင် တည်ဆောက်ခဲ့ကြောင်း ပညာရှင်များက ခန့်မှန်းခဲ့သည်။

လက်ရှိမြင်တွေ့နေကြရသည့် စဥ့်အုတ်များဖြင့် တည်ထားသည့် ငကွဲနားတောင်းစေတီသည်လည်း အတွင်းစေတီဖြစ်ကာ အပြင်စေတီသည် အောက်ပိုင်း၌သာ ကျန်ရှိခဲ့ပြီဖြစ်ပြီး ၁၁ ရာစုလက်ရာ၊ စဥ့်သုတ် ပျူစေတီအဖြစ် စာရင်းသွင်းခဲ့သည်။

## ပျူဟန် ခေါင်းလောင်းပုံစေတီများ

ပျူဟန်စစ်စစ် စေတီများကို ရှည်လျားသော ကိုယ်လုံးအား ပြောင်းတိုင်ကဲ့သို့ တစ်ဖြောင့်တည်းဖြစ်စေ၊ သို့မဟုတ် အောက်ခြေကား၍ အထက်သို့ ရှူးဖြစ်စေ တည်ထားခဲ့ကြသည်။ ကိုယ်လုံးရှည်ကာ ခေါင်းလောင်းပုံ အနားကော့သည့် စေတီများသည် ပျူခေတ်နှင့် ပုဂံခေတ်ကြားကာလ လက်ရာများဖြစ်ပြီး ပုဂံခေတ်လက်ရာစေတီများတွင် ခေါင်းလောင်းပုံက ရှည်လျားခြင်း မရှိတော့ချေ။

ပျူနှင့် ပုဂံအကူးအပြောင်းကာလတွင် တည်ဆောက်ခဲ့သည်ဟု ယူဆကြသည့် လောကနန္ဒာစေတီသည် အနော်ရထာမင်းတည်ခဲ့သည့် တတိယမြောက်စွယ်တော်စေတီဖြစ်ကာ သရေခေတ္တရာရှိ ဘောဘောကြီးစေတီတော်ပုံကိုမူဟန်များဆန်းသစ်လျက် ဖောင်းရစ်များတွင် ဆက္ကဝလိထီးဆင့်များကို ခုံးလျှောတစ်လှည့်၊ အဖောင်းတစ်လှည့် ပြုလုပ်ခဲ့သည်။ စေတီတော် အောက်ခံပန္နက်သည် ရှစ်မြောင့်ဖြစ်၍ ရှည်မျောမျော ခေါင်းလောင်းကိုယ်ထည် အလယ်၌ ခါးပတ်ဖောင်းလိုင်းနှင့် ဖောင်းရစ်များကို ထည့်သွင်းကာ ကြာလှန်ကြာမှောက်နှင့် ခရေသီးတို့ကိုလည်း အချိုးကျန ပြေပြစ်စွာပြုလုပ်ခဲ့သည်။

အေဒီ ၁၁ ရာစု အစောပိုင်း လက်ရာ ပုဂံစေတီများသည် အောက်ခြေပစ္စယာကို နှိမ့်၍ ရှစ်မြောင့် ပစ္စယာအထက်၌ တည်ထားသည့် ရှည်မျောမျော ခေါင်းလောင်းပုံများ ဖြစ်ကြသည်။ ခေါင်းလောင်းခါးလယ်၌ ဖောင်းလိုင်းထည့်ခြင်း၊ ဖောင်းရစ်များ ထည့်သွင်းခြင်း၊ ကြာလှန်ကြာမှောက်နှင့် ခရေသီးများကို အချိုးကျစွာ ထည့်သွင်းလာခြင်းတို့သည် အေဒီ ၁၁ ရာစု လက်ရာ ပုဂံစေတီများ၏ ဟန်များဖြစ်ကြသည်။ ဂူပြောက်ကြီး တောင်ဘက်ရှိမြင်းကပါစေတီ(ပုဂံဘုရား အမှတ် ၁၃၂၈)နှင့် ဓမ္မရံကြီးစေတီတော်၏ မြောက်ဘက်ရှိ အင်းဘုရား (ပုဂံဘုရားအမှတ် ၇၇၂) တို့သည်လည်း အေဒီ ၁၁ ရာစုလက်ရာ ပြောင်းတိုင်ပုံများဖြစ်ကြသည်။ (အင်းဘုရားကို ယူနက်စ်ကို ပညာရှင်က အေဒီ ၁၂ ရာစု လက်ရာဟု ဖော်ပြခဲ့သည်။)

## ပျူဟန် ဂူဘုရားများ

ပုဂံဒေသ၌ လိုဏ်ပါသည့် ဂူဘုရားများကို အများအပြားတွေ့ရှိနိုင်ပြီး သရေခေတ္တရာရှိ ဘဲဘဲဂူ၊ ရဟန္တာဂူ၊ အရှေ့ဈေးဂူ စသည့် ဂူဘုရားများသည် ပုဂံဂူဘုရားများ၏ ရှေ့ပြေးဗိသုကာ လက်ရာများဖြစ်ကြသည်။ ပျူဟန် ဂူဘုရားများသည် သေးငယ်ကြသော်လည်း ၁၁ ရာစုတွင် ကြီးမားသော ပုဂံဂူဘုရားများဖြစ်ကြသည့် အာနန္ဒာ၊ ပုထိုးသားများ၊ အပယ်ရတနာ၊ နဂါးရုံ၊ မြင်းကပါ ဂူပြောက်ကြီး တို့ကိုတည်ဆောက်ခဲ့သည်။ အချို့တစ်ထပ်လိုဏ်ဘုရားများ၏ ပစ္စယာဆင့်များ အထက်တွင် ကွမ်းတောင်နှင့် အထွတ် စေတီများတင်၍ အချို့တွင် စေတီပေါက်ခဲ့ကြသည်။ ဂူဘုရားများသည် အများအားဖြင့် ဝင်ပေါက်တစ်ပေါက်သာ ပါရှိပြီး အလယ် မဏ္ဍိုင်တွင်ရှိသည့် ဂန္ဓကုဋီတိုက်၌ အတွင်းပတ်လမ်းကို ထည့်သွင်းတည်ဆောက်ခဲ့ကြသည်။

၁၂ ရာစုတွင် ဂူဘုရားများဖြစ်ကြသည့် သဗ္ဗညု၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ လောကထိပ်ပန်၊ စိမ်းညက်ညီအစ်မ၊ ခေမဂ်၊ မြေဘုံသာ စသည်တို့ကို တည်ဆောက်ခဲ့ကာ ဂူအတွင်း၌ အလင်းရောင် ပိုမိုရရှိ စေရန် ဆောင်ရွက်နိုင်ခဲ့သည်။ လောကထိပ်ပန်ကဲ့သို့ လိုဏ်ဘုရားအငယ်များတွင် အလယ်မဏ္ဍိုင်ထည့်သွင်းခြင်းမပြုဘဲ တိုက်မကို ဂန္ဓကုဋီ အဖြစ် ဖွဲ့စည်းခဲ့သည်။

စိမ်းညက်ညီအစ်မဂူဘုရား၏ လေးထောင့်ပုံ ပန္နက်ခုံကို မြေပြင်မှ သုံးပေကျော်မြင့်ကာပန္နက်ပေါ်တွင် မုခ်ပေါက် လေးဖက်ပွင့်ဆောက်လုပ်ထားသည်။ ဂူဘုရားကို အလယ်၌ မဏ္ဍိုင်ခံ၍ စကြံပတ်လမ်းပြုလုပ်ကာ ပတ်လမ်းမုခ်ခုံးနံရံများနှင့် အာရုံခံမုခ်များအတွင်း၌ ကနုတ်ပန်းများကို တွေ့ရှိရသည်။ စိမ်းညက်ဂူသည် အောက်ခြေ၌ လေးထောင့်ပစ္စယံ သုံးဆင့်ခံထားပြီး ထောင့်လေးထောင့်ကို အခြေခံ၍ ဂူ အထွတ်တင်ခဲ့သည်။ ကွမ်းတောင်ပေါက်လိုဏ်တစ်ထပ်ဂူဘုရားတစ်ဆူဖြစ်သည့် စိမ်းညက်ဂူဘုရား ပစ္စယာအဆင့်သုံးဆင့်၏ ထောင့်လေးထောင့်၌ သီဟိုဠ်ပုံစံ ထောင့်စိုက်စေတီငယ်များ စိုက်ထူထားသည်။ ဂူအပြင်ဘက်မျက်နှာကို အင်္ဂတေ ပန်းတော့လက်ရာ ဘီလူးပန်းဆွဲများဖြင့် တန်ဆာဆင်ထားသည်။ ယင်းဂူဘုရားကို စိမ်းညက်မိဖုရားက ၁၂ ရာစု၌ တည်ခဲ့သည်ဟု ယူဆကြပြီး ဗိသုကာ ပုံစံလက်ရာကို ထောက်ဆ၍ ၁၃ ရာစု မြန်မာ့ဗိသုကာ လက်ရာဖြစ်ကြောင်း သမိုင်းဝင် ပုဂံစေတီပုထိုးများ စာအုပ်တွင် ဖော်ပြထားသည်။

၁၁ ရာစု ဂူဘုရားများသည် အတွင်းသို့ အလင်းရောင်ဝင်ရောက်မှု အားနည်းခဲ့ကာ ၁၂ ရာစု ဂူဘုရားများတွင်လည်း ခေတ်ဦးပိုင်း၌ မုခ်ပေါက်တစ်ပေါက်သာ ထားရှိခဲ့သည်။ သို့သော် ၁၂ ရာစု နှောင်းပိုင်းတွင် ဂူဘုရားများတွင် ဘေးပေါက်များ ဖောက်၍ လိုဏ်အတွင်း အလင်းရောင်ပိုမိုရရှိစေရန်နှင့် လေဝင်လေထွက်ကောင်းမွန်စေရန် ပြတင်းပေါက်များအား ဟင်းလင်းပေါက်များအဖြစ် ပြုလုပ်ခဲ့သည်။တိုက်မတွင် အလယ်မဏ္ဍိုင်မတည့်တော့ဘဲ ဂန္ဓကုဋီ အဖြစ် ဖွဲ့စည်းခဲ့ပြီး ၁၃ ရာစုတွင် လိုဏ်ဘုရားများကို သုံးထပ် အထိ ဆောက်လုပ်ခဲ့ကြသည်။ ထို့အတူ ၁၃ ရာစုတွင် လေးမျက်နှာနှင့် ငါးမျက်နှာ ဂူဘုရားများ၊ ဝက်ကြီး အင်းဂူပြောက်ကြီး ကဲ့သို့သော ဗုဒ္ဓဂယာမှ မဟာဗောဓိပုံ နှစ်ထပ်ဂူဘုရားများကို တည်ဆောက်ခဲ့ကြသည်။

စေတီပုထိုးများ အရေအတွက် ထောင်နှင့်ချီရှိနေသော်လည်း ပုဂံစေတီပုထိုးများသည် တစ်ဆူနှင့် တစ်ဆူ တူညီခြင်း မရှိကြဘဲ အခြေခံတည်ဆောက်ပုံစနစ်မှလွဲ၍ ဗိသုကာ ဟန်များ ကွဲပြားကြပေသည်။ ခေတ်အလိုက် တည်ဆောက်ပုံများ ကွဲပြားခဲ့သည့် ပုဂံစေတီ ပုထိုးများသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ထင်ရှားခဲ့ကာ၂၀၁၉ ခုနှစ် ဇွန်လတွင် အဇာဘိုင်ဂျန်နိုင်ငံ၌ ကျင်းပခဲ့သည့် ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေးက ကမ္ဘာ့အမွေအနှစ် (World Heritage) အဖြစ် သတ်မှတ်ခဲ့ပေသည်။ ။

# တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ပဲခူးမြို့တွင်ဖွင့်လှစ်သည့် စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းဖွင့်ပွဲသို့တက်ရောက်

**ပဲခူး ဇွန် ၁**
အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏ စီစဉ်မှု၊ ပဲခူး တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ပဲခူး တိုင်းဒေသကြီး)တို့၏ ကြီးကြပ်မှုဖြင့် ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ဗုဒ္ဓအသံ ဓမ္မဗိမာန်တွင် ပဲခူးမြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းများအတွက် ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ယနေ့ဖွင့်လှစ်သည့်သင်တန်းသည် ပဲခူးမြို့နယ်အတွင်းမှ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေး လုပ်ငန်းစဉ်များတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ရန် ဆန္ဒပြုထားကြသည့် စေတနာ့ဝန်ထမ်းများအတွက် ဆင့်ပွားသင်တန်း ဖြစ်ကြောင်း၊ စေတနာ့ ဝန်ထမ်းတစ်ဦးစီအတွက် လုံခြုံရေးအကာအကွယ်များ ဆောင်ရွက်ပေးခြင်း၊ အနေအထိုင်အစားအသောက် အသွားအလာများတွင် လိုအပ်ချက်များ ပံ့ပိုးကူညီပေးခြင်း၊ လုံလောက်သော အပန်းဖြေအနားယူမှုရှိစေခြင်းနှင့် နိုင်ငံတော်မှအသိအမှတ်ပြုကတ်ပြားများ၊ တံဆိပ်များ ချီးမြှင့်ခြင်းများ ဆောင်ရွက်မည် ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် လက်တွေ့ကြုံတွေ့နေရသည့် အခက်အခဲများရှိပါက ဆရာများအား မေးမြန်းခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ မြန်မာနိုင်ငံဆရာဝန်အသင်း (ပဲခူး တိုင်းဒေသကြီး) အတွင်းရေးမှူး ဒေါက်တာ နေမျိုးက သင်တန်းနည်းပြ ဆရာဝန်များနှင့် မိတ်ဆက်ပေးခြင်းနှင့် သင်တန်းတွင် ပို့ချသင်ကြားမည့် သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၁ ရက်မှ ၂ ရက်အထိ တစ်နေ့လျှင်နှစ်ကြိမ် မြန်မာနိုင်ငံ ဆရာဝန်အသင်း (ပဲခူး တိုင်းဒေသကြီး) က သင်တန်းနည်းပြ ဆရာဝန်များက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း၌ ဇွန်လမှစတင်ကာ ကိုဗစ်- ၁၉ ထိန်းချုပ်ရေး လုပ်ငန်းစဉ်တွင် မပါဝင်သော်လည်း စေတနာ့ဝန်ထမ်း လုပ်ငန်းများကို စိတ်ပါဝင်စားပြီး လက်တွေ့တွင် လူမှုရေးကူညီစောင့်ရှောက်နေသူများကို စေတနာ့ဝန်ထမ်းဆင့်ပွားသင်တန်းများ ထပ်မံဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီး ဒေါ်နော်ပွယ်စေး၊ ပဲခူးခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်၊ လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံး၊ နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆရာဝန် အသင်း(ပဲခူးတိုင်းဒေသကြီး) အတွင်းရေးမှူးနှင့် သင်တန်းနည်းပြ ဆရာဝန်များ၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးတင့်ဆွေမြင့်နှင့်အဖွဲ့များ၊ သင်တန်းသား သင်တန်းသူ စေတနာ့ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။



**တင်စိုး(ပဲခူး)**

## COVID-19 ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း မြန်မာနိုင်ငံတွင် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ် ပြန်လည်စတင်ဆောင်ရွက်

**COVID-19 ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း**
**မြန်မာနိုင်ငံတွင် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ် ပြန်လည်စတင်ဆောင်ရွက်ခြင်း**
**(၃၁-၅-၂၀၂၀)**

ကမ္ဘာတစ်ဝန်းလုံးတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းသည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအနက် ကုန်ကျစရိတ်နှင့်စာလျှင် အကျိုးသက်ရောက်မှုအရှိဆုံး လုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ကလေးများ၏ ကာကွယ်ဆေးထိုးနှံရန် အခွင့်အရေးကို အခြားကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းများအတွက် တရားမျှတမှုပြယုဂ်တစ်ခုအဖြစ်လည်း ဖြစ်ပါသည်။

COVID-19 ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ကာကွယ်ဆေးထိုးလုပ်ငန်းများဆောင်ရွက်ရာတွင် COVID-19 နှင့် ဆက်စပ်သည့် ရောဂါကူးစက်ပျံ့နှံ့မှု ကာကွယ်တားဆီးရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် ဦးစားပေးဆောင်ရွက်၍ ကာကွယ်ဆေးထိုးစုရပ်များကို နည်းစနစ်ကျနစွာ အထူးစီမံဆောင်ရွက်ထားရပါသည်။

မြန်မာနိုင်ငံတွင် (၂၀၂၀)ခုနှစ်၊ မတ်လ (၂၃)ရက်နေ့မှစတင်၍ COVID-19 ရောဂါ ဖြစ်ပွားသူကို စတင်တွေ့ရှိခဲ့ရာမှ နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များအားလုံးသည် COVID-19 ရောဂါ ကာကွယ်တားဆီး ထိန်းချုပ်ရေးလုပ်ငန်းများကို အထူးဦးစားပေး၍ ဆောင်ရွက်နေပါသည်။ ထို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ "အိမ်တွင်း၌သာနေကြရန် အချိန်ကာလ" အဖြစ် သတ်မှတ်၍ "လူစုလူဝေးပြုလုပ်ခြင်းကို လုံးဝမပြုလုပ်ရန် ကန့်သတ်ခြင်း" လမ်းညွှန်ချက်များ ထုတ်ပြန်ခဲ့ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါဖြစ်ပွားမှုကို တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများတွင် ပိုမိုအာရုံစိုက်ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထုအတွင်း ရောဂါပိုးကူးစက်ပျံ့နှံ့ခြင်းကို ကာကွယ်ရန် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ကို (၂၀၂၀)ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ စတင်၍ ခေတ္တရပ်ဆိုင်းခဲ့ပါသည်။ တစ်ချိန်တည်းတွင် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ် ပြန်လည်စတင်ဆောင်ရွက်နိုင်ရန် လိုအပ်သောအချက်အလက်များကို ကြိုတင်စဉ်းစား၍ ပြန်လည်စတင်ရာတွင် လိုအပ်မည့်လုပ်ငန်းများကို အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များနှင့် မိဘအုပ်ထိန်းသူများအတွက် တိကျသေချာစွာ လိုက်နာဆောင်ရွက်နိုင်ရန်နည်းလမ်းများကို ပြုစုရေးဆွဲခဲ့ပါသည်။

နိုင်ငံအတွင်း COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုအခြေအနေကို လေ့လာသုံးသပ်ရာတွင် ယခုအချိန်၌ ရောဂါပိုးတွေ့ အတည်ပြုလူနာများသည် နိုင်ငံပြင်ပမှ ဝင်ရောက်လာသူများသာဖြစ်ပြီး ပြည်သူလူထုအတွင်း ရောဂါကူးစက်ဖြစ်ပွားမှု အနည်းဆုံးရှိခဲ့ခြင်းကြောင့် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ကို ပြန်လည်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

နိုင်ငံတစ်ဝန်းရှိ ပြည်သူ့ဆေးရုံများ၌ ဆေးရုံအခြေပြုကာကွယ်ဆေးထိုးဆေးခန်းများတွင် (၂၀၂၀) ခုနှစ်၊ မေလ (၁၈)ရက်နေ့မှ စတင်၍လည်းကောင်း၊ ကျန်ရှိသောကျန်းမာရေးဌာနများနှင့် ပြည်သူလူထုအတွင်းတွင် ဇွန်လ (၁)ရက်နေ့မှ စတင်၍လည်းကောင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်များကို ပြန်လည်စတင်ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးစုရပ်များမှ တစ်ဆင့် ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုအတွင်း ရောဂါကူးစက်ပျံ့နှံ့မှုမရှိရန် ကာကွယ်ဆေးထိုးစုရပ်များတွင် တစ်နေ့လျှင် ရည်မှန်း ကလေး(၅၀)ခန့်အထိသာ ကာကွယ်ဆေးထိုးနှံပေးရန်နှင့် ကာကွယ်ဆေးထိုးစုရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော COVID-19 ရောဂါကူးစက်ပျံ့နှံ့မှု ကာကွယ်တားဆီးရေးလုပ်ငန်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ် ပြန်လည်စတင်ရာတွင် ဧပြီလနှင့် မေလများ၌ ကာကွယ်ဆေးမထိုးခဲ့ရသည့် လျာထားကလေးများအားလုံးသာမက ယခင်က မည်သည့်အကြောင်းကြောင့်ဖြစ်စေ ပုံမှန်ကာကွယ်ဆေးမထိုးခဲ့ရဘဲ လွတ်ကျန်ခဲ့သည့်ကလေးများအားလုံးကိုပါ တစ်ယောက်မကျန် ပြန်လည်ထိုးနှံပေးနိုင်ရန် စီစဉ်ထားပါတယ်။ မိဘအုပ်ထိန်းသူများကို အထူးမေတ္တာရပ်ခံချင်တာကတော့ ကာကွယ်ဆေးထိုးစုရပ်များမှာ ကာကွယ်ဆေးထိုးဖို့ လာရောက်စဉ် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်းပါဝင်ပြီး ဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ရောဂါကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးလမ်းညွှန်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပေးကြပါ။ တစ်ဦးနှင့်တစ်ဦး သတ်မှတ်ထားတဲ့အတိုင်း (၆)ပေအကွာ ခပ်ခွာခွာနေကြပါ။ လက်ကို စနစ်တကျဆေးကြောပါ။ သို့မှသာ မိမိတို့၏ကလေးများ ဘေးကင်းစွာ ကာကွယ်ဆေးထိုးနှံနိုင်ပြီး ပြည်သူအားလုံး COVID-19 ရောဂါမှ ကင်းဝေးနေနိုင်မှာဖြစ်ပါတယ်။"

မြန်မာနိုင်ငံ၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. June Kunugi က "ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းဟာ ကလေးငယ်များအတွက် အရေးအကြီးဆုံး ကျန်းမာရေးလုပ်ငန်းများအနက် တစ်ခုဖြစ်ပြီး ကလေးများရဲ့အသက်ကိုကယ်ဆယ်ရန်နဲ့ အထူးသဖြင့် ကျန်းမာရေးလိုအပ်ချက်များရှိနေသော ဝေးလံခေါင်ဖျားဒေသများ၊ လက်လှမ်းမီရောက်ရှိရန်ခက်ခဲဒေသများ၊ ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ကလေးများကို ကာကွယ်ဆေးဖြင့် ကာကွယ်၍ ရသောရောဂါများ ကပ်ရောဂါအသွင်ဖြစ်ပွားမှုအန္တရာယ်မှ လျော့ချနိုင်ရန်အတွက် အရည်အသွေးကောင်းမွန်သော ကာကွယ်ဆေးများအားလုံးကို မှန်ကန်သောအချိန်တွင် အကြိမ်ပြည့်ရရှိရန်မှာ မရှိမဖြစ်ပဓာနကျသော အခြေခံလိုအပ်ချက်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ မြန်မာနိုင်ငံ၏ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost က "COVID-19 ဟာ ကျွန်တော်တို့အားလုံးအတွက် အမြင်ကျယ်စေတဲ့ အတွေ့အကြုံကို ရရှိစေခဲ့ပါတယ်။ ကူးစက်တတ်သော ကပ်ရောဂါဆိုတာ နိုင်ငံအမြောက်အမြားမှာ အားလုံးတစ်ချိန်တည်းမှာ ဖြစ်ပွားနိုင်တယ်ဆိုတာကို သက်သေပြခဲ့ပါပြီ။ အလားတူစွာ အကယ်၍ ကာကွယ်ဆေးလွှမ်းခြုံမှု ကျဆင်းလာပါက ဝက်သက် အစရှိသော ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သည့် ရောဂါများဟာလည်း အချိန်မရွေးပြန်လည်ခေါင်းထောင်ဖြစ်ပွားလာနိုင်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ကလေးများ ကာကွယ်ဆေးထိုး လုပ်ငန်းအစီအစဉ် ပြန်လည်ဆောင်ရွက်ခြင်းဟာ ချီးကျူးထိုက်သောခြေလှမ်းကို စတင်လှမ်းလိုက်ခြင်းပင် ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ပါသည်။

Gavi, the Vaccine Alliance သည် မြန်မာနိုင်ငံတွင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ၏ အဓိကအလှူရှင် ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နေချိန် အခြားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်ကြသော မိခင်၊ ကလေးကျန်းမာရေးနှင့် အာဟာရမြှင့်တင်ရေး လုပ်ငန်းများဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများကို ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ညောင်ဦးမြို့နယ်၌ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် မြေယာထွန်ယက်ခြင်းနှင့် စက်ပြုပြင်ခြင်းများ အခမဲ့ ဆောင်ရွက်ပေး

**ညောင်ဦး ဇွန် ၁**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြေယာပြုပြင်ထွန်ယက်ရန် အခက်အခဲရှိသော တောင်သူများအား စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်ကြီးငါးစီးဖြင့် ထွန်ယက်ရေးဝန်ဆောင်မှုများကို ဌာနမှသတ်မှတ်ထားသော ထွန်ယက်ရေးဝန်ဆောင်မှု ဈေးနှုန်းများအတိုင်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ညောင်ဦးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ဖြိုးထံက သိရသည်။

ထို့အပြင် တောင်သူများပိုင်ဆိုင်သည့် လက်တွန်းထွန်စက်နှင့် ထွန်စက်ကြီးများ ပျက်စီးမှုအတွက်လည်း ပစ္စည်းဖိုးသာယူ၍ လက်ခအခမဲ့ဖြင့် ပြုပြင်ပေးနေကြောင်း၊ မောင်းနှင်၍ရလျှင် ရုံးစိုက်သည့်နေရာသို့ မောင်းယူလာ၍ ပြုပြင်ပေးပြီး မောင်းမရသော အခြေအနေဆိုလျှင် ဌာနမှ ကျွမ်းကျင်စက်ပြင်ဝန်ထမ်းများက ကျေးရွာအရောက် လိုက်လံပြုပြင်ပေးကြောင်း သိရသည်။ ညောင်ဦးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ယခုနှစ်တွင် တောင်ဘီ၊ ပျော်ဘွယ်၊ မီးလောင်ပြားနှင့် ရွာသစ်ကျေးရွာတို့မှ လယ်ယာမြေဧက ၂၇၅၀ ကို ထွန်ယက်ပေးနိုင်ခဲ့ပြီး တောင်သူပိုင်လက်တွန်းထွန်စက်နှစ်စီးနှင့် ထွန်စက်ကြီး သုံးစီးကိုလည်း ပြုပြင်ပေးနိုင်ခဲ့ကြောင်း၊ မြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် ထွန်ယက်ရန် အခက်အခဲများရှိပါက ဌာနသို့အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

**ကျော်မင်းဦး(ရေနံချောင်း)**

# သဇင်မြိုင်ရဲကင်းစခန်းအား ဝင်ရောက်တိုက်ခိုက်ပြီး ဆုတ်ခွာထွက်ပြေးသွားသော AA အကြမ်းဖက်သောင်းကျန်းသူများအား လိုက်လံပိတ်ဆို့နှိမ်နင်း

နေပြည်တော် ဇွန် ၁

**ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ သဇင်မြိုင်ရဲကင်းစခန်းအား မေ ၂၉ ရက် နံနက် ၂ နာရီခန့်တွင် အင်းအားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားသော AA အကြမ်းဖက်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ကုန်းလမ်း၊ ရေလမ်းတစ်လျှောက် လိုက်လံပိတ်ဆို့နှိမ်နင်းလျက်ရှိကြောင်း။**




ထိုသို့ လိုက်လံပိတ်ဆို့နှိမ်နင်းလျက်ရှိရာ မေယုမြစ်အတွင်း စစ်ရေယာဉ်များဖြင့် လိုက်လံပိတ်ဆို့ရှင်းလင်းစဉ် မေ ၃၀ ရက် ည ၉ နာရီခန့်တွင် ရသေ့တောင်မြို့နယ် ရပ်ခုံတိုင်ကျေးရွာအနီး ရောက်ရှိစဉ် မေယုမြစ်၏ အနောက်ဘက်ကမ်းစပ်မှ AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် စစ်ရေယာဉ်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

အဆိုပါ ရပ်ခုံတိုင်ကျေးရွာသည် AA အကြမ်းဖက်သောင်းကျန်းသူများ စိမ့်ဝင်လှုပ်ရှားလျက်ရှိသည့်ကျေးရွာဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၈ ရက်တွင်လည်း ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ၏ နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂ သန်း ၅ သိန်းခန့်နှင့် ကြိုးဆွဲလက်ပစ်ဗုံး ၃၆ လုံး၊ လမ်းလျှောက်စကားပြောစက် ၅၂ လုံး၊ မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ကြောင်း။

ထို့ပြင် တပ်မတော်စစ်ကြောင်းများက ကုန်းလမ်းတစ်လျှောက် လိုက်လံပိတ်ဆို့ရှင်းလင်းစဉ် မေ ၃၀ ရက် နံနက်ပိုင်းတွင် သဇင်မြိုင်ရဲစခန်း၏ အနောက်မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာသို့ အရောက်၌ AA အကြမ်းဖက်သောင်းကျန်းသူများ ယာယီနေရာယူထားသည့် ပွိုင့်-၇၇ တောင်ကုန်းကို တွေ့ရှိရသဖြင့် လက်နက်ကြီးပစ်ကူရယူ၍ တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ပွိုင့်-၇၇ တောင်ကုန်းကို သိမ်းပိုက်ရရှိခဲ့ကြောင်း၊ အဆိုပါတောင်ကုန်းကို အသေးစိတ်ရှင်းလင်းရာ ၁ ယောက်ပစ်ကျင်း ၇၂ ကျင်း၊ ၂ ယောက်အိပ်တဲ အလုံး ၂၀ နှင့် စစ်အသုံးအဆောင်ပစ္စည်း အချို့တို့ကို တွေ့ရှိခဲ့ကြောင်း။

တပ်မတော်စစ်ကြောင်းများက ဆုတ်ခွာထွက်ပြေးသွားသော AA အကြမ်းဖက်သောင်းကျန်းသူများကို ထက်ကြပ်လိုက်လံပိတ်ဆို့လျက်ရှိကြောင်းနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

သဇင်မြိုင်ရဲကင်းစခန်းအား ဝင်ရောက်တိုက်ခိုက် ဆုတ်ခွာထွက်ပြေးသွားသော AA အကြမ်းဖက်သောင်းကျန်းသူများအား လိုက်လံပိတ်ဆို့နှိမ်နင်းသည့် ဖြစ်စဉ်နေရာပြမြေပုံ။

# AA အကြမ်းဖက်အဖွဲ့နှင့် ဆက်စပ်ပတ်သက်သော စိတ်ကြွရူးသွပ်ဆေးပြားများ ဖော်ထုတ်ဖမ်းဆီးရမိ၊ AA နှင့် ARSA အကြမ်းဖက်အဖွဲ့များပူးပေါင်း၍ တရားမဝင်မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများ ရုပ်လုံးပေါ်လာ

နေပြည်တော် ဇွန် ၁

**ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း AA အကြမ်းဖက်အဖွဲ့နှင့် ဆက်စပ်ပတ်သက်သည့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖော်ထုတ်ဖမ်းဆီးရမိပြီးနောက် စိစစ်ဖော်ထုတ်ချက်များအရ AA နှင့် ARSA အကြမ်းဖက်အဖွဲ့များ ပူးပေါင်း၍ တရားမဝင်မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်မှု ဆောင်ရွက်ချက်များ ယခုအခါ ရုပ်လုံးပေါ်လာကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။**




မောင်တောမြို့နယ် ကန်သာယာကျေးရွာ၌ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုနှင့် မောင်တောဒေသအခြေအနေပြ မြေပုံ။

သတင်းပေးချက်များအရ လုံခြုံရေး တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၁ ရက် နံနက် ၉ နာရီခွဲခန့်တွင် မောင်တောမြို့နယ် ကန်သာယာကျေးရွာရှိ ရွှေသိန်း (အသက် ၃၁ နှစ်) ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်ကားဂိုဒေါင်အတွင်း ရပ်ထားသည့် FORLAND အမျိုးအစား ယာဉ်အမှတ် YGN 9P-5603 (ယာဉ်လိုင်စင် စိစစ်ဆဲ)ပေါ်တွင် တင်ဆောင်ထားသည့် ဆာလာအိတ် ၁၈ အိတ်အတွင်းမှ WY/R စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂,၄၃၇,၅၀၀ (၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၄၈,၇၅၀) နှင့် နေအိမ်မှ PAA-912 နံပါတ်ပါ AUSTRIA နိုင်ငံထုတ် Glock ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် ၅ တောင့်၊ မြန်မာငွေကျပ် ၄၉ သိန်း၊ မော်တော်ဆိုင်ကယ်တစ်စီးနှင့် Hijet အမျိုးအစား ယာဉ်အမှတ် YGN 1G-9180 မော်တော်ယာဉ်တစ်စီး (ယာဉ်လိုင်စင် စိစစ်ဆဲ)တို့အား တွေ့ရှိသိမ်းဆည်းရမိကြောင်း။

၎င်းနေအိမ်တွင် ရွှေသိန်းမှာ ကြိုတင်တိမ်းရှောင်သွားပြီး ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ဦးမစိန်(အသက် ၃၀) နှင့် ဆက်စပ်ပတ်သက်သူ ၅ ဦးတို့အား တွေ့ရှိဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ကနဦးစစ်ဆေး ပေါ်ပေါက်ချက်များအရ ရွှေသိန်းသည် AA အကြမ်းဖက်အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၎င်းရွာတွင် ရွာသားအသွင်နေထိုင်၍မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချခြင်း၊ လူသစ်စုဆောင်းခြင်း တာဝန်ခံအဖြစ်ဆောင်ရွက်ကြောင်း၊ သိမ်းဆည်းရမိသည့် သေနတ်မှာ AA အကြမ်းဖက်အဖွဲ့မှ ထုတ်ပေးထားသည့် သေနတ်ဖြစ်ကြောင်း၊ ဖမ်းဆီးရမိသူ ရခိုင်တိုင်းရင်းသား ၅ ဦးအနက် ၂ ဦးမှာ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုတွင် ရွှေသိန်းနှင့်အတူ ကိုယ်တိုင်ပါဝင်ပတ်သက်သူဖြစ်ပြီး ကျန် ၃ ဦးမှာ ရသေ့တောင်မြို့နယ် ပေါက်တောပြင်ကျေးရွာဇာတိများဖြစ်ကာ AA အကြမ်းဖက်သင်တန်း တက်ရောက်ရန် ရွှေသိန်းက လူသစ်စုဆောင်းထားပြီး ၎င်း၏နေအိမ်တွင် ခေတ္တခေါ်ထားသူများ ဖြစ်ကြောင်း၊ ရွှေသိန်း၏ နေအိမ်တွင် နေထိုင်စဉ် ရွှေသိန်း စေခိုင်းသည့် မူးယစ်ဆေးဝါး သယ်ဆောင်မှုကိစ္စများကို ဆောင်ရွက်ပေးရကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ယခုမူးယစ်ဆေးဝါး ဖမ်းဆီးရမိသည့် ကန်သာယာကျေးရွာသည် ရခိုင်တိုင်းရင်းသားများ နေထိုင်သည့် ကျေးရွာဖြစ်ပြီး အနီးဝန်းကျင်ရှိ ကျေးရွာများမှာလည်း ရခိုင်တိုင်းရင်းသားအများစုနှင့် မြိုတိုင်းရင်းသားများ နေထိုင်ရာ ကျေးရွာများဖြစ်ကြောင်း၊ အင္ဂမော်-မောင်တောကားလမ်းတစ်လျှောက်သည် အင္ဂမော်မှ မောင်တောအထိ ရခိုင်တိုင်းရင်းသားကျေးရွာများပင် ဖြစ်ကြောင်း၊ AA အကြမ်းဖက်အဖွဲ့သည် ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်အကြား မေယုမြစ်အရှေ့ဘက်ကမ်းရှိ ရသေ့တောင် - ဘူးသီးတောင်ကားလမ်းနှင့် မေယုမြစ်ကြောင်းကို ထိန်းချုပ်ထားပြီး ၎င်းတို့ ထိန်းချုပ်ထားသည့် နယ်မြေမှ တစ်ဆင့် မူးယစ်ဆေးဝါးများကို လှုဖြင့် လည်းကောင်း၊ စက်လှေ၊ မော်တော်ယာဉ်တို့ဖြင့် လည်းကောင်း အဆင့်ဆင့်သယ်ဆောင်ကာ မောင်တောမြို့ပေါ်နှင့် မောင်တောတောင်ဘက်ခြမ်းသို့ ပို့ဆောင်ကြောင်း။

မောင်တောမြို့ တောင်ဘက်ခြမ်းနယ်မြေ၌ ၂၀၂၀ ပြည့်နှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိအမှုပေါင်း ၁၃ မှုနှင့် ဖမ်းဆီးရမိ ပမာဏမှာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀,၉၅၀,၃၇၉ ပြား ရှိကြောင်း၊ ဖမ်းဆီးရမိ ပါဝင်ပတ်သက်သူ တရားခံများမှာ ဖမ်းမိတရားခံ ၁၇ ဦး၊ ပြန်လည်ခုခံ တိုက်ခိုက်သဖြင့် ပစ်ခတ်အသေဖမ်းဆီးရမိသူ ၁ ဦးနှင့် တရားခံပြေး ၆ ဦးတို့ ဖြစ်ကြောင်း၊ မောင်တောမြို့မှတစ်ဆင့် မောင်တောမြောက်ဘက်ခြမ်း နယ်မြေအားဖြတ်သန်းပြီး တစ်ဖက်နိုင်ငံ နယ်စပ်သို့ မူးယစ်ဆေးဝါး ဆက်လက်ပို့ဆောင်သူများမှာ ARSA အကြမ်းဖက်အဖွဲ့နှင့် ဆက်စပ်သူများ ဖြစ်ကြောင်း။

၂၀၁၉ ခုနှစ်ကုန်ပိုင်း မောင်တောမြို့ပေါ်တွင် ဖမ်းဆီးရမိသူ မြင့်စိုးက မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာပြီး မောင်တောမြို့ မြို့မကညင်တန်း (အလယ်) ကျေးရွာနေ ဇော်ဝင်း(ခ) နော်ဘီမုလ်ဂျူဟာရ် ထံသို့ လာရောက်ပို့ဆောင်သည့် WY/R စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၈,၇၇၅,၀၀၀ ကို မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိမှုမှ လက်ခံမည့်သူ ဇော်ဝင်း(ခ) နော်ဘီမုလ်ဂျူဟာရ်မှာ တရားခံပြေးဖြစ်နေပြီး မေ ၃၀ ရက်တွင် ၎င်း၏နေအိမ်အား အတည်ပြုစိစစ်ရှာဖွေရာ နေအိမ်မြေအောက်ခန်း အတွင်းမှ WY/R စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၇,၀၉၀,၇၀၀ နှင့်အတူ ဖခင်ဖြစ်သူ ဂျူဟာရ်ဟူဆိန်းနှင့် ဇနီးဖြစ်သူ မရေခါယာဒ်ဖာတေမာတို့ ၂ ဦးအား ဖော်ထုတ်ဖမ်းဆီးရမိသည့်ဖြစ်စဉ်နှင့် မူးယစ်ဆေးဝါး အရေအတွက် များပြားသော ဖော်ထုတ်ရရှိမှု အပါအဝင် မောင်တောမြို့မြောက်ဘက်ခြမ်း နယ်မြေအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိ အမှုပေါင်း ၃၉ မှုနှင့် ဖမ်းဆီးရမိပမာဏမှာ စိတ်ကြွရူးသွပ်ဆေးပြား ၈,၁၂၆,၆၅၇ ပြားရှိကြောင်း။

ဖမ်းဆီးရမိ ပါဝင်ပတ်သက်သူ တရားခံများမှာ ဖမ်းမိ တရားခံ ၄၅ ဦး၊ ပြန်လည်ခုခံတိုက်ခိုက်သဖြင့် ပစ်ခတ်အသေ ဖမ်းဆီးရမိသူ ၄ ဦးနှင့် တရားခံပြေး ၆ ဦးတို့ ဖြစ်ကြောင်း တွေ့ရှိဖမ်းဆီးရမိမှု ဖြစ်စဉ်များနှင့် စိစစ်ဖော်ထုတ်ချက်များအရ AA အကြမ်းဖက်အဖွဲ့နှင့် ARSA အကြမ်းဖက်အဖွဲ့တို့သည် ချိတ်ဆက်ပူးပေါင်း၍ တရားမဝင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုမှ ရရှိသော အကျိုးအမြတ်များဖြင့် ၎င်းတို့အဖွဲ့ရပ်တည်ရေးနှင့် တရားမဝင် လက်နက်ခဲယမ်းများ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပြီး ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားရေးအတွက် လက်နက်စွဲကိုင် အကြမ်းဖက်ဆောင်ရွက်မှုများ တွေ့ရှိရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

မိုးဦးကာလနှင့် မိုးလယ်ကာလ၊ မိုးခေါင်သောအခါတွင်လည်းကောင်း၊ ရေကြီးနစ်မြုပ်ဖြစ်တတ်သော ရေနက်ကွင်းများတွင်လည်းကောင်း၊ ဒီရေအတက်အကျရှိသော နေရာများတွင်လည်းကောင်း၊ သွင်းရေရရှိရန် မလွယ်ကူသော မိုးရေသောက် ကုန်းမြင့်ပိုင်းလယ်များတွင်လည်းကောင်း၊ အချိန်လု၍ စိုက်ပျိုးရန်လိုအပ်သည့်ကာလများတွင်လည်းကောင်း၊ ဒေသအလိုက် သင့်တော်သည့် စိုက်ပျိုးနည်းများအနက် အောက်ပါစိုက်ပျိုးနည်းကို အများပြည်သူသိရှိနိုင်ရန် တင်ပြအပ်ပါသည် -

စပါးကြဲပက်စိုက်ပျိုးနည်း (Broadcasting)

စပါးကြဲပက်စိုက်ပျိုးနည်းသည် အချိန်တိုအတွင်း၊ လုပ်သားနှင့် ရေလိုအပ်ချက်နည်းနည်းဖြင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း၍ ကုန်ကျစရိတ်လျော့နည်းစေသည့် နည်းစနစ်တစ်ခု ဖြစ်ပါသည်။ စပါးကြဲပက်စိုက်ပျိုးနည်း (၂)နည်း ရှိပါသည်။ စပါးအခြောက်ကြဲပက်စိုက်ပျိုးခြင်းနှင့် အစိုကြဲပက်စိုက်ပျိုးခြင်းဟူ၍ဖြစ်ပါသည်။

**စပါးကြဲပက်စိုက်ပျိုးနည်း (အခြောက်/အစို)**
**Broadcasting (Dry/Wet)**





**ကြဲပက်စိုက်ပျိုးနည်း၏ အကျိုးကျေးဇူးများ**

- ❖ အချိန်တိုအတွင်း ဧကများစွာစိုက်ပျိုးနိုင်ပါသည်။
- ❖ ပျိုးနုတ်ခြင်း၊ ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ လုပ်ငန်းများလုပ်ဆောင်ရန် မလိုအပ်ခြင်းကြောင့် ကုန်ကျစရိတ်သက်သာစေပါသည်။
- ❖ ပြောင်းရွှေ့စိုက်ပျိုးခြင်း မပြုလုပ်ရသည့်အတွက် အပင်ထိခိုက်မှု မရှိစေပါ။
- ❖ အစိုကြဲပက်စိုက်ပျိုးခြင်းသည် အခြောက်ကြဲပက်စိုက်ပျိုးခြင်းထက် အပင်ပေါက်ရောက်ဖြစ်ထွန်းမှု သေချာစေပါသည်။
- ❖ မြေဆီလွှာရုပ်ဂုဏ်သတ္တိကို တိုးတက်ကောင်းမွန်စေပါသည်။
- ❖ မျိုးတူပါက ပျိုးထောင်စိုက်ပျိုးခြင်းထက် ရိတ်သိမ်းချိန် (၇-၁၀) ရက်ခန့် စောနိုင်ပါသည်။

**၁။ စပါးမျိုးရွေးချယ်ခြင်း**

- ✔ ရာသီဥတုဒဏ်ခံနိုင်သည့် အပင်ပေါက်စွမ်းအားကောင်းပြီး၊ အထွက်ကောင်း မျိုးသန့်စပါးမျိုးကို ရွေးချယ်စိုက်ပျိုးရပါမည်။
- ✔ အပင်အရပ်မမြင့်သော သက်လျင်၊ သက်လတ် စပါးမျိုးကို ရွေးချယ်စိုက်ပျိုးရပါမည်။

**၂။ မြေပြုပြင်ခြင်း**

- ✔ အခြောက်ကြဲပက်စိုက်ပျိုးရာတွင် အခြောက်ထယ်ရေးကို ပုံမှန်အတိုင်း ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ထွန်ယက်ပြီးမှ ကြဲပက်စိုက်ပျိုးရခြင်းဖြစ်သည်။
- ✔ အစိုကြဲပက်စိုက်ပျိုးရာတွင် သမန်းပြင်ကောင်းစွာပြုပြင်ပြီးမှ ကြဲပက်စိုက်ပျိုးရခြင်းဖြစ်သည်။
- ✔ မျိုးစေ့ချရန် သင့်တော်သော မြေအစိုဓာတ်ရှိချိန်တွင် မြေခံမြေဩဇာ ထည့်သွင်း၍ ကြမ်းတုံးရိုက် မြေညှိပါ။
- ✔ စိုက်ခင်းမြေညီညာပြီး ရေပြောင်စင်အောင် ထုတ်နိုင်ရန် စိမ့်မြောင်း၊ ပတ်မြောင်းများ ပြုလုပ်ထားရမည်။


ပုံ(၁) အခြောက်မြေပြင်ခြင်း


ပုံ(၂) အစိုမြေပြင်ခြင်း

**၃။ မျိုးစေ့ချခြင်း**

- ✔ တစ်ဧကအတွက် မျိုးသန့်စပါးမျိုးစေ့ (၂) တင်း အသုံးပြုရမည်။

အခြောက်ကြဲပက်စိုက်ပျိုးရာတွင် မျိုးစေ့ကို အခြောက်အတိုင်း ကြဲပက်ပြီး ကြမ်းရိုက်၍ဖုံးအုပ်ရမည်။ အစိုကြဲပက်စိုက်ပျိုးရာတွင် စပါးစေ့များကို (၂၄)နာရီကြာ ရေစိမ်၍ ရေပေါ်ပေါ်သော မျိုးစေ့များကို ဖယ်ရှားကာ (၂၄) နာရီကြာ မျိုးအုပ်ရမည်။ မျိုးစပါးကို စာပါးစပ်ပြူ အနေအထားတွင် ကြဲပက်ရမည်။

- ✔ မျိုးစေ့ကြဲပက်ရာတွင် ညီညာစေရန် ဂရုပြုရမည်။ မျိုးစေ့ကြဲပက်စက်ကိရိယာကို အသုံးပြု၍လည်း စိုက်ပျိုးနိုင်သည်။
- ✔ မျိုးစေ့ချပြီးချိန်မှ (၅)ရက်အတွင်း ကြွက်၊ ငှက်၊ တိရစ္ဆာန်တို့၏ ဖျက်ဆီးခြင်းမှ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရမည်။
- ✔ အပင်ပေါက်ပြီးနောက် (၁)လအတွင်း ကောက်ပင်ဖာခြင်းလုပ်ငန်းကို ဆောင်ရွက်ရပါမည်။


ပုံ(၃)

**၄။ မြေဩဇာကျွေးခြင်း**

- ✔ နွားချေးဆွေးနှင့် သဘာဝမြေဩဇာကို မြေခံအဖြစ်သုံးစွဲပါ။
- ✔ ကောက်ရိုး၊ နှမ်းရိုး၊ စပါးခွံ စသည့်သီးနှံအကြွင်းအကျန်များနှင့် နွားချေးတို့ကို မြေဆွေးပြုလုပ်၍ မြေပြင်ချိန်တွင်ထည့်ပါက အပင်၏ အနည်းလို အာဟာရဓာတ်များကို ပံ့ပိုးပေးသည့်အပြင် မြေ၏ ရေထိန်းစွမ်းအားကိုပါ တိုးတက်စေသည်။


ပုံ(၄) မြေဩဇာကြဲပက်ခြင်း

- ✔ ပုလဲဓာတ်မြေဩဇာအား အပင်ပွားစီးချိန်နှင့် အနှံမထွက်မီ ၅ ရက် အလိုတွင် အိတ်ဝက်စီ (တစ်အိတ်/ကေနူန်း) မို့ကပ်ချိန်တွင် ပိုတက်ရှ်မြေဩဇာတစ်ဧက တစ်စိတ် (၁/၄ အိတ်)/ကေနူန်း ထည့်သွင်းပေးပါ။
- ✔ မြေဆီလွှာဓာတ်ခွဲခန်းများတွင် မြေဆီလွှာ စမ်းသပ်စစ်ဆေး၍ ထောက်ခံချက်ပေးထားသော နှုန်းထားအတိုင်း ထည့်သွင်းအသုံးပြုပါ။
- ✔ စပါးအရွက်အရောင်တိုင်းကဒ် (LCC) ကို အသုံးပြု၍ နိုက်ထရိုဂျင်ဓာတ်မြေဩဇာလိုအပ်ချက်ကို အလွယ်တကူ သိရှိနိုင်ပါသည်။

**၅။ ရေသွင်းရေထုတ်ပြုလုပ်ခြင်း**

- ✔ ရေသွင်းရေထုတ်ကို လိုအပ်သလို ဆောင်ရွက်ပေးရမည်။
- ✔ အပင်ပေါက်ပြီး (၂)ပတ်အတွင်း ရေမမြုပ်စေရန် သတိပြုရမည်။
- ✔ မို့ကပ်ချိန်နှင့် ရင့်မှည့်ချိန်အကြားတွင် သွင်းရေ လုံလောက်စွာ ရရှိရန်လိုပါသည်။
- ✔ ရိတ်သိမ်းရာတွင် လွယ်ကူစေရန် ပန်းပွင့်စုံပြီးနောက် (၂၀-၂၅) ရက်အတွင်း ရေထုတ်ပေးရပါမည်။

**၆။ ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်း**

ပေါင်းမြက်ထူထပ်ပါက စပါးအထွက်နှုန်းကို ထိခိုက်စေသည့်အတွက် ထိထိရောက်ရောက် ပေါင်းနှိမ်နင်းရန် လိုအပ်ပါသည်။

- ✔ မြေကို ကောင်းစွာပြုပြင်ခြင်းဖြင့် ပေါင်းမြက်များအား နှိမ်နင်းနိုင်သည်။


ပုံ(၅) လက်ဖြင့်ပေါင်းမြက်နုတ်ခြင်း

- ✔ လက်ဖြင့်ဖြစ်စေ၊ ပေါင်းသတ်ဆေးဖြင့်ဖြစ်စေ ပေါင်းမြက်နှိမ်နင်းခြင်းကို အပင်ပေါက်ပြီး (၁)ပတ်မှ (၁)လအတွင်း ဆောင်ရွက်ရပါမည်။
- ✔ စပါးမျိုးစေ့မကြဲမီနှင့် စပါးပင်ပေါက်ပြီး ပေါင်းပင်အမျိုးအစားပေါ်မူတည်၍ မှတ်ပုံတင်ထားသော ပေါင်းသတ်ဆေးကို ဆေးညွှန်းအတိုင်း တိကျစွာအသုံးပြုပါ။


ပုံ(၆) မျိုးစေ့မကြဲမီ ပေါင်းသတ်ဆေးဖျန်းခြင်း / အပင်ပေါက်ပြီး ပေါင်းသတ်ဆေးဖျန်းခြင်း

**၇။ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း**

- ✔ ပိုးမွှားရောဂါ ကျရောက်ဖျက်ဆီးမှု ရှိ/မရှိကို အမြဲမပြတ် ကွင်းဆင်းကင်းထောက်စစ်ဆေးပြီး ပိုးသတ်ဆေးကို လိုအပ်မှသာ အသုံးပြုပါ။
- ✔ ပိုးမွှားရောဂါများ ရှင်သန်ခိုအောင်းရာ နေရာဖြစ်သော ပေါင်းပင်နှင့် ပင်ကြွင်းပင်ကျန်များကို သုတ်သင်ရှင်းလင်းပါ။
- ✔ ကြွက်ကြောင့် သီးနှံလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန်အတွက် စိုက်ခင်း၏ ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များကို ရှင်းလင်းခြင်း၊ ကြွက်ထောင်ချောက်ထောင်ခြင်း၊ ကြွက်ကာပစ္စည်းများ အသုံးပြုခြင်း စသည့်နည်းလမ်းများကို ဆောင်ရွက်နိုင်ပါသည်။


ပုံ(၇) ကြခင်းအား ပိုးသတ်ဆေးဖျန်းခြင်း

**၈။ ရိတ်သိမ်းခြင်း**

- ✔ စပါးနှံ၏ (၈၀-၈၅) ရာခိုင်နှုန်း ရင့်မှည့်ချိန် (မောင်းညိုချိန်) တွင် အလေအလွင့် အနည်းဆုံးနည်းလမ်းဖြင့် ရိတ်သိမ်းပြီး ချက်ချင်း ခြွေလှေ့၍ အခြောက်ခံပါ။
- ✔ စပါးအစိုဓာတ်သည် မျိုးအတွက် (၁၃) ရာခိုင်နှုန်းနှင့် စားသုံးမည့် စပါးအတွက် (၁၄) ရာခိုင်နှုန်း လိုအပ်ပါသည်။

### ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၁၆) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၂၀ ပြည့်နှစ် ၊ ဇွန် လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

**အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု**

ဃ - ၃၁၃၁၀၂

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု**

ထ - ၃၄၁၂၂၂

**ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆု**

ကဂ - ၃၈၈၉၈၀

ဝ - ၅၇၇၁၁၄

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၅၀၀၀)ဆု ( ၁ ) ဆု

ပ - ၇၂၉၀၆၁

**ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀၀)ဆုများ**

စ - ၈၁၀၁၂၂

ရ - ၉၅၀၁၀၆

ဝ - ၉၇၆၅၈၅

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၂၀၀၀)ဆု ( ၂ ) ဆု

ဗ - ၅၀၄၄၃၀

ဇ - ၆၈၅၅၈၇

**ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ**

ဃ - ၂၅၅၅၅၉

ည - ၆၈၆၉၅၀

မ - ၇၅၅၆၂၆

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၁၀၀၀)ဆု ( ၂ ) ဆု

ဝ - ၁၅၁၀၆၇

ဗ - ၅၄၈၈၀၂

**ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ**

| | |
|---|---|
| ခ - ၁၅၀၅၂၅ | ဏ - ၅၅၈၂၅၄ |
| ကဂ - ၁၈၁၈၃၃ | ကက - ၇၁၄၀၉၉ |
| ဃ - ၃၈၃၁၉၀ | ဍ - ၈၂၁၁၇၆ |
| ကဂ - ၄၇၈၄၁၈ | ထ - ၈၄၀၈၆၅ |
| ဈ - ၅၂၂၇၉၀ | စ - ၉၈၆၁၁၀ |
| ဆ - ၅၄၁၅၃၆ | |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၅၀၀)ဆု ( ၁၁ ) ဆု

| | | |
|---|---|---|
| ကင - ၂၈၉၆၃၉ | ဗ - ၅၅၁၆၈၀ | ပ - ၇၈၂၅၃၆ |
| ဏ - ၂၉၂၁၄၀ | ထ - ၆၇၀၀၆၄ | ခ - ၈၃၁၇၀၃ |
| ဋ - ၄၄၄၈၈၇ | ထ - ၇၂၉၁၅၈ | ကဂ - ၈၉၅၄၈၇ |
| ကဂ - ၅၂၂၂၄၅ | ဓ - ၇၆၄၆၄၆ | |

**ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ**

| | |
|---|---|
| က - ၁၁၉၄၁၉ | ခ - ၆၆၆၃၉၆ |
| ဟ - ၁၃၇၂၂၈ | ကင - ၆၉၉၁၃၉ |
| ထ - ၂၁၉၅၀၉ | ကင - ၇၀၅၃၀၇ |
| ရ - ၂၇၆၅၄၅ | င - ၈၂၄၁၆၃ |
| ဍ - ၃၆၇၇၂၀ | ဘ - ၈၄၁၂၃၄ |
| ဇ - ၃၉၇၁၇၂ | ဂ - ၈၇၅၈၄၃ |
| ရ - ၄၄၅၁၅၂ | တ - ၈၈၈၈၄၉ |
| ဗ - ၅၆၅၃၄၉ | ယ - ၉၂၄၀၃၀ |
| ကင - ၆၀၃၉၈၅ | |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး လှစ်ပေးသည့် ကျပ် သိန်း(၂၀၀)ဆု ( ၁၀ ) ဆု

| | |
|---|---|
| သ - ၁၂၁၆၀၈ | ဏ - ၄၁၆၁၀၈ |
| ဘ - ၁၅၈၉၁၀ | ထ - ၄၁၆၆၂၀ |
| သ - ၂၅၀၆၃၁ | တ - ၅၆၂၉၇၇ |
| ဟ - ၃၇၄၈၁၈ | ဘ - ၇၇၁၅၆၄ |
| ဓ - ၄၀၁၆၃၂ | ဘ - ၉၂၇၆၅၇ |

**ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ**

| | |
|---|---|
| ကဃ - ၁၅၈၅၀၉ | ဆ - ၆၀၁၉၇၇ |
| ကစ - ၂၈၄၇၄၈ | ကခ - ၆၁၃၀၅၇ |
| ဏ - ၃၂၀၀၁၈ | ဏ - ၆၈၈၆၀၀ |
| ဟ - ၄၁၆၆၆၁ | ဍ - ၇၁၂၁၅၈ |
| ထ - ၄၃၄၈၅၅ | ဋ - ၇၇၁၉၅၃ |
| န - ၅၁၄၉၅၄ | ဍ - ၈၁၁၃၀၀ |
| မ - ၅၂၉၆၈၀ | ကဂ - ၈၈၇၈၄၄ |
| ဃ - ၅၄၆၆၄၂ | ဇ - ၉၁၅၈၇၉ |
| စ - ၅၉၃၀၅၃ | ခ - ၉၂၁၀၀၁ |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၁၀၀)ဆု (၉)ဆု

ဖ - ၁၇၆၁၁၁

ည - ၂၃၀၈၇၉

ယ - ၄၆၂၂၃၄

ဍ - ၅၄၇၅၈၃

ကင - ၆၃၉၄၈၀

င - ၇၄၀၂၀၆

ကခ - ၇၇၉၅၃၀

ထ - ၈၀၃၁၆၉

ဋ - ၈၅၃၁၉၇

**ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ**

| | | | |
|---|---|---|---|
| ဘ - ၁၅၀၁၀၅ | ဇ - ၃၇၆၇၃၅ | ဈ - ၇၀၈၅၁၉ | ပ - ၉၁၁၁၇၆ |
| ဗ - ၁၇၆၆၆၈ | အ - ၄၁၀၆၇၁ | ဋ - ၇၁၂၈၂၂ | ကင - ၉၂၁၆၆၁ |
| စ - ၂၂၅၀၂၁ | င - ၄၁၁၇၁၂ | စ - ၇၅၅၈၇၀ | တ - ၉၃၀၉၅၇ |
| ခ - ၂၃၁၉၂၈ | ဍ - ၄၁၃၆၁၆ | တ - ၇၇၂၄၉၅ | ခ - ၉၇၀၇၅၅ |
| ကစ - ၃၂၃၅၄၀ | ရ - ၄၂၁၂၁၅ | ဖ - ၇၈၂၃၅၁ | ဖ - ၉၇၈၀၇၆ |
| အ - ၃၄၈၇၄၀ | ဠ - ၆၈၄၃၅၃ | ဍ - ၈၅၆၅၃၈ | သ - ၉၇၈၁၄၂ |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၅၀) ဆု ( ၃ ) ဆု

သ - ၆၆၃၂၀၇

ကဃ - ၈၂၁၄၆၈

ယ - ၈၇၀၅၁၈

**ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀)ဆုများ**

| | | | |
|---|---|---|---|
| က - ၁၅၀၇၁၆ | ဗ - ၃၁၈၉၀၄ | ဟ - ၅၂၁၈၈၅ | ကဆ - ၈၈၇၁၁၇ |
| ည - ၁၆၁၈၆၉ | ဇ - ၃၃၃၂၉၁ | ဂ - ၅၅၁၅၇၁ | ကဃ - ၈၈၈၇၈၀ |
| ကင - ၁၆၈၁၅၉ | ဗ - ၃၄၀၉၁၃ | မ - ၆၉၈၅၇၄ | န - ၈၉၄၃၂၀ |
| ဍ - ၁၈၂၇၃၉ | ဒ - ၃၄၉၅၇၄ | ဃ - ၇၀၁၂၀၉ | င - ၉၄၈၂၂၄ |
| ဖ - ၂၆၉၅၆၈ | ဠ - ၃၆၈၂၁၈ | မ - ၇၅၁၈၈၁ | ဝ - ၉၄၉၄၇၉ |
| ကဂ - ၂၇၈၁၇၃ | ဍ - ၄၃၈၆၃၀ | ဇ - ၇၉၉၃၆၉ | ဂ - ၉၉၄၇၉၈ |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၂၀) ဆု ( ၄ ) ဆု

ဏ - ၁၁၂၅၈၆

မ - ၄၂၂၅၄၄

ကခ - ၄၃၀၈၂၈

ကက - ၆၅၃၀၉၁

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဝ | ၁၀၃၆၂၂ | ဇ | ၂၄၁၂၀၂ | ကဆ | ၄၈၉၂၀၇ | ထ | ၇၉၀၈၄၈ |
| ဘ | ၁၁၇၀၄၄ | ဒ | ၂၆၆၅၀၅ | ဎ | ၄၉၅၄၄၈ | န | ၈၄၃၄၂၀ |
| ကစ | ၁၃၉၃၇၅ | ဇ | ၃၀၉၆၉၄ | ဗ | ၄၉၇၉၄၃ | သ | ၈၄၅၆၆၀ |
| ရှ | ၁၄၄၀၆၃ | ဇ | ၃၁၈၈၆၉ | ခ | ၅၁၆၂၁၃ | ခ | ၈၇၂၅၇၂ |
| ဈ | ၁၇၃၇၇၇ | ကက | ၃၂၈၄၈၈ | ဟ | ၆၃၅၀၇၁ | ဖ | ၉၄၇၃၃၅ |
| ကစ | ၂၀၉၉၉၀ | ကက | ၄၀၂၃၆၃ | ထ | ၆၆၆၁၄၄ | ခ | ၉၈၄၁၁၀ |
| ည | ၂၁၀၄၈၆ | ဖ | ၄၃၃၄၅၁ | ကဆ | ၇၁၆၈၆၆ | | |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၁၀)ဆု ( ၉ ) ဆု

| | | | |
|---|---|---|---|
| လ | ၁၈၇၀၄၈ | န | ၈၂၀၈၃၅ |
| ဖ | ၃၄၉၅၂၃ | သ | ၈၃၁၇၀၂ |
| ဓ | ၄၈၅၂၈၅ | ဠ | ၈၉၂၄၃၅ |
| ခ | ၄၉၈၀၉၃ | ယ | ၉၆၅၉၆၉ |
| စ | ၇၇၉၅၂၃ | | |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ဒ | ၁၁၆၈၆ | အ | ၃၇၉၆၂ | တ | ၇၅၄၉၇ |
| ဈ | ၂၁၈၈၆ | ယ | ၅၁၂၀၃ | ည | ၇၈၄၂၃ |
| ယ | ၂၇၆၄၉ | ဒ | ၅၁၄၄၃ | ခ | ၈၂၁၅၄ |
| ဠ | ၃၃၆၁၇ | ကဂ | ၆၁၈၀၇ | ယ | ၉၆၂၄၄ |
| စ | ၃၃၆၅၇ | လ | ၆၇၃၁၀ | ကက | ၉၉၅၅၄ |
| စ | ၃၅၂၄၃ | မ | ၇၁၅၅၆ | | |

**အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း**

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| င | ၁၂၈၀ | ဈ | ၄၉၆၆ | ဟ | ၈၀၁၆ |
| ကက | ၁၇၅၁ | မ | ၅၃၃၉ | ဘ | ၈၁၄၄ |
| ကက | ၂၅၂၃ | ဟ | ၅၈၄၀ | ကဂ | ၉၉၁၉ |
| ယ | ၂၇၈၆ | ကခ | ၆၁၉၉ | | |
| ယ | ၃၃၂၂ | စ | ၇၄၃၁ | | |
| က | ၄၃၇၁ | ဎ | ၇၅၄၅ | | |

**အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း**

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ဆ | ၁၂၈ | က | ၄၆၀ | အ | ၇၉၁ |
| ခ | ၁၆၂ | ထ | ၄၈၀ | ဌ | ၈၃၉ |
| ဗ | ၁၈၅ | ကဂ | ၅၈၅ | ဒ | ၉၄၉ |
| ထ | ၂၀၂ | ယ | ၆၈၀ | ဘ | ၉၅၈ |
| ကင | ၂၇၁ | ဝ | ၇၇၇ | ကဂ | ၉၉၁ |
| မ | ၄၃၅ | | | | |

**အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း**

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| န | ၁၃ | က | ၂၈ | အ | ၅၆ | ခ | ၉၉ |
| ခ | ၁၉ | ဈ | ၄၇ | ရှ | ၆၀ | | |
| ကဂ | ၂၁ | ကခ | ၄၇ | ဗ | ၉၁ | | |
| ကဂ | ၂၃ | ဆ | ၅၀ | စ | ၉၄ | | |
| ဝ | ၂၈ | ဂ | ၅၅ | ဠ | ၉၆ | | |

**အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း**

# ဘဏ္ဍာသိမ်း ရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သော ဆုမဲများ

## ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး လှစ်ပေးသည့် ကျပ် သိန်း(၂၀၀)ဆု ( ၁ ) ဆု

ဇ - ၆၄၇၀၆၃

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀) ဆုများ

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး လှစ်ပေးသည့် ကျပ် သိန်း(၅၀)ဆု ( ၁ ) ဆု

ကဂ - ၇၄၉၄၅၀

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး လှစ်ပေးသည့် ကျပ် (၁၀)သိန်းဆု ( ၃ ) ဆု

| | | | | | |
|---|---|---|---|---|---|
| ယ | ၂၁၇၂၈၂ | ဈ | ၃၃၅၆၈၅ | ဝ | ၃၉၀၄၃၈ |

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပ | ၃၁၆၂၁၈ | စ | ၄၉၇၅၃၃ | ရ | ၉၄၂၁၁၄ | ကဃ | ၉၉၇၇၆၆ |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| န | ၅၃၇၆၄ | ဘ | ၉၄၅၄၁ |

**အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း**

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ည - ၂၆၅၅
ကဂ - ၄၅၉၁

**အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း**

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

အ - ၄၂၉
ပ - ၇၄၅

**အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း**

၁။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ(၁) ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၁၆)ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ (၁၄၃၉၄၄) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် ကျင်းပမည့် (၁၇) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေထီလက်မှတ်များကို (က)အက္ခရာမှ (ကစ) အက္ခရာထိ ၊အက္ခရာ(၃၉)လုံး ခွဲဝေရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ (၁၆)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၂ . ၆ . ၂၀၂၀) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၁. ၆ . ၂၀၂၀) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့်ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ ၊(၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

## ကြော်ငြာရှင်များသို့ . . .

ယခုကာလအတွင်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်သွင်းလိုပါက ကြော်ငြာရှင်များ အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့အလင်းသတင်းစာတိုက်သို့ လူကိုယ်တိုင်လာရောက်ထည့်သွင်း၍သော်လည်းကောင်း၊ G-mail(သို့မဟုတ်) Viber ဖြင့်ပို့၍သော်လည်းကောင်း ကြော်ငြာထည့်သွင်းနိုင်ပါသည်။

G-mail(သို့မဟုတ်)Viber ဖြင့် ကြော်ငြာထည့်သွင်းလိုပါက mmalygn 544@gmail.com(သို့မဟုတ်)Viber ဖုန်းနံပါတ်– ၀၉–၄၂၀၁၁၄၀၀၅ သို့ အထောက်အထားပြည့်စုံစွာ ပေးပို့ထည့်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်–၀၁–၅၅၉၁၁၈၊ ၀၉–၄၂၀၁၁၄၀၀၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့အလင်းသတင်းစာတိုက်**




**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေ ဖြင့် ဝယ်ယူလိုပါသည် –

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၆၅/မမ (CME /CE) (Kyat) | ဒီဇယ်ဆီ (HSD ) (၆)လစာ (5344900-Gals) အား ဓနိတော၊ တောင်ကြီး၊ စစ်တွေ ၊ ကျောက်တော် ၊ဟသ်ာတ၊ သရက်၊ ပခုက္ကူ၊ ကလေး နှင့် ဥသျှစ်ပင် ဒေသများ အရောက် ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - (၁.၇.၂၀၂၀) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ( ၁.၆.၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

**နန္ဒင်းလုံးဆေးလုံး** ပျို့မေတို့အစဉ်သုံး၊ ဇကမ္ဘာနန္ဒင်းလုံး၊
**သွေးသားသန့်ရှင်းရောဂါကင်းအသားအရေစိုပြေဆေး**
အမှတ် – ၂၈၊ မြောက်ဖက်တန်း(အပေါ်ထပ်)ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့၊ ဖုန်း – ၅၄၉၁၁၆ 1010YR001475 ၁၀/၂၀၁၈ တဆဆလတိုး/(၂၅၉)

**ပိုးသတ်ဆေး ကုန်သွယ်မှုအမည်ပြောင်းလဲကြောင်းကြော်ငြာခြင်း**

TAW WIN DAR CO.,LTD မှတင်သွင်းဖြန့်ချိနေသော အောက်ဖော်ပြပါပိုးသတ်ဆေးများအား ကုန်သွယ်မှုအမည်ပြောင်းလဲသတ်မှတ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

TAW WIN DAR CO.,LTD ဖုန်း–၀၉–၄၄၈၀၂၇၈၅၂

| Sr. | Old Trade Name | New Trade Name | Active Ingredient | Registration Number |
|---|---|---|---|---|
| 1. | Foison Weeder | Le Paung That | Bispyribac–sodium 20% WP | P2019–4733 |
| 2. | Veyong Brothers | Hmo Sone Shin | Azoxystrobin 200g/l+Difenoconazole 125g/l SC | P2019–4695 |

**ပိုးသတ်ဆေး ကုန်သွယ်မှုအမည်ပြောင်းလဲကြောင်းကြော်ငြာခြင်း**

Y AGRO SOLUTION CO.,LTD မှတင်သွင်းဖြန့်ချိနေသော အောက်ဖော်ပြပါပိုးသတ်ဆေးများအား ကုန်သွယ်မှုအမည်ပြောင်းလဲသတ်မှတ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

Y AGRO SOLUTION CO.,LTD ဖုန်း–၀၉–၇၈၇၆၃၀၂၇၂

| Sr. | Old Trade Name | New Trade Name | Active Ingredient | Registration Number |
|---|---|---|---|---|
| 1. | NAB–Friend 80 WP | Than Kon Char | Thiophanate–methyl 50%+Thiram 30% WP | F2019–1939 |
| 2. | NAB–Wonder 10 EC | Van Shay | Quizalofop–P–ethyl 10% EC | P2019–4602 |
| 3. | BNS Quinclo | Kwin Myat Shinn | Quinclorac 25% SC | P–2017–3665 |
| 4. | BNS Fome | Van To | Fomesafen 25% SL | P2017–3643 |
| 5. | BNS Atra 80 | Htoo Shinn | Atrazine 80% WP | P2017–3653 |
| 6. | BNS Ema 5.7 | Darr Sat Kyar | Emamectin Benzoate 5.7% WDG | P2017–3650 |

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကော့မှူးမြို့၊ ပြည်တော်သာရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်စိုးကြည် ၁၂/ကမန(နိုင်)၀၅၄၄၀၆၏ဖခင် ဦးဝမ်ပိ(ခ) ဦးသင်းဖေ ၁၂/ကမန(နိုင်)၀၅၄၄၀၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးလှမြင့် ၁၂/မဂတ(နိုင်)၀၂၃၃၅၈၏သား မောင်နိုင်ကိုကိုမင်း ၁၂/မဂတ(နိုင်)၀၉၆၅၉၇သည် မိသားစုအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီးငင်း၏ဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးလှမြင့်**

**လုံထမ်းလာတာကို မြင်ရသော်လည်း၊ ကံထမ်းလာတာကို မမြင်ရဘူး**
**သင့်ကံကြမ္မာကို ကြိုတင်သိရှိနိုင်ဖို့အတွက် –**
မြန်မာသက္ကရာဇ် – ၁၃၈၂ ခုနှစ်
**ဝင်း ကကီဘို**
**မြန်မာ့ရိုးရာအဋ္ဌဟောကိန်း**
**City Mart, Ocean, Capital, ABC Convenience Store**
ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။
တာနဂ်ီနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ရာဟု၊ ကြာသပတေး၊ သောကြာ၊ စနေ
ထွက်ပြီ
ပင်ရင်းဖြန့်ချိရေး
အမှတ်–၂၈၆(မြေညီထပ်)၊ လမ်း–၄၀(အထက်)၊ ရန်ကုန်မြို့။
ဖုန်း –၀၁၈ ၃၉၁၁၆၉၊ ၀၁ ၇၀၉၀၃၂
၀၉–၄၂၈၆၁၀၄၈၈၊ ၀၉–၅၀၄၄၅၇၉
မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက်
အမှတ်–၂၂၁၊ ၈၄–လမ်းနှင့် ၃၃–လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း –၀၂ ၄၀၃၉၇၁၇၊ ၄၀၆၀၁၃၆

**အများသိစေရန်**

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ မန်အိုင်လမ်း၊ ဓမ္မရိပ်သာလမ်းနေ ဦးရန်ဟော်–ဒေါ်အေးရင် ၁၃/လရန(နိုင်)၀၇၉၃၉၃သည် မေတ္တာအောင် ဆန်ရောင်းဝယ်ရေးနာမည်ကို အသုံးပြုမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးရန်ဟော်–ဒေါ်အေးရင်**
**ဖုန်း–၀၈၂–၂၉၃၀၇၄၅၊ ၀၉–၅၂၆၁၈၈၉၊ ၀၉–၇၉၀၂၀၁၅၃၆**




**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း**

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ်(၁၇/၁)၊ ဦးပိုင်အမှတ်(၁၀၈/၅က)၊ မြေဧရိယာ ၀ ဒသမ ၀၆၉ ဧကရှိ မြေကွက်ကို ဒေါ်စန္ဒာကျော်ထွေးမှ ပိုင်ဆိုင်ခဲ့ပြီး ၄–၆–၂၀၁၂ရက်တွင် မူလပိုင်ရှင်ဒေါ်စန္ဒာကျော်ထွေးထံမှ ဒေါ်သိဂီမောင်က နှစ်ဦးသဘောတူ နေအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်သိဂီမောင် ၁/မကန(နိုင်)၁၀၀၄၃၇ နှင့် ဦးအောင်ဝင်းဇော် ၁/မကန(နိုင်)၀၉၉၅၃၀ တို့မှ ၎င်းတို့၏အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၁၃–၂–၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၁၉၉/၂၀၂၀)ကို ၁၇–၂–၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၅၉/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း**

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ်(၁၇/၁)၊ ဦးပိုင်အမှတ်(၁၁၁/၁၇)၊ မြေဧရိယာ ၀ဒသမ၁၀၇ဧကရှိ မြေကွက်ကို ဦးစောလောရီမှ ပိုင်ဆိုင်ခဲ့ပြီး ၁၈–၁၀–၂၀၀၀ရက်တွင် မူလပိုင်ရှင် ဦးစောလောရီထံမှ ဦးရသနာခရစ္စနာသည် နှစ်ဦးသဘောတူ နေအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးရသနာခရစ္စနာသည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီးဖြစ်သဖြင့် ၎င်း၏ညီကို မောင်နှမ(၇)ဦးထံမှ ၂၆–၁၂–၂၀၁၆ရက်တွင် ဦးကျော်တင့် ၁/မကန(နိုင်)၀၀၈၉၂၁မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်း၏အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက်၍ပိုင်ဆိုင်နေထိုင်လာခဲ့ပြီး ယခုအခါ ဦးကျော်တင့်မှ ၎င်းအမည်ဖြင့် မြေငှားဂရန်အသစ် ရရှိရေးအတွက် ၁၄–၂–၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၂၁၆/၂၀၂၀)ကို ၁၈–၂–၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၆၄/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန်ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

**E-girl Taxi Driver Cover ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်သားနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ ဓမ္မာရုံလမ်းသွယ်၊ အမှတ်(၂၀/၁)နေ ဦးစိုးမင်းဦး (Manager, Minn Myanmar Company)က အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့သည် စီးလုံးငှား(Taxi) ယာဉ်မောင်းများအား မသမာသူများ အန္တရာယ်မှ ကာကွယ်ပေးနိုင်ရန် E-girl အမှတ်တံဆိပ်ဖြင့် Taxi Driver Cover များထုတ်လုပ်၊ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အောက်ဖော်ပြပါ E-girl Driver Cover ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်(၄/၄၅၂၃/ ၂၀၂၀)ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။




သို့ဖြစ်ပါ၍ E-girl အမှတ်တံဆိပ်ဖြင့် Taxi Driver Cover များပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့တစ်ဦးတည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်ရရှိထားသော ဦးစိုးမင်းဦး၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ E-girl Taxi Driver Cover များ၏ နည်းပညာနှင့်ပုံစံဒီဇိုင်းများကိုတုပ၍ ဈေးကွက်အတွင်း တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လူမှုကွန်ရက်စာမျက်နှာများမှ ကြော်ငြာရောင်းချခြင်းများလုံးဝ ပြုလုပ်ခွင့်မပြုပါကြောင်း ကြေညာအပ်ပါသည်။

E-girl ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသော Driver Cover များကိုတုပ၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ လုံးဝမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက အကျိုးစီးပွားထိခိုက်နစ်နာမှုများအတွက် ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ဦးစိုးမင်းဦး ၅/မရန(နိုင်)၁၂၇၂၈၁**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း**

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ်(၃၂)၊ ဦးပိုင်အမှတ် (၁၅၇)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အား ဦးလောင်လန်ခေါင်ဒေါင်အမည်ဖြင့် (၁၀–၂–၂၀၁၅)ရက်ထိ (၁၅)နှစ် မြေငှားဂရန် သက်တမ်းရရှိပိုင်ဆိုင်ခဲ့ပြီး ဦးလောင်လန်ခေါင်ဒေါင်သည် ၁၉–၁၁–၂၀၁၀ ရက်တွင် လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်ခေါင်နော သည် ၁၉–၄–၁၉၉၉ ရက်တွင် ကွယ်လွန်ခဲ့ကြပြီး ၁–၃–၂၀၁၂ ရက်တွင် ၎င်းတို့၏ အမွေဆက်ခံသူသားသမီးများဖြစ်ကြသည့် ဒေါ်ခေါင်ညွယ်၊ ဒေါ်ဒေါင်နော၊ ဒေါ်ဒေါင်နန်း၊ ဒေါ်ဒေါင်နောနှင့် ချွေးမဒေါ်ခေါန်ရှောင်တို့(၅)ဦးထံမှ ဒေါ်ကော့ဖန်က နှစ်ဦးသဘောတူ နေအိမ်ခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ကော့ဖန် ၁/မကန(နိုင်)၀၆၅၇၈၄ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၁၂–၁၂–၂၀၁၉ ရက်စွဲပါ ကျမ်းကတိသစ္စာပြုဆိုလွှာအမှတ် (၉၄၀/၂၀၁၉)ကို ၁၆–၁၂–၂၀၁၉ ရက်စွဲပါ ကျမ်းကတိသစ္စာပြုဆိုလွှာ မှတ်ပုံတင်အမှတ် (၇၆၄/၂၀၁၉)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၀၅၉)၊ မြေဧရိယာ ၀ဒသမ၀၉၆ဧကရှိ မြေဂရန်အမှုတွဲအမှတ် ၈–၅/၂၀၀၇–၂၀၀၈(စီ)အရ ဦးပြုံးချိုအမည်ပေါက် မြေအား ၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မေသက်ဝင်းထံမှ ဦးအဲမေလေး(ခ)မားစီချမ်း(ခ) ကျော်သိန်း ၁၃/လရန(ဧည့်)၀၀၀၃၆၂က မြေကွက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်အမှတ် (၃၄၆၊/၂၀၁၆)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါ၍ မြေငှားဂရန် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

**ဇနီးမယားအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း**

ကချင်ပြည်နယ်၊ ပူတာအိုမြို့၊ ကောင်ကထောင်ရပ်ကွက်(၁)နေ ဦးအောင်သိန်း ၁/ပတအ(နိုင်)၀၂၀၉၅၆၏ဇနီး ဒေါ်ဝင်းဝင်း(ခ)မာမာဝင်း ၁/ပတအ(ဧည့်)၀၀၀၀၅၅ သည် ၂၄–၅–၂၀၂၀ ရက်တွင် မိမိသဘောဆန္ဒအလျောက်နေအိမ်မှ ဆင်းသွားပါသဖြင့် ဇနီးမယားအဖြစ်မှ လုံးဝ(လုံးဝ) မသက်ဆိုင်တော့ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများပြည်သူသိစေရန် အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးအောင်သိန်း**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ နယ်မြေ(၇)၊ အကွက်အမှတ်(အောင်စေတနာတိုးချဲ့)၊ ဦးပိုင် (၄/၁)၊ ဧရိယာ ၀ဒသမ၃၃၄ဧကရှိ မြေအား ဦးနှစ်ဆန်းဦး ၇/ဇကန(နိုင်) ၀၃၀၂၀၈မှ မြို့မြေခွန်ပြေစာ၊ ကျမ်းကျိန်လွှာတို့ဖြင့် ပူးတွဲလျက် မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်(၃၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7E–4128 Nissan Tidda Latio Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းနွယ် ၁၂/ကမတ(နိုင်)၀၁၂၇၅၈ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

# အများသိစေရန် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၁၆၅၊ ၁၆၇)၊ လမ်း၈၀၊ ၂၈X၂၉ လမ်းကြားနေ ဦးစိုင်းကျော်ဝင်း–ဒေါ်ဝင်းမြမြထွန်း **ရွှေအဆင်းအထည်ဆိုင်** လုပ်ငန်းတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးစိုင်းကျော်ဝင်း–ဒေါ်ဝင်းမြမြထွန်းတို့သည် အထက်ပါ **ရွှေအဆင်းအထည်ဆိုင်**ကို တစ်ဦးတည်းမူပိုင် အမည်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်(၂၅၁၅/ ၁၆)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်း **ရွှေအဆင်းအထည်ဆိုင်** အမည်ဖြင့် ၁၉၉၈ခုနှစ်ကတည်းက ပြည်တွင်းပြည်ပအထည်အလိပ်အမျိုးမျိုး၊ နိုင်ငံခြားဇာအမျိုးမျိုး၊ မြန်မာပိုး၊ ပိုးချည်ထည်၊ ရွှေရေးပန်းချီ၊ လက်ထိုး၊ စက်ထိုးအမျိုးမျိုး၊ ပိုးပုဆိုး၊ ပိုးလက်ထိုး၊ ပိုးစက်ထိုးအမျိုးမျိုး၊ ရိုးရာရက်ကန်းထည်၊ အသင့်ချုပ်ပြီး အင်္ကျီ၊ ပုဆိုးအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးရောင်းချခဲ့ပါသည်။

ထိုသို့ **ရွှေအဆင်းအထည်ဆိုင်** အမည်ဖြင့် ရောင်းချရာတွင် အမှတ်(၁၆၅၊ ၁၆၇)၊ လမ်း ၈၀၊ ၂၈X၂၉ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တွင်သာ ဆိုင်ဖွင့်လှစ်ရောင်းချခဲ့ရာ တစ်ခဲနက် ဝယ်ယူအားပေးမှု ရရှိခဲ့ပါသည်။

ယခုအခါ ကျွန်ုပ်မိတ်ဆွေများ၏ လုပ်ငန်းအောင်မြင်ကျော်ကြားမှုအား အကျိုးဖျက်ဆီးစေလိုသောသဘောဖြင့် **ရွှေအဆင်း** အမည်ဖြင့် ဆိုင်ဖွင့်လှစ်၍ ရောင်းချခြင်း၊ Online Page ဖွင့်လှစ်ပြီး Live လွှင့်ရောင်းချခြင်းများရှိနေသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းကျော်ဝင်း–ဒေါ်ဝင်းမြမြထွန်းတို့တွင် လုပ်ငန်းအမည် ဂုဏ်သတင်း၊ ပျက်ယွင်းနစ်နာစေရခြင်းများ ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးစိုင်းကျော်ဝင်း–ဒေါ်ဝင်းမြမြထွန်းတို့ မူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် **ရွှေအဆင်းအထည်ဆိုင်** လုပ်ငန်း အမည်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်လိမ်လည်ရောင်းချနေခြင်းကို မပြုလုပ်ရန်၊ ပြုလုပ်ရောင်းချနေမှုကိုလည်း ဖျက်သိမ်းပေးရန်နှင့် ပြုလုပ်ရောင်းချခြင်းကို ထပ်မံတွေ့ရှိပါက ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းကျော်ဝင်း–ဒေါ်ဝင်းမြမြထွန်းတို့၏ **ရွှေအဆင်းအထည်ဆိုင်**လုပ်ငန်း၏ အကျိုးစီးပွားများနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှု အရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြအိစိုး LL.B, DBL**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၀၈၈)**
**ထုံးဘိုကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း–၀၉–၂၀၅၈၇၃၀**

# အများသိစေရန်ကြေညာခြင်း

၁။ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၉ လမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့် (w–5/62)၌ နေထိုင်သူ ဒေါ်ရွှေလီမော် (မန်နေဂျင်းဒါရိုက်တာ၊ အဲယ်လ်ဒီလပ်ကီးဒေးကုမ္ပဏီလီမိတက်)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၂။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေလီမော်သည် အဲယ်လ်ဒီလပ်ကီးဒေးကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာတစ်ဦးအနေဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသူ တစ်ဦးဖြစ်ပါသည်။

၃။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေလီမော်သည် ဒေါ်မိမိခိုင် ၉/မရမ(နိုင်)၀၈၅၉၃၆နှင့် မည်သည့်အချိန်ကမှ လူမှုရေးအနေဖြင့်လည်းကောင်း၊ လုပ်ငန်းအကျိုးစီးပွားအနေဖြင့် လည်းကောင်း၊ တစ်စုံတစ်ရာပတ်သက်ခြင်း၊ ဆက်ဆံခဲ့ခြင်း၊ အကျိုးစီးပွားလုပ်ငန်းသဘော ယှက်နွှယ်ခြင်း စသည့်အားဖြင့် လုံး၀(လုံး၀)မရှိပါ။

၄။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေလီမော်နှင့် မည်သည့်လုပ်ငန်းအကျိုးစီးပွားတစ်စုံတစ်ရာမှ ပတ်သက်ယှက်နွှယ်ခြင်းမရှိသူ ဒေါ်မိမိခိုင်နှင့် ပတ်သက်ပြီး ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ရွှေလီမော် အပေါ်သို့ စွပ်စွဲပြောဆိုပုတ်ခတ်မှုများကို ဒေါ်ရွှေလီမော်အနေဖြင့် လုံး၀(လုံး၀) သည်းခံခွင့်လွှတ်ခြင်း ပြုမည်မဟုတ်ပါ။

၅။ သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေလီမော်နှင့် မည်သည့်လုပ်ငန်း အကျိုးစီးပွား တစ်စုံတစ်ရာနှင့်မှ ပတ်သက်ခြင်းမရှိသူ ဒေါ်မိမိခိုင်နှင့် ပတ်သက်၍လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေလီမော်၏ ဂုဏ်သရေကို ထိခိုက်နစ်နာစေမည့် အရေးအသား၊ အပြောအဆိုများနှင့် ပတ်သက်၍လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ၏ ကိုယ်စိတ်နှစ်ပါးတို့ကိုပြင်းပြင်းအောင်ပြုလုပ်ပြောဆိုမည့် မဟုတ်မမှန်သောစကားလုံးများ၊ စာသားများဖြင့် ထုတ်ဖော်တိုက်ခိုက်နေမှုများအားလည်းကောင်း လုံး၀(လုံး၀) သည်းခံခွင့်လွှတ်ခြင်းမရှိဘဲ အဆိုပါပြုမူပြောဆိုခြင်းများအတွက် တည်ဆဲဥပဒေတို့အရ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ–**
**ဒေါ်ရွှေလီမော်**
**၉/ခအဇ(နိုင်)၀၄၈၁၂၃**

**လွှဲအပ်ချက်အရ–**
**ဦးငွေဦးလင်း (ဥပဒေတွဲ့)**
**(စဉ်–၁၂၄၂၆) တရားလွှတ်တော်ရှေ့နေ**
**ဖုန်း–၀၉–၉၆၈၁၈၉၇၆၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## မော်လမြိုင်ခရိုင်တရားရုံးတော်
## ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်–၂၄၆

ဦးအောင်မျိုးဦး နှင့် ၁။ ဦးအုန်းဖေ
၂။ ဒေါ်နု

တရားလို တရားပြိုင်များ

မော်လမြိုင်မြို့၊ ဈေးကြိုရပ်၊ ကျောင်းသစ်လမ်းကြားနေ တရားပြိုင်ဦးအုန်းဖေနှင့် ဒေါ်နု (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့ပေါ်၌ တရားလို ဦးအောင်မျိုးဦးက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇွန် ၁၅ရက် (၁၃၈၂ခုနှစ် နယုန်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မေ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောမြတ်နွယ်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မော်လမြိုင်ခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့၊ အမှတ်(၃) ရပ်ကွက်နေ မချစ်ဖူးဝေ၏ မိခင် ဒေါ်ဇင်ပွင့်ဖြူနှင့် ဒေါ်ကြူကြူဌေး ၅/ကဘလ(နိုင်) ၂၃၈၂၃၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ဇင်ပွင့်ဖြူ(ခ)ဒေါ်ကြူကြူဌေး**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ်၊ ညောင်ကုန်းကျေးရွာ၊ အထက(ခွဲ)၊ စတုတ္ထတန်းမှ မရွှေနိုင်နိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ ဦးတင်နိုင်ထွန်း ၅/စကန(နိုင်)၁၇၈၇၀၃ ဖြစ်ပါကြောင်း။ **ဦးတင်နိုင်ထွန်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ ညံတော (၁၃)လမ်း၊ အိမ်အမှတ် ( F/4)နေ ဒေါ်ခင်မာစိုး ၉/မမန(နိုင်)၀၂၈၄၅၃၏သားဖြစ်သူ မောင်ကျော်ကျော်စိုး (ခ)ဟူစိန်ဘိုင် ၉/ပဥလ(နိုင်)၀၀၆၀၈၁ သည် မိခင်နှင့် မိသားစုအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိဘခွင့်မလွှတ်နိုင်သည့် ကိစ္စများ ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ ရာသက်ပန် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် မောင်ကျော်ကျော်စိုး(ခ)ဟူစိန်ဘိုင်နှင့် ပတ်သက်သမျှ ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်ခင်မာစိုး ၉/မမန(နိုင်)၀၂၈၄၅၃**
**အိမ်အမှတ် (F–4)၊ ညံတော (၁၃)လမ်း ၊**
**ရပ်ကွက်ကြီး (၂)၊ ပြင်ဦးလွင်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ကိုမျိုးသူ၁၂/ဥကတ(နိုင်)၁၆၃၀၈၆၏၏ ဝီးတက် (AA–7293)ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၅၀၅၅၈၀၄**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာခတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန် အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင် လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက် စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅–၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန် ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးသိန်းဝင်း–ဒေါ်ဘေဘီစိုးတို့၏သား မောင်အောင်ဇော်မိုး ၁၂/လမန(နိုင်)၁၃၆၄၄၉သည် မိဘစိတ်ဆင်းရဲအောင် စိတ်ပင်ပန်းအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို (လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင် –ဦးသိန်းဝင်း**
**မိခင်–ဒေါ်ဘေဘီစိုး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ် (RA–IV/ကွက်ပြင်–၄)၊ ဦးပိုင်အမှတ် (၃၅–ဇ)၊ မြေယာအမှတ် (223–D)၊ မြေဧရိယာ ၀ ဒသမ ၆၂ ဧကရှိ ဂရန်မြေကွက်အား ဦးတင်ဝင်း အမည်ဖြင့်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်တွင် အဆောက်အအုံ ဆောက်လုပ်ခြင်း ဆောင်ရွက်နိုင်ရေး ဦးတင်ဝင်း ၅/မရန(နိုင်)၀၁၀၃၀၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးရုံးသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကြော်ငြာပါသည့်ရက်မှစ၍ ၃၀ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်ဝင်း ၅/မရန(နိုင်)၀၁၀၃၀၃**
**အိမ်အမှတ် (၈–ခ/၃)၊ နန္ဒာလမ်း၊**
**ရပ်ကွက်ကြီး (၆)၊ ပြင်ဦးလွင်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ၊ မီးခွက်ဈေး၊ အိမ်အမှတ်၁၆ (ခ) ဗိုလ်အောင်ကျော်လမ်းနေ ဦးသိန်းဝင်း ၉/ညဥန(နိုင်)၀၀၁၆၅၄– ဒေါ်တင်နွဲ့ ၉/ညဥန(နိုင်) ၀၀၅၁၂၀ တို့၏သား ကိုအောင်ဆွေမြင့် (ခ) အောင်ကိုဝင်း ၁၂/လသယ(နိုင်)၀၃၅၈၉၅သည် မိဘများ၊ ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၁–၆–၂၀၂၀ ရက်မှစ၍ သားအဖြစ်၊ ညီအစ်ကိုမောင်နှမအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသိန်းဝင်း–ဒေါ်တင်နွဲ့**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပခုက္ကူမြို့၊ အမှတ် (၄) ရပ်ကွက်၊ နေသူရိန်လမ်းနေ ဦးလှထွန်းမောင် ၈/ပခက(နိုင်)၁၀၄၉၇၅–ဒေါ်သန်းသန်းနွယ် ၈/ပခက(နိုင်)၀၀၈၃၇၈တို့၏သမီး မဇွန်နွယ်ထွန်း ၈/ပခက(နိုင်)၁၉၇၁၁၈ သည်မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒသဘောဖြင့် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**မိဘများ–**
**ဦးလှထွန်းမောင်–ဒေါ်သန်းသန်းနွယ်**
**ပခုက္ကူမြို့**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်(ဃ/ရပ်ကွက်၊ ဝေပုလ္လ(၆)လမ်း၊ အမှတ်(၂၅၁)နေ ဦးထွန်းကြိုင် ၁၂/ဥကမ(နိုင်)၁၀၆၆၉၈–ဒေါ်ကျင်မြင့် ၁၂/ဥကမ(နိုင်) ၁၀၆၄၀၅ကိုင်ဆောင်တို့၏သမီး ဒေါ်လှလှမြင့်(ခ)မိုးမိုး ၁၂/ဥကမ(နိုင်)၁၀၆၄၀၆ သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံခြင်း၊ မိဘနှင့် မိသားစုဝင်များကို စိတ်ဆင်းရဲအောင်နှင့် ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ခဲ့ခြင်းတို့ကြောင့် ယနေ့ ၂–၆–၂၀၂၀ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စတစ်စုံတစ်ရာကိုမျှ တာဝန်ယူမည်မဟုတ်သဖြင့် မိဘများနေအိမ်သို့ ဒေါ်လှလှမြင့်(ခ)မိုးမိုးနှင့် ပတ်သက်၍ လာရောက် မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

**ဦးထွန်းကြိုင်–ဒေါ်ကျင်မြင့်**

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့**

# ဦးကျော်ဝင်း
## ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)လ.ဝ.က
## အသက်(၆၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဈေးလမ်း၊ ဈေးရပ်ကွက်နေ ''မေသန်းဆေးလိပ်ခုံပိုင်ရှင်''(ဦးချစ်ဆွေ-ဒေါ်တုတ်)တို့၏သား၊ ဒေါ်မြတ်မွန်(လ.ဝ.ကမှူး၊ မအူပင်ခရိုင်ရုံး)၏ခင်ပွန်း၊ မမေဇင်သက်၊ မအိစုလတ်ကျော်၊ မသက်ပွင့်ကျော်၊ မသက်ဖူးကျော်၊ မောင်ကောင်းမြတ်သူ၊ မယွန်းမြတ်သဇင်တို့၏ဖခင်၊ မောင်ဆက်၊ မောင်လင်းမြတ်ဟိန်းတို့၏ အဘိုးသည် ၁-၆-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၄၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးစောခိုင်
## ညွှန်ကြားရေးမှူး(ပညာ)အဆင့်မြင့်ပညာဦးစီးဌာန
## အသက်(၅၄)နှစ်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)တွင် တာဝန်ထမ်းဆောင်နေသော (ဦးစောခိုင် ညွှန်ကြားရေးမှူး (ပညာ)သည် ၃၁-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**
**ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ**
**ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ**
**မိသားစုများ**

# သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော် ဆိုင်ကယ် စီးနင်းသူ များသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုး တပ်၍ စီးနင်းကြရန် နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ် ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးစောခိုင်
## ညွှန်ကြားရေးမှူး(ပညာ)
## အသက်(၅၄)နှစ်

အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစောခိုင်သည် ၃၁-၅-၂၀၂၀ရက် နံနက် ၃:၂၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အဆင့်မြင့်ပညာ ဦးစီးဌာနမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးရဲသောင်း
## အသက်(၈၁)နှစ်

ကုသရေးဦးစီးဌာန၊ ဆေးနှင့်ဆေးပစ္စည်းဝယ်ယူ/ဖြန့်ဖြူးရေးဌာနခွဲမှ ဒေါက်တာဝင်းနိုင် (ဒုတိယညွှန်ကြားရေးမှူးချုပ်)၏ဖခင် ဦးရဲသောင်းသည် ၁၀-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ကုသရေးဦးစီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးသိန်းဝင်း(ဆောက်လုပ်ရေး)
## ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
## အသက်(၆၀)

ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာ၊ ဓမ္မဝိသုခကျောင်းတိုက် (စိန်ဗိမ္မာန်)နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကတိုးကုန်းကျေးရွာ၊ မြောင်မြို့နေ (ဦးပေါ်ညွန့်-ဒေါ်အေးကြင်)တို့၏သား၊ ဦးမြင့်သိန်း-ဒေါ်လှလှ၊ ဦးဝင်းထိန်-ဒေါ်တင်တင်လှိုင်၊ ဒေါ်စမ်းမြင့်၊ ဒေါ်ရွှေအိတို့၏ ညီ/မောင်၊ ဦးခင်မောင်ရီ-ဒေါ်မြသီတို့၏အစ်ကို၊ ဒေါ်နန်းစိန်နု၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဉာဏ်လင်းထွန်း-မယဉ်မင်းသွင်တို့၏ ဖခင်၊ မောင်ဘုန်းသက်တည်၏ဘိုးဘိုးကြီးသည် ၃၁-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁:၃၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်း ရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်း များတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်လတ်
## အသက်(၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲမြို့၊ သန္တေပင်ရပ်နေ ဦးချစ်ခင်-ဒေါ်မြကြူတို့၏သမီး၊ ဒေါက်တာသီရိ ပါလ (ဝဋ္ဋကြွေးတော်ပြေဆရာတော်)၏မယ်တော်ကြီး၊ ဒေါ်ခင်မာလာ၊ဦးမြသွင်၊ ဒေါ်ခင်သီတာ၊ ကိုစိုးမင်းအောင်တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား၊ (ဦးပန်းကြိုင်)၏ ဇနီးသည် ၃၁-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့)ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၂၀ရက် မွန်းလွဲ ၁:၃၀နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၂၀ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ ဝဋ္ဋကြွေးတော်ပြေသာသနာ့နယ်မြေအတွင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါက်တာ အေးအေးသန်း(ခ)ဒေါ်စီစီ
## M.B.,B.S(Rgn)
## အသက်(၇၅)နှစ်

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ ကျိုက်ဖနဲဘုရားလမ်း၊ အမှတ် (၃၂-အေ)နေ (ဦးဝမ်းကြည်-ဒေါ်သန်းတင်)တို့၏သမီး၊ (ဦးကြည်လွင်)၊ ဦးယုကြည်(ဌာနမှူး-သင်တန်းရေးရာ၊ ငြိမ်း၊ မော်လမြိုင် တက္ကသိုလ်)တို့၏ညီမ၊ (ဦးကင်ကြည်)၊(ဦးတင်ကြည်၊ ထွေ/အုပ်-ငြိမ်း)၊ဗိုလ် ကြီးတင်ရီ(ငြိမ်း)၊ဒေါ်ခင်ခင်သန်း(အလပြ၊ငြိမ်း၊ အထက-၁၀၊ မော်လမြိုင်)၊ ဒေါ်လှလှသန်း (အလပြ၊ ငြိမ်း၊ အထက-၁၀၊မော်လမြိုင်)တို့၏ အစ်မသည် ၃၁-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့)ည ၉:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ပိန္နဲကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးဝင်းမောင်
## အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာဝင်းနေ ဦးချစ်အောင်တို့၏သား၊ ဒေါ်နွယ်နွယ်၏ခင်ပွန်း၊ မောင်ဇေယျာလင်း-မအိစန္ဒာရွှေ၊ ဗိုလ်မှူးဇော်ဇော်အောင်-မတင်နွယ်နီဝင်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၉-၅-၂၀၂၀ ရက် ည ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၁၀:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးရဲသောင်း
## အသက်(၈၁)နှစ်

ကုသရေးဦးစီးဌာန၊ ဆေးနှင့်ဆေးပစ္စည်းဝယ်ယူ/ဖြန့်ဖြူးရေးဌာနခွဲမှ ဒေါက်တာဝင်းနိုင် (ဒုတိယညွှန်ကြားရေးမှူးချုပ်)၏ ဖခင် ဦးရဲသောင်းသည် ၁၀-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ချိုဝါ
## အသက်(၈၀)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ ဗဟိုလမ်း၊ အမှတ်(၁၆)နေ ဦးလွင်မောင်မောင်၏မိခင် ဒေါ်ချိုဝါအသက်(၈၀)သည် ၂၉-၅-၂၀၂၀ ရက် (သောကြာနေ့) နံနက် ၀၈:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စည်သူ(၉၉)ကျောင်းဆင်းသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါက်တာစိုးသန့်နိုင်
## အသက်(၇၂)နှစ်

ကင်ဆာရောဂါဆေးပညာဌာန၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးမှ ကင်ဆာရောဂါအထူးကုဆရာဝန် ဒေါက်တာနေမျိုးသန့်၏ ချစ်လှစွာသောဖခင် ဒေါက်တာစိုးသန့်နိုင်သည် ၂၉-၅-၂၀၂၀ ရက် (သောကြာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**Myanmar Oncology Society**
**ဥက္ကဋ္ဌနှင့် အဖွဲ့သားများ**

# ဝမ်းနည်းကြေကွဲခြင်း

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့ဝင် မန်ကျီးချို-ထောက်ကြန့်ကုန်း လူငယ်ညီညွတ်ရေးအဖွဲ့(ရန်ကုန်)ဥက္ကဋ္ဌ ဦးကံအေး အသက်(၅၇)နှစ် (မန်ကျီးချို-နတ်မောက်) သည် ၃၀-၅-၂၀၂၀ရက် နံနက် ၁၁နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မန်ကျီးချို-ထောက်ကြန့်ကုန်း**
**လူငယ်ညီညွတ်ရေးအဖွဲ့(ရန်ကုန်)**

## ရဟန်း၊ ကျောင်းဒါယိကာမကြီး
# ဒေါ်ကြင်လွှမ်း(တံခွန်တိုင်)
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၁၂)လမ်း(အရှေ့)၊ အမှတ်(၁၄၄၆)နေ (ဦးမြတ်ဇင်)၏ဇနီး၊ ဦးထင်အောင်ချို-ဒေါ်စန်းစန်းဝင်း၊ ဦးဇော်ဝင်း-ဒေါ်အေးအေးမိုး၊ ဦးမျိုးတင့်အောင်-ဒေါ်ဝါဝါဘိုတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား သည် ၁-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကျီ စုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# အထူးဝမ်းနည်းကြေကွဲခြင်း

M.V SD GLORIA သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်နေသော ကျော်ထင်(ခ)သစ္စာ (Chief Officer)၏ ဖခင် ဗိုလ်မှူးခင်မောင်နွယ်(ငြိမ်း) လေ/၁၄၅၈၊ D.S.A( 8 Intake) အသက်(၇၉) နှစ်သည် ၂၇-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆:၁၀ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၌ ကွယ်လွန်သွားကြောင်းကြားသိရသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**M.V SD GLORIA မိသားစုများ**

# ဦးသန်းဆွေ
## အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ (၁၂)ရပ်ကွက်၊ အောင်ရာဇာ (ပတ်လမ်း)၊ အမှတ်(၁၁၁)နေ (ဦးဘရင်- ဒေါ်မြရင်)တို့၏သား၊ ဒေါ်ခင်အုန်းမြင့်၏ ခင်ပွန်း၊ (ဦးရဲဆွေ)၏အစ်ကို၊ မအေသီလီထက်၏ဖခင်သည် ၁-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် အထက်ပါ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ ဒေါ်ခင်အုန်းမြင့်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်အေးအေးကြည်
## အငြိမ်းစားဆရာမ
## အမက(၂၁)တာမွေ၊ အလက(၁၁)တာမွေ
## အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်း၊ အမှတ် ၃၃၇ (ခ)နေ ဦးဝီစင်း-ဒေါ်ကြည် တို့၏သမီး၊ ဦးအောင်လင်း -ဒေါ်အေးအေးဌေး၊ ဒေါ်ခင်စမ်းမော်(လ/ထညွှန်မှူး၊ အမျိုးသားလွှတ်တော်၊ နေပြည်တော်)၊ ဦးဇော်နိုင်ထွန်း-ဒေါ်သင်းသင်းခိုင်(ခင်မောင်ညွန့် ထရေးဒင်းကုမ္ပဏီလီမိတက်)၊ ဦးကျော်သီဟ-ဒေါ်ခင်မြတ်သူ (ခင်မောင်ညွန့် ထရေးဒင်းကုမ္ပဏီလီမိတက်)၊ ဦးထွန်းနေလင်း-ဒေါ်နုနုလွင်(Shwe Takhon Auto Services)တို့၏ အစ်မ၊ တူ၊တူမ သုံးယောက်တို့၏ကြီးတော်သည် ၁-၆-၂၀၂၀ရက်နံနက် ၃:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးကံအေး
## အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၄၂၀၊ က+ခ)နေ ဦးပြေအေး-ဒေါ်အေးချစ်တို့၏သား၊ (ဦးသိန်းအောင်-ဒေါ်စန်းခင်)တို့၏သား/သမက်၊ ဦးစိုးဝင်း-ဒေါ်လှဝင်းကြည်တို့၏ညီ/မောင်၊ ဦးခင်အောင်-ဒေါ်သိန်းထီ၊ ဦးမြင့် လွင်-ဒေါ်စန်းစန်းဌေး၊ ဦးဟန်ထွန်း-ဒေါ်ခင်မျိုးမျိုးထွန်းတို့၏အစ်ကို၊ ဦးစောထွန်းဦး-ဒေါ်တင်ဝင်းကြည်၊ ဦးကျော်သူ-ဒေါ်ခင်ဌေးကြည်၊ ဦးထွန်းဆန်း-ဒေါ်စိန်ကြည်၊ ကိုကံထွန်း-ဒေါ်ထွားစိန်၊ ဦးတင်ထွန်း-ဒေါ်စန်းဌေးကြည်၊ (ဦးဝင်းညွန့်)-ဒေါ်စန်းစန်းကြည်တို့၏အစ်ကို၊ ကိုကျော်မိုးထွန်း-မစိုးစိုးဦး၊ ဦးသက်ပိုင်ထွန်း-ဒေါ်နေခြည်လင်း၊ မောင်လင်းလင်းထွန်းတို့၏ဖခင်၊ ဒေါ်သိန်းအေး၏ချစ်လှစွာသောခင်ပွန်းသည် ၃၀-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဝမ်းနည်းကြေကွဲခြင်း

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကံအေး အသက်(၅၇)နှစ် (မန်ကျီးချို-နတ်မောက်)သည် ၃၀-၅-၂၀၂၀ရက် နံနက် ၁၁ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့**
**နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် ဇွန် ၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၇ အရ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအား တာဝန်မှ ရပ်သိမ်းရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ထန်းတပင် မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်းက အဆိုလွှာ အပိုဒ် ၂ အပိုဒ်ခွဲ (၈) အပိုဒ်ခွဲငယ် (၁) တွင် ဖော်ပြပါ အရေးကြီးအဆိုသည် လွှတ်တော်အစီအစဉ်များ အရ ဦးသိန်းထွန်းနှင့် ဒေါက်တာ မောင်သင်းတို့ တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး မူကြမ်းများကို လက်ခံဆွေးနွေးရန် တိုက်တွန်းကြောင်း အဆိုဖြစ်သည်ဟု

*စာမျက်နှာ ၆ ကော်လံ ၁* ✻




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။ သတင်းစဉ်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး




အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

နေပြည်တော် ဇွန် ၁

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ လာမည့် ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်နှင့် အဆင်ပြေသက်သာစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်အောင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်ပြည်သူများ ရွေးကောက်ပွဲအပေါ်တွင် စိတ်ဝင်စားမှု မြင့်မားလာစေရန်အတွက် မဲဆန္ဒရှင် အသိပညာပေးခြင်းလုပ်ငန်းများကို စီမံချက်ချ၍ ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ ဌာနများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင် အရေအတွက်အပေါ် မူတည်၍ မဲရုံများ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခြင်း၊ မသန်စွမ်းမဲဆန္ဒရှင်များ လွယ်ကူစွာ မဲပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိခြင်း၊ နယ်မြေဒေသအလိုက် အခြေအနေအပေါ် မူတည်၍ မဲဆန္ဒရှင်ပြည်သူများ သွားလာရေးလွယ်ကူစေရန် မဲရုံများတိုးချဲ့ဖွင့်လှစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်အားလုံး အဆင်ပြေသက်သာစွာ ပါဝင်မဲပေးနိုင်ရေး စီမံဆောင်ရွက်ထားပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်သည့်အလေ့အထများ ထွန်းကားရေး မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာန အနေဖြင့်

*စာမျက်နှာ ၇ ကော်လံ ၁* ❍

## ကပ်ရောဂါကျရောက်ခဲ့ပြီးနောက် ပြည်ပလုပ်သားများအပေါ် မှီခိုအားထားမှုကို လျှော့ချရန် စင်ကာပူပြင်ဆင်

စာ ၁၂

## အပူပိုင်းမုန်တိုင်း အမန်ဒါ အယ်ဆာဗေဒိုနိုင်ငံနှင့် ဂွါတီမာလာနိုင်ငံတို့သို့ ဝင်ရောက်တိုက်ခတ်

စာ ၁၃

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁-၆-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီ

စာ ၁၅

## COVID-19 ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေး၊ တုံ့ပြန်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရသဖြင့် လုပ်ငန်းထိခိုက်မှုရှိခဲ့သော MSMEs လုပ်ငန်းများသို့ အသိပေးကြေညာချက်

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဂျပန်နိုင်ငံမှ ရရှိသော ချေးငွေဖြင့် JICA SME Two Step Loan စီမံကိန်းကို ၂၀၁၅ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ချေးငွေစီမံကိန်းအဆင့် (၁) သည် ပြီးမြောက်ခဲ့ပြီဖြစ်ပြီး ချေးငွေစီမံကိန်းအဆင့် (၂) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ ချေးငွေစီမံကိန်း အဆင့် (၂) တွင် ထုတ်ချေးရန်ကျန်သော ပမာဏမှာ ကျပ် (၆၄) ဘီလီယံခန့် ရှိပါသည်။

၂။ အဆိုပါ ကျပ် (၆၄) ဘီလီယံခန့်ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် JICA တို့ ညှိနှိုင်း၍ COVID–19 ကပ်ရောဂါကြောင့် လုပ်ငန်းထိခိုက်မှုရှိခဲ့သည့် MSMEs လုပ်ငန်းများအပေါ်တွင် အပေါင်ပစ္စည်းပေးအပ်နိုင်မှုပေါ်မူတည်၍ တစ်နှစ်လျှင် အတိုးနှုန်း ၅.၅% မှ ၁၀% အတွင်းရှိသော ချေးငွေများကို ထုတ်ချေးမည်ဖြစ်ပါသည်။ ချေးငွေသက်တမ်းမှာ (၃) နှစ်မှ (၅) နှစ်အထိ ဖြစ်ပါသည်။ ချေးငွေသက်တမ်း (၃) နှစ်အောက်ချေးငွေတွင် ဆိုင်းငံ့ကာလ (၆) လ၊ ချေးငွေသက်တမ်း (၃) နှစ်မှ (၅) နှစ် အထိချေးငွေတွင် ဆိုင်းငံ့ကာလ (၁)နှစ် ရရှိနိုင်ပါသည်။ လုပ်ငန်းတစ်ခုလျှင် ချေးငွေအများဆုံး ကျပ်သန်း (၃၀၀) အထိ ရရှိနိုင်ပါသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❖